# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၅ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ် (၃၂၇)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည့် တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့ ပါဝင်တက်ရောက် မြန်မာနိုင်ငံက လာအိုနိုင်ငံထံမှ ပူးတွဲဥက္ကဋ္ဌတာဝန် လွှဲပြောင်းရယူ




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တတိယအကြိမ် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် ဩဂုတ် ၂၄


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက် ၈ နာရီတွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် တတိယအကြိမ် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်မှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ် နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဟွန်ဆင်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု တို့လည်း တက်ရောက်ခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

### မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစုနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစု တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ တရားဝင်ခရီးရောက်ရှိနေသည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစု နှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်သည်။

နှစ်နိုင်ငံတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိယို မာရုယာမနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု

*စာမျက်နှာ ၆ ကော်လံ ၁* ❍

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း**

စာမျက်နှာ – ၄၊၅




မြန်မာ့အလင်း

# ပညာဉာဏ် သတိတရားနှင့် ကပ်ရောဂါဘေး ကင်းဝေးရေး

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကိုဗစ်ရောဂါပြန့်ပွားမှုများ ရှိနေပြီဖြစ်သည့်အတွက် စစ်တွေမှ ပြည်သူများ ရခိုင်ပြည်နယ်ပြင်ပသို့ မထွက်ရန် စည်းကမ်းများ သတ်မှတ်ထားပါသည်။ ဒေသတစ်ခုလုံးနှင့် အခြားသော နေရာများကိုပါ ကာကွယ်ရန်အတွက် ရည်ရွယ်ကန့်သတ်ရခြင်းဖြစ်ပါ၏။

ထိုသို့ ရောဂါပိုးပြန့်ပွားမှု ထင်ထင်ရှားရှားရှိနေသည့် စစ်တွေနှင့် သက်ဆိုင်ရာဒေသများကို အထူးကျန်းမာရေးစောင့်ရှောက်မှု အစီအမံများဖြင့် ပြင်ဆင်ကာကွယ်နေခြင်းဖြစ်ပါသည်။ စစ်တွေမြို့က ပြည်သူများနှင့်တကွ ရောဂါပိုးကူးစက်နိုင်သည်ဟု ခန့်မှန်းရသည့် အခြားသောမြို့နယ်များက ပြည်သူတို့ကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးမည်၊ လိုအပ်သလို ကုသပေးနိုင်ရန်လည်း စီစဉ်ထားပြီး ဖြစ်သည်ဟု သိရပါသည်။

မြန်မာနိုင်ငံတွင်း ကိုဗစ်ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးသည် စစ်တွေမြို့နယ် သို့မဟုတ် ရခိုင်ပြည်နယ် တစ်ခုတည်း၏ ပြဿနာမဟုတ်ဘဲ တစ်နိုင်ငံလုံးနှင့်ဆိုင်သည့် လုပ်ငန်းရပ် ဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းလုံးရှိ လူအားလုံးကို ထိခိုက်နစ်နာစေမည့် ရောဂါဖြစ်လေရာသည် ရောဂါပိုးပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးသည် အမျိုးသားရေးလုပ်ငန်းတစ်ရပ်ပင် ဖြစ်ပါသည်။

ကိုဗစ်ဗိုင်းရပ်စ်ရောဂါပိုးသည် လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ၊ ယောကျ်ားမိန်းမ၊ ကလေးလူကြီး မခွဲခြား။ မည်သူ့ကိုမဆို ဝင်ရောက်နိုင်သည့် ရောဂါပိုးဖြစ်ကာ မည်သူ့ထံ၌ ရောဂါပိုးရှိနေသည်ဆိုခြင်းကို ဓာတ်ခွဲမစစ်ဆေးဘဲ တပ်အပ်မပြောနိုင်ပါ။ ထို့ကြောင့် နေထိုင်မှု ပုံစံပေါ်တည်၍ မိမိတို့ထံသို့ ရောဂါပိုးက အချိန်မရွေး ဝင်ရောက်လာနိုင်သည်ဟု သတိပြုကြရန် လိုပါသည်။ အစိုးရိမ်လွန်၊ အကြောက်လွန်ရန်မဟုတ်ဘဲ ပိုသည်မရှိ၊ လွန်ကဲသည်ဟုမရှိသော သတိတရားကို လက်ကိုင်ထားကာ နေထိုင်ကြရန်သာ ဖြစ်ပါသည်။

ဒေသတွင်း၌ ရောဂါပိုးပျံ့နှံ့နေသည်ဟူ၍ သိရသည့်အခါ ဒေသနေပြည်သူတို့သည် အခြားဒေသသို့ ကူးကြ၊ ရွှေ့ပြောင်းကြလိုသည်မှာ လူ့သဘာဝပဲဖြစ်ပါသည်။ သို့သော်လည်း လက်တွေ့ဘဝတွင် ထိုသို့ပြောင်းရွှေ့ကြ၊ ကူးလူးကြခြင်းက ပိုမိုဆိုးရွားသည့် အခြေအနေများကို ဖြစ်ပေါ်စေနိုင်သည်ဆိုခြင်းကို နားလည်ကြရန် လိုအပ်ပါသည်။

ထို့ပြင်၊ နေ့စဉ်ထုတ်ပြန်နေသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြေညာချက်များအရဆိုလျှင်၊ ရောဂါပိုးကူးစက်ထားသူများကို ကုသပျောက်ကင်းနေသည်ကို ထောက်ချင့်ခြင်းအားဖြင့် ရောဂါပိုးရှိမှန်းသိလျှင် စောစောကုသခြင်းသည် ရောဂါပျောက်ကင်းရေးအတွက် ပိုမိုစိတ်ချရသည်ကို တွေ့ရပါမည်။ ထို့ကြောင့် လက်ငင်းအခြေအနေအရ၊ ပြန့်ပွားမှုများဖြစ်ပေါ်နေသည့်ဒေသနှင့် ပြန့်ပွားရန်အခွင့်အလမ်းရှိနေသည့် ဒေသများတွင် နေထိုင်သူများကို ဦးစားပေး ဓာတ်ခွဲစစ်ဆေးခြင်းဖြင့် ပြန့်ပွားမှုအရှိန်ကို လျှော့ချနိုင်မည်ဖြစ်ပြီး ကိုဗစ်ရောဂါကို ထိထိရောက်ရောက် ကာကွယ်နိုင်မည်မှာ အသေအချာ ဖြစ်ပါသည်။

ပြည်တွင်းရောဂါပြန့်ပွားမှု ပြန်လည်မြင့်တက်လာသည်၊ ပြည်တွင်း ကူးစက်မှုများပေါ်လာ၍ ကိုဗစ်ရောဂါ ဒုတိယလှိုင်းဖြစ်လာနိုင်သည့်အလားအလာရှိနေသည့်အတွက် ပြည်သူတို့ မပေါ့ဆကြပါနှင့်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြေညာလိုက်သည့်အခါ ရုတ်ချည်းဆိုသလိုပင် နိုင်ငံအနှံ့ရှိ ပြည်သူတို့ နှာခေါင်းစည်း မျက်နှာ ဖုံးများ ပြန်လည်တပ်ဆင်လာကြသည်မှာ လူထု၏ကျန်းမာရေးအသိနိုးကြားမှုကို ဖော်ပြနေခြင်းဟု မြင်ပါသည်။

ထိုသို့သော ကျန်းမာရေးအသိ နိုးကြားမှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည့် စည်းကမ်းဥပဒေများကို တိတိကျကျ လိုက်နာကြရန်လိုပါသည်။ ပြည်ပမှ ပြန်လည်ဝင်ရောက်လာမှုများတွင် မိမိတို့ကိုယ်တိုင်ဖြစ်စေ၊ မိမိပတ်ဝန်းကျင်တွင်ရှိသည်ဖြစ်စေ၊ အနီးဆုံး ကျန်းမာရေးဌာနများကို အကြောင်းကြားခြင်းဖြင့် ကူညီကြရန်လည်း လိုအပ်ပါသည်။

ကိုဗစ်ရောဂါပိုး ပြန့်ပွားမှုကို ထိန်းချုပ်ကာကွယ်ရေးတွင် အဓိကအကျဆုံးမှာ လူတစ်ဦးချင်းစီ၏ အသိဉာဏ်ရှိမှု၊ သတိရှိမှုတို့ ဖြစ်ပါသည်။ အတတ်နိုင်ဆုံး အိမ်တွင်းမှာနေကြခြင်းဖြင့် လည်းကောင်း၊ အပြင်ထွက်ကြရမည့် အကြောင်းများရှိပါကလည်း မျက်နှာဖုံး နှာခေါင်းစည်း စသည်တို့ကို ဝတ်ဆင်ကြခြင်းဖြင့် လည်းကောင်း၊ အပြင်မှ ပြန်လာတိုင်း လက်ကိုစနစ်တကျ ဆေးကြောခြင်း၊ ပြင်ပသွား အဝတ်အစားများကို လျှော်ဖွတ်ခြင်း၊ တစ်ခါသုံး နှာခေါင်းစည်းများကို အမှိုက်ပုံးတွင်းသို့ စနစ်တကျစွန့်ပစ်ခြင်းဖြင့် လည်းကောင်း၊ လူစုလူဝေးမပြုလုပ်ခြင်း၊ လူချင်းဆက်ဆံပြောဆိုရာတွင် အနည်းဆုံး ခြောက်ပေခွာကာ နေထိုင်ကြခြင်းဖြင့် လည်းကောင်း ကပ်ရောဂါဘေးက ကင်းဝေးအေးချမ်းကြပါစေသတည်း။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ မိုတဲဂိတိုရှိမိစု အား လက်ခံတွေ့ဆုံစဉ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နေပြည်တော် ဩဂုတ် ၂၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ မိုတဲဂိတိုရှိမိစု ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။

### ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ဆက်ဆံရေးကောင်းမွန်လျက်ရှိပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကိုဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ COVID–19 ရောဂါနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) ၏ ညွှန်ကြားချက်များနှင့်အညီ အလေးအနက်ထားဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ယခုလအစောပိုင်းမှစ၍ ရခိုင်ပြည်နယ်အတွင်း ရောဂါကူးစက်မှုနှုန်းများပြားလာသည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ COVID–19 ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးအရ ရိုက်ခတ်မှုများစွာရှိခဲ့ပြီး အခြားလိုအပ်ချက်များစွာရှိသော်လည်း စားရေးသည် နေ့စဉ်လိုအပ်ချက်ဖြစ်သည့်အတွက် စားနပ်ရိက္ခာဖူလုံရေးကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် အခြေအနေများ၊ ဂျပန်နိုင်ငံအနေဖြင့် ဆေးနှင့်ဆေးပစ္စည်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် အခြေအနေများ၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ကာကွယ်ရေး စိတ်ဓာတ်ကိုလည်း ထိခိုက်မှုမရှိအောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက် လျင်မြန်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတကာစံနှုန်းအတိုင်း နိုင်ငံတော်က အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရေးဆိုင်ရာကိစ္စရပ်များနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်နေမှုများကို ဂျပန်နိုင်ငံမှ လေ့လာရေးအဖွဲ့ဖြင့် လာရောက်လေ့လာမည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း ၁၁ သင်းအား အလွတ်သဘောတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၄

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဩဂုတ် ၂၂ ရက် ညနေပိုင်းတွင် ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း ၁၁ သင်းမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား ရန်ကုန်မြို့ Happy Restaurant ၌ အလွတ်သဘောတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်–၁၉ အလွန်တွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ခရီးစဉ်ဒေသအသစ်များ ဖော်ဆောင်ရေးနှင့် သန့်ရှင်းသာယာလှပပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးစဉ်ဒေသများဖြစ်အောင် သက်ဆိုင်ရာ ခရီးစဉ်ဒေသများတွင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီ (Destination Management Organization– DMO) များ လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်နေမှုများ၊ လူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်စားအားကစားခရီးသွားလုပ်ငန်း (Sport Adventure Tourism) များအတွက် SOP များ ရေးဆွဲဆောင်ရွက် နေမှုများနှင့် Digital Marketing ကို အသုံးပြု၍ ခရီးသွားမြှင့်တင်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်လတ်က ယခု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၂၁–၂၀၂၅) ကို ယခင်ဆောင်ရွက်ခဲ့သည့် (၂၀၁၃–၂၀၂၀)ပင်မစီမံကိန်းမှ အချက်အလက်များနှင့် Myanmar Sustainable Development Plan (MSDP) ကို အခြေခံ၍ ငါးနှစ်စာ စီမံကိန်းအဖြစ်ရေးဆွဲနေပါကြောင်း၊ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းကို လိုအပ်လျှင် Upgrade ပြုလုပ်နိုင်အောင် ရေးဆွဲလျက်ရှိပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများအနေဖြင့် လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်၍ ဝိုင်းဝန်းအတည်ပြုပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန လေ့ကျင့်ရေး နှင့်ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက စီမံကိန်းပါ အချက်အလက်များကို အသေးစိတ်ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြင်ဆင်ဖြည့်စွက်လိုသည်များကို အကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### ပခုက္ကူနှင့် ချောက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုရန်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့ နံနက် ၁၁နာရီခွဲတိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ရေဝတီမြစ်ရေသည် ချောက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်နှင့် ချောက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

အစည်းအဝေးကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်တိုးတက်မှု မှတ်တမ်းဗီဒီယို ပြသ၍ ဖွင့်လှစ်သည်။ အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအပေါ် သုံးသပ်မှုပြုခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်မှု မူဘောင်၏ အနာဂတ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တရုတ်နိုင်ငံမှ အကူအညီများပေးအပ်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဆွေးနွေးရာတွင် COVID-19 ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် အသက်ဆုံးရှုံးခဲ့ရသူများ၊ ထိခိုက်ခံစားခဲ့ရသူများအတွက် ဝမ်းနည်းပါကြောင်းနှင့် COVID-19 ကပ်ရောဂါကို မှန်ကန်သော စီမံခန့်ခွဲမှုများဖြင့် အောင်မြင်စွာ ထိန်းချုပ်ထားနိုင်ခဲ့ခြင်းအတွက် မဲခေါင်-လန်ချန်း နိုင်ငံများ၏ အစိုးရအဖွဲ့များကို ချီးကျူးပါကြောင်း၊ မြန်မာနိုင်ငံ၏ COVID-19 ကပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှ အကူအညီများပေးအပ်ခဲ့ခြင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ပေါင်းစည်းမှုအင်အားသည် များစွာအရေးကြီး**

ဆက်လက်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ဆွေးနွေးရာ၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်ဒေသ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုပြီး အာဆီယံအသိုက်အဝန်း တည်ထောင်ရေးနှင့် ၂၀၃၀ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုလျက်ရှိပါကြောင်း၊ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ တိုးမြှင့်ရရှိရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ၊ တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှုနှင့် လက်နက်ခဲယမ်းများ တရားမဝင်ရောင်းဝယ်မှု စသည့်သမားရိုးကျ မဟုတ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေး လုပ်ငန်းစဉ်များတွင် မဲခေါင်-လန်ချန်း နိုင်ငံများ၏ ပေါင်းစည်းမှုအင်အားသည် များစွာအရေးကြီးပါကြောင်း ပြောကြားသည်။

**လွယ်ကူချောမွေ့စွာ ဆောင်ရွက်**

ထို့ပြင် အနာဂတ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကမ္ဘာတစ်ဝန်းတွင် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် အနာဂတ်ကာလ၏ စိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေးကိုမျှော်မှန်း၍ ကျန်းမာရေး ကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်များအား အချိန်ကိုက် တိုးချဲ့နိုင်ခဲ့ခြင်းအတွက် ချီးကျူးပါကြောင်း၊ ကူးစက်ရောဂါများ အထူးသဖြင့် COVID-19 ကပ်ရောဂါအတွက် ကာကွယ်ဆေးသုတေသနပြုမှုနှင့် ကာကွယ်ဆေးထုတ်လုပ်မှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် လိုအပ်ကြောင်း၊ ထို့အပြင် အဆိုပါကာကွယ်ဆေးများကို လူတိုင်း လက်လှမ်းမီ သုံးစွဲခွင့်ရရှိနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်တစ်ရပ်အား ထူထောင်သွားရန် လိုအပ်ကြောင်း၊ ဒေသတွင်း ပေါင်းစည်းဆက်နွယ်မှု မြှင့်တင်ရေးနှင့် စီးပွားရေးပေါင်းစည်းမှုတို့သည် ကုန်စည်လွတ်လပ်စွာ စီးဆင်းမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် အခြားသော ပူးပေါင်းဆောင်ရွက်မှုများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် များစွာအရေးကြီးကြောင်း ထည့်သွင်းပြောကြားသည်။

**ရန်ပုံငွေများ ထောက်ပံ့ကူညီ**

ဆက်လက်၍ နိုင်ငံတော်သမ္မတက မဲခေါင်နိုင်ငံများအနေဖြင့် ၎င်းတို့၏သက်ဆိုင်ရာ နိုင်ငံအလိုက် အမျိုးသားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာများအား ချိတ်ဆက် အထောက်အကူပြုရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ထူထောင်ပေးပြီး ရန်ပုံငွေများ ထောက်ပံ့ကူညီပေးလျက်ရှိသည့် တရုတ်နိုင်ငံအစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**"ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ တိုးမြှင့်ရရှိရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ၊ တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှုနှင့် လက်နက်ခဲယမ်းများ တရားမဝင်ရောင်းဝယ်မှု စသည့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေး လုပ်ငန်းစဉ်များတွင် မဲခေါင်-လန်ချန်း နိုင်ငံများ၏ ပေါင်းစည်းမှုအင်အားသည် များစွာအရေးကြီးပါကြောင်း"**

**"မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကမ္ဘာတစ်ဝန်းတွင် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် အနာဂတ်ကာလ၏ စိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေးကို မျှော်မှန်း၍ ကျန်းမာရေးကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်များအား အချိန်ကိုက် တိုးချဲ့နိုင်ခဲ့ခြင်းအတွက် ချီးကျူးပါကြောင်း၊ ကူးစက်ရောဂါများ အထူးသဖြင့် COVID-19 ကပ်ရောဂါအတွက် ကာကွယ်ဆေး သုတေသနပြုမှုနှင့် ကာကွယ်ဆေးထုတ်လုပ်မှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် လိုအပ်ကြောင်း"**

ယင်းအစည်းအဝေးက အနာဂတ်လုပ်ငန်းအစီအစဉ်များအတွက် မူဝါဒလမ်းညွှန်တစ်ရပ်အဖြစ် "ဗီယင်ကျန်း ကြေညာစာတမ်း" နှင့် "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့် အပြည်ပြည်ဆိုင်ရာ ကုန်း-ရေ နှစ်သွယ်ကုန်သွယ်ရေးစင်္ကြံသစ်အကြား ချိတ်ဆက်ဆောင်ရွက်ရေး ပူးတွဲဥက္ကဋ္ဌ ကြေညာချက်" တို့အား အတည်ပြုထုတ်ပြန်ခဲ့သည်။ ဗီယင်ကျန်း ကြေညာစာတမ်း၌ COVID-19 အလွန်ကာလ စီးပွားရေးပြန်လည်ထူထောင်ရေး၊ ဒေသတွင်း ပေါင်းစည်းဆက်နွယ်မှု မြှင့်တင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိရန်အတွက် အခြေအနေကောင်းများ ဖန်တီးပေးရေး၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများ ဖြေရှင်းရေးတို့ကို အနာဂတ်ဦးစားပေးလုပ်ငန်းများအဖြစ် ဖော်ပြထားသည်။

**မိန့်ခွန်း တစ်ရပ်ပြောကြား**

ဆွေးနွေးမှုများအပြီးတွင် မြန်မာနိုင်ငံသို့ လာအိုနိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းလက်ခံရယူသည့်အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်သမ္မတက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ပူးတွဲဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံဝန်ကြီးချုပ်ထံမှ လွှဲပြောင်းရယူပြီးနောက် မိန့်ခွန်းတစ်ရပ်ပြောကြားသည်။ မြန်မာနိုင်ငံအနေဖြင့် အမြဲတမ်း ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်နိုင်ငံနှင့်အတူ လာမည့် (၂) နှစ်တာ ကာလအတွက် ပူးတွဲဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်သွားရမည်ဖြစ်သည်။

*စာမျက်နှာ ၅ သို့*

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားများ အပေါင်းရှင်။

ကျွန်မတို့နိုင်ငံအတွက် အရေးကြီးတဲ့ကိစ္စတွေ ပေါ်ပေါက်လာပြီဆိုရင် ပြည်သူလူထုကို တင်ပြပြီးတော့ ပြည်သူနဲ့အတူ ပူးပေါင်းဆောင်ရွက်ခြင်းဟာ အထိရောက်ဆုံးလို့ ကျွန်မတို့ အစိုးရက ယုံကြည်ပါတယ်။ ဒီယုံကြည်ချက်အရ တင်ပြရခြင်းဖြစ်ပါတယ်။ အများသိကြတဲ့အတိုင်းပဲ အခု စစ်တွေမှာဆိုရင် အရင်အပတ်ကစပြီး ကိုဗစ်–၁၉ ရောဂါ ပြန့်ပွားမှုဟာ အင်မတန်မှမြန်ခဲ့ပါတယ်။ အင်မတန်မှ မြန်တဲ့အခါမှာ စိုးရိမ်ပူပန်မှုတွေလည်း တက်လာပါတယ်။ ဒါကို စိန်ခေါ်မှုတစ်ခုအနေနဲ့ ကြည့်စေချင်ပါတယ်။ စိန်ခေါ်မှုဆိုတာ ကြောက်စရာ မဟုတ်ပါဘူး။ ကျော်လွှားဖို့သာ ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုကို နိုင်ငံတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအနေနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ စစ်တွေမှာ ရောဂါ ပြန့်ပွားနေတာကြောင့် ရခိုင်ပြည်နယ် ပြင်ပကို စစ်တွေက ပြည်သူတွေ မထွက်အောင်လို့ ကျွန်မတို့ စည်းကမ်းတွေ သတ်မှတ်ရပါတယ်။ ဒီဟာက ထိန်းချုပ်ချင်တဲ့ သဘောမဟုတ်ပါဘူး။ ကျွန်မတို့အနေနဲ့ ကာကွယ်ချင်တဲ့ သဘောဖြစ်ပါတယ်။ ကာကွယ်တာဟာ တစ်တိုင်းပြည်လုံးလည်း ကာကွယ်ရတယ်။ စစ်တွေနဲ့ကျန်တဲ့ ရခိုင်မြောက်ပိုင်းက ပြည်သူတွေကိုလည်း ကာကွယ်ရတယ်။

ဘယ်လိုကာကွယ်တာလဲဆိုတော့ အထူးကျန်းမာရေး စောင့်ရှောက်မှုတွေကို စစ်တွေနဲ့သက်ဆိုင်ရာ ဒေသတွေအတွက် စီစဉ်ထားပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သေသေချာချာ စီစဉ်ထားပါတယ်။ စစ်တွေက ပြည်သူတွေနဲ့ တခြားကူးစက်မယ်လို့ ခန့်မှန်းရတဲ့ မြို့နယ်တွေက ပြည်သူတွေကို ကျန်းမာရေးစစ်ဆေးမှုပေးမယ်။ ကုသမှုလည်းပေးပါမယ်။ လိုအပ်သလို အားလုံးဆောင်ရွက်ပေးပါမယ်။ အထူးအစီအစဉ်တွေလည်း ချမှတ်ပြီးပါပြီ။ နိုင်ငံတော်သတင်းစာတွေထဲမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဘယ်လိုအစီအစဉ်တွေ လုပ်ထားတယ်ဆိုတာကို ကြေညာပါမယ်။ အများပြည်သူက သိရှိနားလည်ပြီး ယုံကြည်စိတ်ချမှုရှိအောင်လို့ပါ။ ကျွန်မတို့ ဒီကိစ္စအောင်မြင်ရေးအတွက်က စစ်တွေမြို့နယ် တစ်ခုတည်း၊ ရခိုင်ပြည်နယ် တစ်ခုတည်းလုပ်ရမယ့် ကိစ္စမဟုတ်ပါဘူး။ ပြည်ထောင်စု တစ်ခုလုံးက လုပ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မစောစောက ပြောသလို အမျိုးသားကြိုးပမ်းဆောင်ရွက်မှုကြီးတစ်ခုအနေနဲ့ မြင်စေချင်ပါတယ်။ ကျွန်မတို့ အားလုံးဝိုင်းလုပ်မှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ အောင်လည်း အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

အခုအချိန်မှာ ရခိုင်ပြည်နယ်က တချို့ပြည်သူတွေက ပြင်ပကို ထွက်ချင်ကြတယ်။ ပြင်ပမှာပိုပြီးတော့ လုံခြုံတယ်လို့ထင်ကြတယ်။ ရောဂါပိုးဝင်နေပြီဆိုရင် ဘယ်သွားသွား ရောဂါပိုးက ပါသွားမှာ ဖြစ်ပါတယ်။ ဒီရောဂါပိုးဟာ ကိုယ်နဲ့ပါလာမှာပဲ၊ ရခိုင်ပြည်နယ် အတွင်းမှာပဲနေမယ်။ စစ်တွေအတွင်းမှာပဲ နေမယ်။ ကူးစက်ပြန့်ပွားနေတဲ့ဒေသမှာပဲ နေမယ်ဆိုရင် ရောဂါပိုးရှိရင် ပိုပြီးတော့ မြန်မြန်ဆန်ဆန် တွေ့ရှိနိုင်မယ်။ ကုသမှုပေးနိုင်မယ်။ ကိုဗစ်ရောဂါက ကုသလို့မရတဲ့ ရောဂါမဟုတ်ပါဘူး။ စောစောစီးစီးတွေ့လေလေ ပိုပြီးတော့ ကုသမှု ထိရောက်လေဖြစ်ပါတယ်။ အခု ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေကြားက နယ်နိမိတ်တွေကိုပိတ်ပါတယ်။ စစ်တွေဘက်က၊ ရခိုင်ပြည်နယ်ဘက်ကနေပြီးတော့ တခြားဘက်တွေကို မထွက်ဖို့ဆိုတာဟာ ရောဂါပိုးမပြန့်စေချင်လို့ ဖြစ်ပါတယ်။ သက်ဆိုင်ရာ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကလည်း ဒီပိတ်ဆို့မှုထဲမှာ ထိထိရောက်ရောက်ပါဝင်ကြရမှာ ဖြစ်ပါတယ်။ ပိတ်ပင်ရေးဆိုတာ ကာကွယ်ရေးပါပဲ။ ကာကွယ်ရေးလို့ပဲ စဉ်းစားစေချင်ပါတယ်။

အဲဒီလို လုပ်တဲ့ နေရာမှာ သတိရှိဖို့လိုပါတယ်။ ကျွန်မခဏခဏ ပြောပါတယ်။ သတိဆိုတာ လွန်ကဲတယ်လို့ မရှိနိုင်ပါဘူး။ ကရုဏာဆိုတာ လွန်ကဲနိုင်ပါတယ်။ သနားပြီးတော့ လွှတ်ပေးလိုက်မယ်ဆိုရင် တစ်တိုင်းပြည်လုံးကို ပြန့်သွားနိုင်တဲ့ အခြေအနေရှိနိုင်ပါတယ်။ ဒါကြောင့် ကျွန်မတို့က သတိနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခုမှ ရန်ကုန်က ကျွန်မတို့ ပြည်သူပြည်သားတွေ Mask တွေပြန်တပ်နေကြတယ်လို့ ကြားရပါတယ်။ အဲဒါကလည်း တစ်နည်းအားဖြင့် ကောင်းကျိုးတစ်ခုဖြစ်ပါတယ်။ အခုမှပဲ သတိထားရမှန်း တချို့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း COVID–19 ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

သဘောပေါက်တယ်။ ရန်ကုန်က အထူးသတိထားစေချင်ပါတယ်။ ဩဂုတ် ၁၆ ရက်ကစပြီး ဒီရောဂါပိုး ပြန့်ပွားတယ်လို့ ခန့်မှန်းရပါတယ်။ အဲဒီနောက်ပိုင်းမှာ စစ်တွေဘက်ကနေ ရန်ကုန်ကို လေယာဉ်ခရီးနဲ့လာတဲ့ ပြည်သူတွေလည်း ရှိတယ်လို့ ကြားရပါတယ်။ အဲဒီလိုရှိခဲ့ရင် အနီးဆုံးကျန်းမာရေးဌာနကို ဆက်သွယ်ပါ။ ဆက်သွယ်ပြီးတော့ ရောက်ခဲ့ပါတယ်၊ သွားခဲ့ပါတယ်ဆိုပြီး အစစ်အဆေးခံပါ။ လိုအပ်ရင် ကုသမှုကို အမြန်ဆုံးရနိုင်မှာ ဖြစ်ပါတယ်။

ပတ်ဝန်းကျင်က ပြည်သူတွေကလည်း ဟိုဘက်အိမ်၊ ဒီဘက်အိမ်၊ အခြားလမ်းထဲမှာနေတဲ့ ပြည်သူပြည်သားတွေ၊ အသိမိတ်ဆွေထဲက ဒီလို ပြန်လာတာရှိရင် အသိပေးပါ။ ဒါဟာ အတင်းပြောတာ မဟုတ်ပါဘူး။ ကုန်းတိုက်တာလည်း မဟုတ်ပါဘူး။ အားလုံးအတွက် လုပ်သင့်တဲ့အလုပ်တစ်ခုကို လုပ်တာလို့ ယူဆစေချင်ပါတယ်။ ရခိုင်ပြည်နယ်ဟာ တစ်နိုင်ငံလုံးအတွက် အင်မတန်မှ ကြီးမားတဲ့ စိန်ခေါ်မှုကြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာရဲ့ ဖိအားပေးမှုတွေလည်း အများကြီးခံရပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ ပြဿနာတွေကိုဖြေရှင်းဖို့ ကြိုးစားတဲ့နေရာမှာ တကယ်ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ပြီး ကူညီတာထက် ဝေဖန်ဖိအားပေးမှုတွေက သိပ်များပါတယ်။ ဒီဟာတွေကို ကျွန်မတို့ အားငယ်နေစရာ မဟုတ်ပါဘူး။ ကျွန်မတို့ ပြည်သူတွေရဲ့ စုပေါင်းအင်အားနဲ့ ဒါတွေကို ရင်ဆိုင်နိုင်ပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့ ပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ ကိုးကွယ်တဲ့ ဘာသာခွဲခြားခြင်း၊ လူမျိုးခွဲခြားခြင်းမရှိပါဘူး။ ပြည်ထောင်စုသားအားလုံးဟာ ကျွန်မတို့ ပြည်ထောင်စုနယ်နိမိတ်အတွင်း မှီတင်းနေထိုင်တဲ့သူအားလုံးကို စောင့်ရှောက်ချင်တဲ့စိတ် ရှိတယ်ဆိုတာ ပြဖို့လိုပါတယ်။

ဒါပေမယ့် စိတ်ရှိရုံနဲ့လည်း မပြီးသေးပါဘူး။ အလုပ်နဲ့ပြရပါမယ်။ ကျွန်မတို့ လုပ်နိုင်တယ်ဆိုတာ ပြဖို့လိုပါတယ်။ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားများရဲ့ အင်မတန်မှ ချစ်စရာကောင်းတဲ့ ဓလေ့အရ ဒီလိုရခိုင်ပြည်နယ်မှာ ရောဂါပွားများနေပြီဆိုတာနဲ့ပဲ စေတနာ့ဝန်ထမ်းတွေဟာ အခုဆိုရင် တစ်သုတ်ရောက်သွားပါပြီ။ ကျန်းမာရေးဆိုင်ရာတွေ အကူအညီပေးဖို့၊ လုပ်ဆောင်ပေးဖို့ စေတနာ့ဝန်ထမ်းတစ်ဖွဲ့က အခုတောင် ရခိုင်ပြည်နယ်ကို ရောက်နေပါပြီ။ စစ်တွေကို ရောက်နေပြီးတော့ အကူအညီတွေ ပေးနေပါပြီ။ ကျွန်မတို့ တခြားစေတနာ့ဝန်ထမ်းတွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ဖိတ်ခေါ်ရုံတင်မကဘူး ဒီစေတနာ့ဝန်ထမ်းများ သွားရောက်ပြီးတော့ ရခိုင်ပြည်နယ်ရဲ့ ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်လို့ ကူညီခြင်းအတွက်ကို ကျွန်မတို့ နိုင်ငံတော်အစိုးရကနေ အကုန်အကျခံပါမယ်။ စေတနာ့ဝန်ထမ်းတွေကို အင်မတန်မှကျေးဇူးတင်ပါတယ်။ အခုအချိန်မှာ ချက်ချင်းကို ဆေးပစ္စည်းအမျိုးမျိုး၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ပစ္စည်းအမျိုးမျိုးနဲ့ ကူညီတဲ့ အလှူရှင် ပြည်သူပြည်သား အားလုံးကိုလည်း အင်မတန်မှ ကျေးဇူးတင်ပါတယ်။

**“ အထူးကျန်းမာရေး စောင့်ရှောက်မှုတွေကို စစ်တွေနဲ့ သက်ဆိုင်ရာဒေသတွေအတွက် စီစဉ်ထားပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သေသေချာချာ စီစဉ်ထားပါတယ်။ စစ်တွေက ပြည်သူတွေနဲ့ တခြားကူးစက်မယ်လို့ ခန့်မှန်းရတဲ့ မြို့နယ်တွေက ပြည်သူတွေကို ကျန်းမာရေးစစ်ဆေးမှုပေးမယ်။ ကုသမှုလည်း ပေးပါမယ်။ လိုအပ်သလို အားလုံးဆောင်ရွက်ပေးပါမယ်။ အထူးအစီအစဉ်တွေလည်း ချမှတ်ပြီးပါပြီ ”**

**“ရခိုင်ပြည်နယ်မှာရှိတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ ကြိုးစားတဲ့နေရာမှာ တကယ်ထိထိ ရောက်ရောက် ပူးပေါင်းဆောင်ရွက်ပြီး ကူညီတာထက် ဝေဖန်ဖိအားပေးမှုတွေက သိပ်များပါတယ်။ ဒီဟာတွေကို ကျွန်မတို့ အားငယ်နေစရာ မဟုတ်ပါဘူး။ ကျွန်မတို့ ပြည်သူတွေရဲ့ စုပေါင်းအင်အားနဲ့ ဒါတွေကို ရင်ဆိုင်နိုင်ပါတယ်”**

ဒီလိုပဲ ဆက်လုပ်သွားရင် ဒီစိန်ခေါ်မှုကြီးကို ကျွန်မတို့ ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ သတိတော့ အင်မတန်ထားဖို့ လိုပါတယ်။ ကျွန်မတို့ လုပ်ရမယ့်ကိစ္စတွေ က များပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း ညွှန်ကြားချက်တွေ ထုတ်ပါလိမ့်မယ်။ အသစ်အဆန်းတော့ မဟုတ်ပါဘူး။ တခြားနေရာတွေမှာလည်း လုပ်ဖူးပြီးသားဖြစ်ပါတယ်။ အိမ်မှာနေရေးကိစ္စ၊ အသွားအလာ ကန့်သတ်ရေးကိစ္စ၊ အထူးသဖြင့် ဒီအချိန်မှာ အားလုံးသိရမယ့် Mask တပ်ရမယ်၊ လက်ဆေးရမယ်၊ ဒါမှမဟုတ် လက်ကိုသန့်စင်စေတဲ့ ဆေးရည်သုံးရမယ် စသဖြင့်အပြင်ကို တတ်နိုင် သမျှ မထွက်ဘဲနေရမယ်၊ လူစုလူဝေးမဖြစ်အောင် ကြိုးစားရမယ်၊ ဖြစ်နိုင်ရင် တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ ခြောက်ပေ လောက်ကွာခြားပြီးတော့ နေရမယ်ဆိုတဲ့ အခြေခံစည်းမျဉ်း စည်းကမ်းတွေကို အားလုံးက တစ်ယောက်ချင်း တစ်ယောက်ချင်း လိုက်နာမယ်ဆိုရင် ဒီရောဂါ ပြန့်ပွားစရာအကြောင်း မရှိပါဘူး။ ဒါကြောင့် စည်းမျဉ်းစည်းကမ်းတွေကို အသေအချာလိုက်နာကြပါ။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့် ကျွန်မတို့ နိုင်ငံရဲ့ အင်အားကို မြှင့်တင်ပေးရာလည်း ရောက်ပါတယ်။ နိုင်ငံရဲ့အင်အားကိုမြှင့်တင် ပေးခြင်းဆိုတာ ကျွန်မတို့ရဲ့ ကမ္ဘာကြီးမှာ ရပ်တည်မှုကိုလည်း အထောက်အကူ ပြုရာရောက်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာဆိုရင် ကိုးကွယ်တဲ့ ဘာသာအရ၊ လူမျိုးအရ ကွဲပြားမှုတွေရှိတယ်။ ဒီကွဲပြားမှုတွေကနေ အကြမ်းဖက်မှုတွေ အထိ ရောက်သွားတယ်။

ဒီအကြမ်းဖက်မှုတွေကနေ မတည်ငြိမ်မှုတွေ ဖြစ်ပြီးတော့ ကျွန်မတို့ နိုင်ငံ တစ်နိုင်ငံလုံးဟာ ကမ္ဘာ့အလယ်မှာ မျက်နှာငယ်ရတဲ့ အခြေအနေကို ရောက်ခဲ့ပါတယ်။ ကျွန်မတို့ ဒါတွေကို ပြုပြင်နိုင်ဖို့၊ ဒီဟာတွေကို ပြန်ပြီး ပြန်လှန်နိုင်ဖို့ အခွင့်အရေးတစ်ခုရတယ်လို့ ပြည်သူပြည်သားတွေကို မြင်စေချင်ပါတယ်။ ဒါကြောင့် စစ်တွေမြို့မှာ ရောဂါပြန့်ပွားနေတဲ့ကိစ္စကို စိုးရိမ်မှုနဲ့ မတုံ့ပြန်ပါနဲ့။ သန္နိဋ္ဌာန် ခိုင်မာမှုနဲ့တုံ့ပြန်ပါ။ ကျွန်မတို့ဟာ ဒီပြဿနာကို ကျော်လွှားမယ်ဆိုတဲ့ သန္နိဋ္ဌာန်ခိုင်မာဖို့လိုပါတယ်။ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနရဲ့ တွေ့ရှိချက်အရဆိုရင် စစ်တွေမြို့မှာ ရောဂါပိုးပြန့်ပွားတဲ့ အဓိကနေရာဟာ ဈေးကလို့ သုံးသပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု ရောဂါစွဲကပ်နေပြီလို့ တွေ့ရှိရတဲ့ ပြည်သူတွေရဲ့ အသိုင်းအဝိုင်း၊ အနေအထားကို ကြည့်လိုက်တဲ့အခါမှာ ဒီဈေးကနေ ရောဂါကူးစက်မှုဟာ အများဆုံးလို့ သုံးသပ်ပါတယ်။ ဒါကြောင့် ဈေးသွားတဲ့ ကျွန်မတို့ ပြည်သူပြည်သားများ သတိထားကြပါ။ ဒါလည်း ကျွန်မတို့ ထပ်တလဲလဲ ပြောပါတယ်။ ဈေးသွားရင် မျက်နှာဖုံးတပ်ပါ။ ဈေးသည်များ လက်အိတ်ဝတ်ပါ။ Mask တပ်ပါ။ လူစုလူဝေးနဲ့ ဖြစ်အောင်မနေပါနဲ့ဆိုပြီး ကျွန်မတို့ အကြိမ်ကြိမ်အဖန်ဖန် သတိပေးပါတယ်။ သတိပေးသော်လည်း အချိန်ကြာလာတာနဲ့အမျှ ကျွန်မတို့ပြည်သူတွေက နည်းနည်းတော့ ပေါ့လာတယ်လို့ဆိုရမှာပါ။ ဘာမှမဖြစ်တော့ပါဘူး ဆိုတဲ့စိတ်တွေ ဖြစ်လာကြပါတယ်။ အခုတော့ ဘာမှမဖြစ်တော့ဘူးဆိုတာ မဟုတ်ဘူးဆိုတာကို သဘောပေါက်မယ်လို့ ကျွန်မတို့ထင်ပါတယ်။ ဒါကို တချို့က ကိုဗစ်ဒုတိယလှိုင်းလားလို့ မေးပါတယ်။ ဒါကိုဗစ်ဒုတိယလှိုင်း မဟုတ်ပါဘူး။ စစ်တွေမှာ ကိုဗစ်ပြန့်ပွားမှုဖြစ်နေပါတယ်။

တစ်နိုင်ငံလုံးမှာ ကိုဗစ်ဒုတိယလှိုင်းမဖြစ်အောင် ကျွန်မတို့ အားလုံး ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒီဟာကို ဟန့်တားနိုင်ပါတယ်။ ကာကွယ်နိုင်ပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံတစ်ဝန်းလုံးကို ကာကွယ်နိုင်ပါတယ်။ ရခိုင်ပြည်နယ် ကိုလည်း ကျွန်မတို့ကာကွယ်မယ်။ ကျန်တဲ့ ကျွန်မတို့ရဲ့ နိုင်ငံအတွင်းရှိ ဒေသတွေအားလုံးလည်း ကာကွယ်မယ်။ ပူးပေါင်းဆောင်ရွက်မှုကသာ အဓိက ဖြစ်ပါတယ်။ ကျွန်မတို့ဟာ ဒီလိုလုပ်တဲ့နေရာမှာ ကိုးကွယ်တဲ့ ဘာသာလည်း မရွေးဘူး။

*စာမျက်နှာ ၅ သို့*

# ပြည်သူသာလျှင် အဓိက

**“ ကာကွယ်ဆေးများကို လူတိုင်း လက်လှမ်းမီ သုံးစွဲခွင့်ရရှိနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်တစ်ရပ်အား ထူထောင်သွားရန် လိုအပ်ကြောင်း၊ ဒေသတွင်းပေါင်းစည်းဆက်နွှယ်မှု မြှင့်တင်ရေးနှင့် စီးပွားရေးပေါင်းစည်းမှုတို့သည် ကုန်စည်လွတ်လပ်စွာစီးဆင်းမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာမှု၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် အခြားသော ပူးပေါင်းဆောင်ရွက်မှုများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် များစွာအရေးကြီးကြောင်း ”**

*စာမျက်နှာ ၃ မှ*

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများက ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချရန်နှင့် နိုင်ငံများ၏ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းမှုများအား အထောက်အကူပြုရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် တရားဝင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအား အထောက်အကူပြုနိုင်စေရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ စီမံကိန်း (၅၁) ခုအတွက် စုစုပေါင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၁၆ ဒသမ ၃) သန်းအား မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ပါဠိပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယစာမေးပွဲ အောင်စာရင်းများကို Website များတွင် ကြည့်ရှုနိုင်

**နေပြည်တော် ဩဂုတ် ၂၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၂ ခုနှစ် (၂၀၂၀ ပြည့်နှစ်)၊ ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းကို ၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၈ ရက်၊ သောကြာနေ့တွင် လည်းကောင်း၊ ဓမ္မာစရိယ စာမေးပွဲအောင်စာရင်းကို ၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၃၀ ရက်၊ တနင်္ဂနွေနေ့တွင်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora .gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၄ မှ*

လူမျိုးလည်း မရွေးဘူး။ ကျွန်မတို့ရဲ့ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်သူ အားလုံးအတွက် ညီညီမျှမျှ အကူအညီပေးပါမယ်။ ဒီစိတ်ဓာတ်နဲ့လည်း ကျွန်မတို့ ပြည်သူပြည်သားတွေ ဝိုင်းပြီးတော့ ကူညီပေးစေချင်ပါတယ်။ နောက်တစ်ခုကတော့ ကိုဗစ်ရောဂါ စစ်တွေဘက်မှာ ဒီလောက်မြန်မြန်ဆန်ဆန် ပြန့်ပွားတာ ဘာကြောင့်လဲလို့ ကျန်းမာရေးဘက်ကနေ စဉ်းစားတဲ့အခါမှာ မျိုးရိုးဗီဇပြောင်းသွားမှုများ ရှိသလားဆိုတာလည်း ကျွန်မတို့ ထည့်တွက်ရပါတယ်။ အဖြေကတော့ မထင်ရှားသေးပါဘူး။ ကျွန်မတို့ သေသေချာချာ မသိရသေးပါဘူး။ ဒီအဖြေကိုလည်း ကျွန်မတို့ ရှာနေပါတယ်။ အကယ်၍ ဒီလိုပြောင်းလဲမှုရှိတယ်ဆိုရင်လည်း ထွေထွေထူးထူးတော့ စိတ်မပူကြပါနဲ့။ ကျွန်မတို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကိုသာ လိုက်နာကြပါ။ သတိထားကြပါ။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မတို့နိုင်ငံနဲ့ အရှေ့တောင်အာရှနိုင်ငံအများမှာ ဒါကလည်း ခန့်မှန်းချက်ပါ သေသေချာချာတော့ ၁၀၀ ရာခိုင်နှုန်း သေချာတယ်လို့တော့ မပြောလိုပါဘူး။ ရောက်လာတဲ့ ကိုဗစ်ရောဂါ မျိုးရိုးဗီဇဟာ ဒီလောက်အထိ မပြင်းထန်ဘူး။ ဒါကြောင့်မို့ ပြန့်ပွားမှုမမြန်ဘူးဆိုတဲ့ သုံးသပ်ချက်တွေလည်း ရှိပါတယ်။ ဒါကျွန်မတို့ သေသေချာချာ သက်သေအထောက်အထား ခိုင်လုံတယ်။ ပြည့်စုံတယ်လို့ မပြောလိုပါဘူး။ ဒီလိုပဲ သုံးသပ်ကြပါတယ်။

အခုစစ်တွေမှာဆိုရင် မျိုးရိုးဗီဇက နည်းနည်းပြောင်းလဲသွားတယ်။ ပိုပြီးတော့ မြန်မြန်ပြန့်ပွားတဲ့ မျိုးရိုးဗီဇဆိုတာလည်း ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ပြန့်ပွားမှုနှုန်းက အင်မတန်မှ မြန်ပါတယ်။ သို့သော်ငြားလည်း ကျွန်မတို့ ကုသနိုင်တယ်လို့ ပြောထားပြီးသားပါ။ စောစောစီးစီး ဒီရောဂါကို တွေ့ရင် ပိုပြီးတော့ ထိထိရောက်ရောက် ကုသနိုင်ပါတယ်။ ဒါကြောင့် ရောဂါရှိတဲ့သူတွေနဲ့ ဆက်စပ်မှုရှိမယ်လို့ထင်တဲ့ ပုဂ္ဂိုလ်များဟာ မိမိနဲ့ အနီးဆုံးကျန်းမာရေးဌာနကို အသိပေးပါ။ သူစိမ်းတွေ ဝင်လာရင်လည်း သတိထားပါ။ သက်ဆိုင်ရာကို အသိပေးပါ။ ကန့်သတ်ထားတဲ့ အရပ်ဒေသတွေကနေ ဝင်လာခြင်းကိုတော့ ကျွန်မတို့ သတိထားရပါလိမ့်မယ်။ စစ်တွေဘက်မှာဆိုရင် ရှောင်တခင် ကျွန်မတို့ ပြည်သူလူထုတွေ သွားရင်းလာရင်းနဲ့ စစ်ဆေးဖို့လုပ်တဲ့ အစီအစဉ်တွေလည်း ချမှတ်ထားပါတယ်။ အဲဒီလို စစ်ဆေးဖို့ လုပ်တဲ့အခါမှာ လိုလိုချင်ချင်နဲ့ ပူးပေါင်းဆောင်ရွက်ပါ။ အစစ်ဆေးခံရတာဟာ ပြဿနာကြီး မဟုတ်ပါဘူး။ မစစ်ဆေးဘဲနဲ့ ရောဂါရှိနေတာကသာ ပြဿနာဖြစ်ပါလိမ့်မယ်။ စစ်ဆေးလိုက်လို့ ရောဂါတွေ့တယ်ဆိုရင် ချက်ချင်းကုသမှုပေးမှာပါ။ ဘယ်သူ့ ကိုမှ ချန်ခဲ့မှာမဟုတ်ပါဘူး။ အားလုံးကို တူညီတဲ့ကုသမှု ကျွန်မတို့ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ စိုးရိမ်မလွန်ကြပါနဲ့။ အခုအရေးကြီးတာက အားလုံးပူးပေါင်းဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။ အားလုံးစိတ်တည်တည်ငြိမ်ငြိမ်နဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ပဲ ဖြစ်ပါတယ်။

ဒီစည်းမျဉ်းစည်းကမ်းတွေကို ကျွန်မတို့ နိုင်ငံတော်သတင်းစာတွေထဲ မှာ ပြန်ပြီးတော့ ထည့်ပါမယ်။ ထပ်တလဲလဲ ထည့်ပါမယ်။ သတင်းဌာနတွေကလည်း ဖြန့်ချိပါမယ်။ ပြည်သူလူထုကနေပြီးတော့ ဒီဟာတွေကို အလေးထားပြီး တိတိကျကျ လိုက်နာဖို့ပဲဖြစ်ပါတယ်။ ကျွန်မတို့ အားလုံးအတွက် အကြီးဆုံး လာဘ်လာဘဖြစ်တဲ့ ကျန်းမာရေးဆိုတဲ့ ဆုကြီးကို ကျွန်မတို့ ပြည်သူတွေအားလုံး ဆုပ်ကိုင်နိုင်ပါစေ။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။

**“ တစ်နိုင်ငံလုံးမှာ ကိုဗစ်ဒုတိယလှိုင်းမဖြစ်အောင် ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒီဟာကို ဟန့်တားနိုင်ပါတယ်။ ကာကွယ်နိုင်ပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံတစ်ဝန်းလုံးကို ကာကွယ်နိုင်ပါတယ်။ ရခိုင်ပြည်နယ်ကိုလည်း ကျွန်မတို့ကာကွယ်မယ်။ ကျန်တဲ့ ကျွန်မတို့ရဲ့ နိုင်ငံအတွင်းရှိ ဒေသတွေအားလုံးလည်း ကာကွယ်မယ်။ ပူးပေါင်းဆောင်ရွက်မှုကသာ အဓိကဖြစ်ပါတယ်။ ကျွန်မတို့ဟာ ဒီလိုလုပ်တဲ့နေရာမှာ ကိုးကွယ်တဲ့ဘာသာလည်းမရွေးဘူး။ လူမျိုးလည်း မရွေးဘူး။ ကျွန်မတို့ရဲ့ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်သူအားလုံးအတွက် ညီညီမျှမျှ အကူအညီပေးပါမယ်။ ဒီစိတ်ဓာတ်နဲ့လည်း ကျွန်မတို့ ပြည်သူပြည်သားတွေ ဝိုင်းပြီးတော့ ကူညီပေးစေချင်ပါတယ် ”**

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်**
**(၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်)**
**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်)**

၁။ မြန်မာနိုင်ငံတွင် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်အနေဖြင့် နိုင်ငံတကာစံနှုန်းအတိုင်း နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် ၂၀၂၀ ပြည့်နှစ်၊ မေလ (၁၀) ရက်မှ ဩဂုတ်လ (၃၁) ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားကြောင်းနှင့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နိုင်ငံ့အရေး၊ အမျိုးသားရေးအဖြစ် အင်တိုက်အားတိုက် ထိထိရောက်ရောက် ဆက်လက်ပါဝင်ကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မေလ ၉ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ကမ္ဘာအနှံ့တွင် COVID-19 ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်နေရသောကြောင့် ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ပေးကြရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့တွင် တိုက်တွန်းပြောကြားခဲ့ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ Appeal for Global Ceasefire ကို ထုတ်ပြန်ခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ Appeal for Global Ceasefire ကို ထောက်ခံသည့်အနေဖြင့် COVID-19 ရောဂါကာလအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနိုင်ရန်အတွက် လက်နက်ကိုင်ပဋိပက္ခတွင်သက်ဆိုင်သူများ အားလုံးအနေဖြင့် အနည်းဆုံးရက် ၉၀ ကြာ အပစ်အခတ်ရပ်စဲရန်နှင့် COVID-19 ရောဂါတုံ့ပြန်ရေး အကူအညီပေးရန် အပါအဝင် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့တွင်ဆုံးဖြတ်ခဲ့ပါသည်။ မိမိတို့နိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ကာ နိုင်ငံတကာကျင့်ဝတ်များနှင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အပေါ် လိုက်နာရန်တာဝန်ရှိပြီး အခြားနိုင်ငံများနည်းတူ လိုက်နာကျင့်သုံးလျက်ရှိပါသည်။

၃။ ထို့အပြင် တပ်မတော်အနေဖြင့်လည်း COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နိုင်ငံ့အရေး၊ အမျိုးသားရေးတာဝန်အဖြစ် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ကို ဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်အနေဖြင့် နိုင်ငံတကာ စံနှုန်းအတိုင်း နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန် ကြေညာအပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

❍ ရှေ့ဖုံးမှ

တိုးမြှင့်ရေးကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများအတွက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဆက်လက်ကူညီ ပံ့ပိုးသွားမည့် အခြေအနေ၊ ကိုဗစ်-၁၉ ကာလအတွင်း နှစ်နိုင်ငံနိုင်ငံသားများအတွက် ကယ်ဆယ်ရေးလေယာဉ်များ ဆက်လက်ပျံသန်းပြေးဆွဲပေးရေးနှင့် အပြန်အလှန်သွားလာမှုများ တစ်ဆင့်ချင်း ပြန်လည်ဖွင့်လှစ်သွားရေး၊ မြန်မာနိုင်ငံ၌ နိုဝင်ဘာလအတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ဂျပန်နိုင်ငံမှအကူအညီပေးအပ်ရေးနှင့် လေ့လာသူအဖွဲ့ စေလွှတ်သွားရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ ဂျပန်အစိုးရမှ ကူညီပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားမည့်ကိစ္စ၊ ကိုဗစ်-၁၉ အလွန်ကာလ မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရန် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးချဲ့သွားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးကြရာတွင် ဂျပန်နိုင်ငံအနေဖြင့် သိမ်မွေ့နက်နဲသည့် အခြေအနေကို နားလည်ကြောင်းနှင့် ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် တည်ငြိမ်ရေးအပါအဝင် မြန်မာအစိုးရကိုယ်တိုင် စီမံဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့၏ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ကူညီပံ့ပိုးပေးခြင်းသည် တန်ဖိုးအရှိဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်၌ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် စွမ်းဆောင်ရည်မြှင့်တင်ရန် ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စရပ်များအပေါ် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်မည့် အခြေအနေအပေါ်မူတည်၍ နှစ်နိုင်ငံအကြား ကာလရှည် နေထိုင်ခွင့်ရရှိထားသူများအား အပြန်အလှန် ဝင်ရောက်နိုင်ရေးနှင့်ပတ်သက်၍ တစ်ဆင့်ချင်းဖြေလျှော့သွားရေး ကိစ္စရပ်များကို စက်တင်ဘာလလယ်တွင် ဆက်လက်ဆွေးနွေးရန် နှစ်ဖက်သဘောတူခဲ့ကြသည်။

ထို့ပြင် ဂျပန်နိုင်ငံသို့ ကာလတို လာရောက်လိုသည့် အတတ်ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့်ကို ဖြေလျှော့ပေးမည့် business track အစီအစဉ်နှင့် ဂျပန်အစိုးရမှပေးအပ်သည့် ပညာသင်ဆုရရှိထားသည့် မြန်မာပညာတော်သင်များကို ဂျပန်နိုင်ငံသို့ မကြာမီ ဝင်ရောက်ခွင့်ပြုရေးကိစ္စတို့ကိုလည်း ဆက်လက်ညှိနှိုင်းသွားရန်လည်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစုနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ချေးငွေဆိုင်ရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၀) ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

**နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် နိုင်ငံပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ် ရှေ့ပြေးစီမံကိန်း (Pilot Project) မှ USAID ACDI/VOCA အကူအညီဖြင့် Cash-flow Based Financing Model အသုံးပြု၍ SMEs ချေးငွေထုတ်ချေးနိုင်ရန် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ချေးငွေဆိုင်ရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၁/၂၀၂၀) ဖွင့်ပွဲအား ယနေ့ မွန်းလွဲ ၂ နာရီက မြန်မာ့စီးပွားရေးဘဏ် မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။**




သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ယခုဖွင့်လှစ်မည့် သင်တန်းတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် USAID တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MoU) အရ USAID ACDI/VOCA မှ ကူညီပေးသည့် သင်တန်းအစီအစဉ် ဖြစ်ပါကြောင်း၊ နိုင်ငံပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ် ရှေ့ပြေးစီမံကိန်း (Pilot Project) မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသို့ နှစ်တိုချေးငွေထုတ်ချေးမည့် လုပ်ငန်းစဉ်မှာ အထူးအရေးပါပါကြောင်း၊ ချေးငွေများထုတ်ချေးရာတွင် အပေါင်ပစ္စည်းကို အာမခံထား၍ သမားရိုးကျထုတ်ချေးသည့် နည်းလမ်းထက် SMEs လုပ်ငန်းရှင်များအား Business အခြေခံသည့် Cash-flow Based Financing Model အသုံးပြု၍ ချေးငွေအမျိုးအစားသစ်များ ထုတ်ချေးနိုင်ရေးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရန် လိုအပ်သည့်အတွက် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် USAID Acting Mission Director ဖြစ်သူ Ms. Pamela Fessenden က SMEs Credit Training ဖွင့်လှစ်သင်ကြားရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)နှင့် ပြည်နယ်/တိုင်းဒေသကြီး ရုံးခွဲတို့မှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ထားမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာအွန်လိုင်းကုန်စည်ပြပွဲ Myanmar International Expo of Organic and Natural Products ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အွန်လိုင်းကုန်စည်ပြပွဲ Myanmar International Expo of Organic and Natural Products ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနတွင် ကျင်းပသည်။ (ယာပုံ)

### အွန်လိုင်းမှ ပါဝင်တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အပါအဝင် တရုတ်၊ ဗီယက်နမ်၊ လာအို၊ ကိုရီးယား၊ ဂျပန်၊ ဗြိတိန်၊ အီတလီ၊ ရုရှား၊ အာရပ်စော်ဘွားများနိုင်ငံ၊ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့မှ စိတ်ပါဝင်စားသူများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံသည် နိုင်ငံတကာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့များနည်းတူ ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတကာသို့ မိမိနိုင်ငံ၏ အရည်အသွေးရှိ ထုတ်ကုန်များကို မိတ်ဆက်ပြသနိုင်ရန်နှင့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒတွင် လယ်ယာထွက်ကုန်များကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးပါဝင်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း မြန်မာနိုင်ငံကို စားနပ်ရိက္ခာ ထုတ်လုပ်တင်ပို့သော နိုင်ငံတစ်ခုဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အွန်လိုင်းကုန်စည်ပြပွဲ ပလက်ဖောင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါကုန်စည်ပြပွဲတွင် မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ လာအိုနှင့် ကိုရီးယားနိုင်ငံတို့မှ ကုမ္ပဏီ ၅၀ ကျော်မှ ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ သစ်သီးဝလံများ၊ ရေထွက်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ပါဝင်ပြသမည်ဖြစ်ကြောင်း။

### ကျင်းပသွားမည်

ပြပွဲကာလအတွင်း တရုတ်၊ စင်ကာပူနိုင်ငံတို့မှ ကုန်သည်လုပ်ငန်းရှင်များနှင့် Business Matching များလည်း ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ ဝယ်ယူသူ/လေ့လာသူ အဖြစ် တက်ရောက်ရန် ကြိုတင် စာရင်းပေးသွင်းထားသူ ၂၅၀ ကျော်ရှိကြောင်းနှင့် ၎င်းအွန်လိုင်းကုန်စည်ပြပွဲကို ***စာမျက်နှာ ၇ သို့***

# မြန်မာနိုင်ငံရှိ မီဒီယာနှင့် ရွေးကောက်ပွဲများခေါင်းစဉ်ဖြင့် အဌမအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံရှိမီဒီယာနှင့် ရွေးကောက်ပွဲများ ခေါင်းစဉ်ဖြင့် အဌမအကြိမ် မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ Parkroyal ဟိုတယ်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင်နှင့် ကောင်စီဝင်များ၊ UNESCO, IMS Fogo, Internews, JICA , MYPOL, DW Akademie, BBC Media Action နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး Zoom ဗီဒီယိုကွန်ဖရင့်ဖြင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ယူနက်စကိုနှင့် NGO/INGO တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပသတင်းမီဒီယာများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အဌမအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမှာစကား ပြောကြားစဉ်။



မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) အမှာစကား ပြောကြားစဉ်။

အခမ်းအနားတွင် ယူနက်စကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဌာနမှ Assistant Director General, Mr.Moez Chakchouk က လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးသည် မဲပေးခွင့် တစ်ခုတည်းတင် မဟုတ်ပါကြောင်း၊ ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရာတွင် ရွေးကောက်ပွဲ၌ အများပြည်သူ ပါဝင်ခွင့်၊ သတင်းအချက်အလက် ရရှိခွင့်၊ ရရှိသော သတင်းအချက်အလက်များ အပေါ်တွင် ပြည်သူများအနေဖြင့် ဆုံးဖြတ်ပိုင်ခွင့် ရရှိရန် လိုအပ်ပါကြောင်း၊ ပြည်သူများအနေဖြင့် ပါဝင်ဆွေးနွေးခွင့်လည်း ရရှိရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ရွေးကောက်ပွဲကို အထောက်အကူပြု**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့် အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် လာမည့် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပမည်ဟု ကြေညာထားပြီး ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် စံ ၅ ချက်နှင့်အညီ ကျင်းပသွားမည်ဟု ကတိပေးထားပြီး လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှုနှင့် ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းကျရေးဆိုသည့် အချက် ၅ ချက် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် ရွေးကောက်ပွဲသည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ထို့အတူ ရွေးကောက်ပွဲဆိုင်ရာ အသိပညာများကို ပြည်သူများ သိရှိနားလည်မှသာ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲကိုအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ၊ မဲဆန္ဒရှင်များ လိုက်နာရမည့်အချက်များ၊ မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံရေးပါတီများ လိုက်နာရမည့် စည်းကမ်းများကို ရေးဆွဲထားပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို တင်ပြလျက်ရှိပါကြောင်း၊ ထို့အတူ သတင်းမီဒီယာကောင်စီနှင့် ပူးပေါင်း၍ သတင်းထုတ်ပြန်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန် ဆောင်ရွက်နေပါကြောင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် ပူးပေါင်း၍ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အသိပညာပေး သီချင်းများ၊ ဇာတ်လမ်းတိုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲဆွယ် စည်းရုံးရေးကာလ နီးကပ်လာပြီ ဖြစ်သည့်အတွက် အမုန်းစကားများ၊ သတင်းတုများ၊ သတင်းမှားများကြောင့် ပဋိပက္ခများ မဖြစ်ပေါ်စေရန် သတင်းမီဒီယာကောင်စီနှင့် ဖေ့စ်ဘွတ်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံများ ကျင်းပခဲ့သည်မှာ ၈ ကြိမ်ရှိခဲ့ပြီး မီဒီယာဖွံ့ဖြိုးမှုနှင့် ပတ်သက်သည့် ခေါင်းစဉ်များစွာကို ဆွေးနွေးခဲ့ပါကြောင်း၊ ၈ နှစ်တာကာလအတွင်း မြန်မာ့မီဒီယာလောကသည် အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်ခဲ့သည်ဟု မိမိအနေဖြင့် ထင်မြင်ပါကြောင်း၊ စာပေစိစစ်ရေးစနစ် ရုပ်သိမ်းခဲ့ပြီး နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေလာနိုင်ကြောင်း၊ မီဒီယာအသင်းအဖွဲ့များ၊ ထို့နောက် သတင်းမီဒီယာကောင်စီတို့ ပေါ်ပေါက်လာကြောင်း၊ မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ အယူအဆများ ထွန်းကားလာပြီး မီဒီယာဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများ များစွာပေါ်ပေါက်ခဲ့ပါကြောင်း၊ သတင်းမီဒီယာဥပဒေ ရေးဆွဲရာတွင်လည်း မီဒီယာသမားများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရလာခဲ့ပါကြောင်း၊ မဏ္ဍိုင်လေးရပ် ဆွေးနွေးပွဲများ၊ ဌာနပေါင်းစုံသတင်းစာရှင်းလင်းပွဲများသည် အစဉ်အလာကဲ့သို့ ဖြစ်လာပါကြောင်း။

**လေးလေးနက်နက် ဆောင်ရွက်ကြစေလို**

မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားရာ၌ ကမ္ဘာတွင် ဖြစ်ပေါ်နေသည့် မီဒီယာဆိုင်ရာ နည်းပညာပြောင်းလဲတိုးတက်မှုများ အကြောင်းကိုလည်း အလေးအနက်ထားဆွေးနွေးသင့်ပါကြောင်း၊ ကမ္ဘာတွင် မီဒီယာနှင့်ဆိုင်သည့် နည်းပညာအသစ်များကို မိမိတို့အနေဖြင့် ပြောင်းလဲသုံးစွဲကာ မီဒီယာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်မီဒီယာအသစ်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေးလေးနက်နက် ဆွေးနွေးဆောင်ရွက်ကြစေလိုပါကြောင်း။

မိမိတို့၏ မျှတ၍ ဘက်မလိုက်သည့် သတင်းဖော်ပြမှုများ၊ သတင်းမီဒီယာအဖွဲ့အစည်း အသီးသီး၏ ပိုမိုပြည့်စုံသည့် ရှုထောင့်အသီးသီးမှ ဖော်ပြမှုများနှင့် ပေါင်းစပ်သည့် အခါ အများပြည်သူသည် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံ ရရှိသွားမည်ဖြစ်ပါကြောင်း၊ အမုန်းစကားဖြန့်ဝေခြင်းများ မပေါ်ပေါက်စေရန် ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ပြည်သူ့ထံမှ ဆင်းသက်လာ**

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)က မြန်မာမီဒီယာလောက ဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မိမိတို့ သတင်းမီဒီယာသမားများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် များစွာအောင်မြင်တိုးတက်လာပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းနေသည့် နိုင်ငံတစ်ခုဖြစ်ပြီး အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်လာပါကြောင်း၊

လာမည့် ရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့သည် ကြိုတင်၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး မစ္စတာဂျွန်နေလ်ဆင်က လာမည့်ရွေးကောက်ပွဲသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် မတူညီသည်များ ရှိနိုင်ပါကြောင်း၊ လာမည့် ရွေးကောက်ပွဲသည် ကိုဗစ်ကာလဖြစ်နေပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်သုံးစွဲမှု များပြားနေသည်ကိုလည်း တွေ့ရပါကြောင်း၊ ထိုအချက်များကို ရွေးကောက်ပွဲနှင့် ပတ်သက်၍ စဉ်းစားရာတွင် ထည့်သွင်း စဉ်းစားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ရွေးကောက်ပွဲတွင် မီဒီယာ၏ အခန်းကဏ္ဍ - ၂၀၁၀၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲများမှ နှိုင်းယှဉ်ချက်နှင့် ရရှိခဲ့သော သင်ခန်းစာများ ခေါင်းစဉ်ဖြင့် မျက်နှာစုံညီဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ AFP သတင်းဌာနမှ နိုင်ငံခြားသတင်းထောက် ဒေါ်လှလှငွေးက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီအဖွဲ့ဝင် ဒေါ်အိအိတင်၊ Zoom ဗီဒီယိုကွန်ဖရင့်ဖြင့် ယူနက်စကို ရုံးချုပ် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဌာနမှ Program Specialist Mr. Andrea Cairola နှင့် လွတ်လပ်သော ရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL)မှ စီမံကိန်းအရာရှိ Mr.John Reiner Antiquerra တို့က ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ အွန်လိုင်းမှမေးမြန်းထားသည့် မေးခွန်းများကို မျက်နှာစုံညီဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများက ရှင်းလင်းဖြေကြားကြသည်။

အဌမအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ဩဂုတ် ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲများနှင့် သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေး၊ ရွေးကောက်ပွဲကာလများအတွင်း ကျင့်ဝတ်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများနှင့် စည်းစောင့်မှု၊ ဆိုရှယ်မီဒီယာခေတ်အတွင်းမှ ရွေးကောက်ပွဲများ၊ တိုင်းရင်းသားဒေသ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းများ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းခဲ့မှုများဟူသည့် ခေါင်းစဉ်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်အထိ www.myanmarexpopark.com တွင် အခမဲ့ စာရင်းပေးသွင်း၍ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အရှေ့ဒဂုံမြို့နယ် ရွာသာကြီးစံပြရပ်ကွက်ရှိ National Infra-structure Holding Co.,Ltd မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် Resources Group Logistics သို့ရောက်ရှိပြီး ရှင်းလင်းဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ ဦးမောင်ကျေးက Dry Port အတွင်း အဆောက်အဦများ တည်ဆောက်ပြီးစီးမှု၊ လုပ်ငန်းများ စတင်ဆောင်ရွက်နေမှုများနှင့် Power Regency Fuel Terminal များ တည်ဆောက်ပြီးစီးသုံးစွဲနေမှု၊ ဆီသိုလှောင်ထားရှိနိုင်မှု၊ ဆီအတင်အချ ပြုလုပ်ပေးနိုင်မှု၊ ဆီလက်လီ လက်ကားရောင်းချပေးနိုင်ရန်အတွက် ဆီအရောင်းဆိုင် ၅၀ ဖွင့်လှစ်ရောင်းချပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Logistic Services ကဏ္ဍသည် အလွန်အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေသည့်အတွက် ယင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများကို အားပေးပါကြောင်း၊ Logistic ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ကုန်စည်များ သယ်ယူပို့ဆောင်ရေးတွင် ကုန်ကျစရိတ်နှင့် အချိန်ကို လျှော့ချဆောင်ရွက်နိုင်မည်ဖြစ်ရာ Dry Port လုပ်ငန်းစဉ်များတွင် အမြန်ဆုံးစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် အခက်အခဲများကိုလည်း သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Dry Port အတွင်း သိုလှောင်ထားရှိသည့် စားသောက်ကုန်ပစ္စည်းများ၊ အထည်ချုပ်လုပ်ငန်းနှင့် ဆက်စပ်သည့်ပစ္စည်းများ၊ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာကုန်ကြမ်းများ၊ ဂျုံ၊ တာဝါတိုင်နှင့် လုပ်ငန်းသုံးပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၁ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်း ဒေသကြီး၊ မော်လိုက်မြို့နယ်၊ခဝဲကျေးရွာနေ ဇော်ဦးနှင့် မအေးကြည်၊ သန်းဌွေးတို့သည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၈-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ခဝဲကျေးရွာနေ ဇော်ဦး(၄၁)နှစ်၊ (ဘ)ဦးဝင်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးကြည် (ခ)အေးအေးကြည်(၄၀)နှစ်၊(ဘ)ဦးဝင်းရွှေအား တွေ့ရှိပြီး ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ)၆၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာနေ သန်းဌွေး(၅၆)နှစ်၊ (ဘ)ဦးထွန်းဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၆၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်း ဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရတောင်ကျေးရွာနေ ကျော်နိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ၁၆-၈-၂၀၂၀ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ရတောင်ကျေးရွာနေ ကျော်နိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ကျော်နိုင်အား မတွေ့ရှိဘဲ ၎င်း၏အစ်ကို ဖြစ်သူ မင်းအောင်(၄၁)နှစ်၊ (ဘ)ဦးသာပိန်အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ လက်လုပ်တူမီးသေနတ် (၁)လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သဇင်) မယ(ပ)၅ /၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂(ခ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်း ဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ရွာသစ်ကျေးရွာနေ ဦးအိုကုန်းသည် ၎င်းပိုင် ဥယျာဉ်ခြံထဲ၌ ဘိန်းစာရွက်ပင်များ စိုက်ပျိုးထားပြီး ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ရွာသစ်ကျေးရွာနေ ဦးအိုကုန်း (ခ)အိုတုန်း(၄၂)နှစ်၊ (ဘ) ဦးမောင်မြင့် ၏နေအိမ်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်နေပြီး ၎င်းပိုင်ဥယျာဉ်ခြံအတွင်းမှ ဘိန်းစာရွက်ပင်များတွေ့ရှိသဖြင့် အပင်များဖျက်ဆီးကာ ဘိန်းစာရွက်များအား သိမ်းဆည်းရမိသဖြင့် မမစ (ဘုတ်ပြင်း) မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်လယ်ရပ်ကွက်နေ သူရဇော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၈-၂၀၂၀ ရက်နေ့တွင် ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၊ ဝဲကျွန်းထိန်လယ်ရပ်နေ သူရဇော်(၃၀)နှစ်၊ (ဘ)ဦးဇော်မင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထားဝယ်) မယ(ပ)၅၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်း ဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာနေ ရန်ကြီးအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၂၀ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာနေ ရန်ကြီးအောင် (၅၂)နှစ်၊ (ဘ)ဦးမြလွင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်)မယ(ပ) ၄၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွား လမ်းပေါ်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၉) မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၃၂)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၆-၈-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွား ကားလမ်းမပေါ်၌ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ခလယ်တံခွန်တိုင်ကျေးရွာနေ ချမ်းငြိမ်း (၂၃)နှစ်၊ (ဘ)ဦးအောင်ကြည်နှင့် မြဦး(၃၅)နှစ်၊ (ဘ)ဦးဆောင်းဦးတို့(၂)ဦးအား WYစာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်)မယ(ပ)၄၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းမြေတိုင်း (၂၆)ရပ်ကွက်တွင် လူငယ်များသည် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ၂၁-၈-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း (၂၆)ရပ်ကွက်၊ ကျန်စစ်သားလမ်းမပေါ်၌ ၎င်းမြို့နယ်၊ (၁၉)ရပ်ကွက်နေ ဇင်ကိုကို(ခ)အောင်မြင့်သန်း(၂၁)နှစ်၊ (ဘ) ဦးမောင်မြင့်အား စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ)မယ(ပ)၈၅/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အေးသာယာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်နေ ကုလားလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၈)နေ ကုလားလေး(ခ)မဂျစ် (ခ)ကျော်ဦး(၄၂)နှစ်၊ (ဘ)ဦးလှမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရပ်ကွက်(၇)နေ ချစ်ဦးလွင်(ခ)သားကြီး (၂၃)နှစ်၊ (ဘ)ဦးဆန်းလင်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အေးသာယာ) မယ(ပ)၂၂/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဒေါ်အေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၈-၂၀၂၀ ရက်နေ့တွင် မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ အမှတ် (၃) ရပ်ကွက်နေ ဒေါ်အေး(၅၃)နှစ်၊ (ဘ)ဦးတာ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ အောင်ကျော်ငြိမ်း(ခ)မင်းထက်စိုး(၃၄)နှစ်၊ (ဘ) ဦးအောင်မောင်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကျိုင်းတောင်း) မယ(ပ)၂/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၂-၈-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၂၉၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၆၆၃)ဦး၊ မ(၃၂၈)ဦး၊ ပေါင်း(၁၉၉၁)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၀၅၂.၂၆၉၄)ဂရမ်၊ ICE (၁၄၃၅.၄၂) ဂရမ်၊ ဘိန်း(၄၄၃၈၇.၂၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၃၆၃.၇၆)ဂရမ်၊ ဘိန်းစာရွက် (၅၁၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၆၆၀၇၈)ပြား၊ ဆေးခြောက် (၁၃၄၇၄.၃၆)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၇)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

## ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ




နေပြည်တော် ဩဂုတ် ၂၄

ဩဂုတ် ၂၂ ရက်က သံလွင်မြစ်ရေမြင့်တက်၍ မြစ်ရေဝင်ရောက်မှုကြောင့် ကယားပြည်နယ် ဖားဆောင်းမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာ လေးခုတို့မှ အိမ်ထောင်စု ၁၆၄ စု၊ လူဦးရေ ၆၆၃ ဦးတို့သည် ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရေဘေးရှောင်နေရာ ရှစ်ခုနှင့် ဆွေမျိုးနေအိမ်များသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတွင်းမြစ်ရေလျှံတက်ပြီး မြစ်ရေများ ဝင်ရောက်မှုကြောင့် မော်လိုက်၊ ဆားလင်းကြီး၊ မင်းကင်းနှင့် ကနီမြို့နယ်တို့ရှိ ရပ်ကွက်/ ကျေးရွာ ၁၅ ခုတို့မှ အိမ်ထောင်စု ၁၀၆ စု၊ လူဦးရေ ၅၃၂ ဦးတို့သည် ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရေဘေးရှောင်နေရာ သုံးခုနှင့် ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးနှင့် ကနီမြို့နယ်ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများသည် ဘေးသင့်နေရာများသို့ သွားရောက်၍ ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၁၈၁၆,၅၀၀ နှင့် နှာခေါင်းစည်း၊ ဆပ်ပြာများအား ယနေ့တွင် ထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ထို့နောက် ၂၀၂၀ – ၂၀၂၁ခု၊ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညွှာစိုးက ဥပဒေကြမ်း၏ အခန်း(၁)၏ အခန်းခေါင်းစဉ်၊ အပိုဒ်(၁)၊ (၂)၊ (၃)၊ အခန်း(၂)၏ အခန်းခေါင်းစဉ်၊ အပိုဒ်(၄)၊ အခန်း(၃)၏ အခန်းခေါင်းစဉ်၊ အပိုဒ်(၅)မှ အပိုဒ်(၁၄)အထိကို မူလအဆိုပြုချက်အတိုင်း အတည်ပြုပေးနိုင်ရန် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

## လွှတ်တော်၏ဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်သွားမည်

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေကြမ်း၏ ခေါင်းစဉ်နှင့် နိဒါန်းသည် မူလအဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ဥပဒေကြမ်း၏ ပူးတွဲဇယား(၁) မှ (၇) အထိ ပါရှိသည့်စီမံကိန်းတန်ဖိုးများနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ(၂)ပါ စီမံကိန်းလုပ်ငန်းများအပေါ် လွှတ်တော်၏ဆုံးဖြတ်ချက်နှင့်အညီ ရရှိသည့်ကိန်းဂဏန်းတန်ဖိုးများအတိုင်း ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သံလွင်မြစ်ကူးတံတား (တာဆန်း) ကြိုးတံတားတည်ဆောက်ခြင်း စီမံကိန်းအတွက် ဩစတြီးယားနိုင်ငံ UniCredit Bank ထံမှ အတိုးမဲ့ချေးငွေယူရို ၈ ဒသမ ၄ သန်းရယူရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က သံလွင်မြစ်ကူးတံတား(တာဆန်း) သည် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ကို ဆက်သွယ်ထားသည့် နမ့်စန် – မိုးနဲ – မိုင်းတုံ – မိုင်းဆတ် – တာချီလိတ်လမ်းအကြားတွင် တည်ရှိသော တံတားအမှတ်(၁/၁၈၇) ဖြစ်ပါကြောင်း၊ အဆိုပါတံတားသည် မြန်မာ–ထိုင်း နှစ်နိုင်ငံ နယ်စပ်မြို့ဖြစ်သည့် တာချီလိတ်မြို့နှင့် ဆက်သွယ်ထားသော လမ်းမကြီးပေါ်တွင်တည်ရှိသောကြောင့် နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုအတွက် အရေးပါသည့် တံတား(၁)စင်းလည်း ဖြစ်ပါကြောင်း။

တာဆန်းကြိုးတံတားကို ရေရှည်အသုံးပြုနိုင်ရန်အတွက် ခံနိုင်ဝန် ၁၆ တန်သာ ခွင့်ပြုထားသောကြောင့် (၁၀)ဘီးနှင့်အထက် ကုန်တင်ယာဉ်ကြီးများ တံတားသို့ ရောက်ရှိပြီး ယာဉ် + ကုန် (၁၆)တန်ထက် ကျော်လွန်ပါက ကုန်ပစ္စည်းများကို တစ်ဖက်ကမ်းသို့ ယာဉ်ငယ်များဖြင့် ပို့ဆောင်ရသည့်အတွက် အချိန်ကြာမြင့်ခြင်း၊ သယ်ယူပို့ဆောင်ခများ အပိုကုန်ကျခြင်းတို့ကြောင့် ကုန်ပစ္စည်းဈေးနှုန်းများမှာ သာမန်ထက် မြင့်တက်လျက်ရှိပါကြောင်း။

ထို့ပြင် နမ့်စန် – မိုးနဲ – မိုင်းတုံ – မိုင်းဆတ် – တာချီလိတ် လမ်းသည် (NH–23)လမ်းမကြီးဖြစ်ပြီး တန်(၃၀)အထက် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာလျက်ရှိရာ ၎င်းလမ်းပေါ်တွင်ရှိသည့် တာဆန်းတံတားသည် အဓိကကျသည့် တံတားဖြစ်သောကြောင့် လက်ရှိကြိုးတံတား၏ ရေစုန်ဘက်တွင် ခံနိုင်ဝန် တန်(၆၀)ရှိသည့် တံတား အသစ်(၁)စင်း အဆင့်မြှင့်တင် တည်ဆောက်ရန် လိုအပ်လျက် ရှိပါကြောင်း။

## အကျိုးကျေးဇူးများ ရရှိမည်

တာဆန်းတံတားသည် နိုင်ငံ့ထွက်ပေါက် နယ်စပ်ဒေသတွင် ဘက်စုံအသုံးပြုနိုင်မည့် အဓိကကျသည့် လမ်းမကြီးပေါ်တွင် တည်ရှိသည့် မဟာဗျူဟာအရ အရေးပါသော တံတား(၁)စင်း ဖြစ်သောကြောင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများသို့ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် ဒေသထွက် ကုန်ပစ္စည်းများကို ဒေသတွင်းသာမက အိမ်နီးချင်းနိုင်ငံများသို့ပါ ပို့ဆောင်နိုင်မည်ဖြစ်ခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

တံတားတည်ဆောက်ရာတွင် တံတားသံပေါင်များကို အရည်အသွေးမြင့် ဥရောပသံပေါင်များကို အသုံးပြုမည်ဖြစ်ပြီး မြန်မာအင်ဂျင်နီယာများအတွက် ကြိုးတံတား သံပေါင်တပ်ဆင်ခြင်း နည်းပညာသစ် အတွေ့အကြုံများလည်း ရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သံလွင်မြစ်ကူးကြိုးတံတား (တာဆန်း) တည်ဆောက်ခြင်း စီမံကိန်းအတွက် လိုအပ်သော သံပေါင်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန် ဩစတြီးယားနိုင်ငံ UniCredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရို(၈ ဒသမ ၄)သန်း ချေးယူမည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ယခုချေးငွေစီမံကိန်းသည် နိုင်ငံတော်၏ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်ပါကြောင်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေတို့နှင့် ကိုက်ညီပါကြောင်း၊ ၂၀၁၈ ခုနှစ် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာ မူဝါဒများနှင့်လည်း ကိုက်ညီပါကြောင်း၊ ထို့ကြောင့် သံလွင်မြစ်ကူးတံတား (တာဆန်း) ကြိုးတံတားတည်ဆောက်ခြင်းစီမံကိန်းအတွက် လိုအပ်သည့် သံပေါင်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဩစတြီးယားနိုင်ငံ UniCredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရို ၈ ဒသမ ၄သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဩဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# (၁၂) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

(၁၂) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



(၁၂) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အဆင့်မြင့် စီးပွားရေး အရာရှိများမှ တင်ပြလာသည့် အစီရင်ခံစာနှင့် စီအယ်လ်အမ်ဗွီ လုပ်ငန်းစီမံချက် ၂၀၁၉–၂၀၂၀ ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြပြီး စီအယ်လ်အမ်ဗွီ လုပ်ငန်းစီမံချက် ၂၀၂၁–၂၀၂၂ ကို အတည်ပြုခဲ့ကြသည်။ ထို့ပြင် ကိုဗစ်–၁၉ ကပ်ရောဂါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက စီအယ်လ်အမ်ဗွီ လုပ်ငန်းစီမံချက် ၂၀၂၁–၂၀၂၂ တွင် ပါဝင်သောအစီအစဉ်များသည် မိမိတို့ နိုင်ငံများ၏ လိုအပ်ချက်များ၊ ဦးစားပေးအစီအစဉ်များနှင့် ကိုက်ညီပါကြောင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ အထူးသဖြင့် မိမိတို့ စီအယ်လ်အမ်ဗွီနိုင်ငံများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အရင်းအနှီး လိုအပ်ချက်အတွက် Two–Step Loan ချေးငွေအစီအစဉ်ကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

စီအယ်လ်အမ်ဗွီလုပ်ငန်းစီမံချက် ၂၀၂၁–၂၀၂၂ တွင် “Pandemic Recovery Plan” ထည့်သွင်းခြင်းကို ကြိုဆိုပါကြောင်းနှင့် အဆိုပါလုပ်ငန်းစီမံချက်သည် ယခုဆောင်ရွက်လျက်ရှိသော ဒေသတွင်းပေါင်းစည်းမှုဆိုင်ရာ ဆောင်ရွက်မှုများကို အကျိုးရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် နိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်မှုများ သက်သာစေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကိုလည်း ဆွေးနွေးပြောကြားသည်။ ထို့နောက် အစည်းအဝေးက (၁၂) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲသတင်း ထုတ်ပြန်ချက်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစု နှင့်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၂၄**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစု ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ က လေကြောင်းခရီးဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ နေပြည်တော်သို့ ရောက်ရှိသည်။ (ဝဲပုံ)

### ကြိုဆိုနှုတ်ဆက်

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိယို မာရုယာမ နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## ရောဝတီမြစ်ရေ ညောင်ဦးမြို့တွင် စိုးရိမ်ရေမှတ်အထက်ဆက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ ညနေ ၅နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် တောင်ကြီးခရိုင် မီးသတ်စခန်း သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးခရိုင် မီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ခရိုင်မီးသတ်စခန်း လေ့ကျင့်ရေးကွင်း၌ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ ခရိုင်မီးသတ်စခန်းရှိ မီးသတ်ယာဉ်များအား စစ်ဆေးခြင်း၊ တပ်ဖွဲ့ဝင်များ၏ မီးသတ်စွမ်းရည်ပြသခြင်းနှင့် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဝယ်ယူထားသည့် မီးသတ်ယာဉ် ၁၅ စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် နှစ်စီး၊ လူနာတင်ယာဉ် နှစ်စီး စုစုပေါင်း ၁၉ စီးတို့၏ စွမ်းဆောင်ရည်ပြသခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်မီးသတ်အစည်းအဝေးခန်းမ၌ ပြည်နယ်မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးတင်မင်းက လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ပြခန်း၌ ခင်းကျင်းပြသထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် အတည်ပြုခြင်းနှင့် ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ဆိုင်ရာ လူငယ်လုပ်အားပေးအစီအစဉ် ရှင်းလင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၄

**မြန်မာနိုင်ငံလူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ လူငယ်ရေးရာကော်မတီဝင် လူငယ်များအား အသိပေး ရှင်းလင်းဆွေးနွေးခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ယနေ့မွန်းလွဲပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပသည်။** (ဝဲအောက်ပုံ)



ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ကော်မတီဝင်လူငယ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ UNFPA Myanmar နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့အစိုးရက ပြည်သူများ၏ ဆန္ဒနှင့် လိုအပ်ချက်များကို ဥပဒေဘောင်အတွင်းက ဖော်ဆောင်ပေးခြင်းဖြစ်ပါကြောင်း၊ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရှေးဦးအရွယ်ကလေးသူငယ်များကို ပြုစုပျိုးထောင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ဥပဒေများ ချမှတ်ပေးခဲ့ပြီး ကလေးဘဝ ရှေ့ဆောင် ရက်(၁၀၀၀) စီမံချက် (MCCT)၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (ECCD) စီမံချက်၊ မသန်စွမ်းမှုကို ကာကွယ်နိုင်သည့် (ECI) စီမံချက်တို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အရည်အချင်းပြည့်ဝသည့် အနာဂတ်မျိုးဆက်သစ်များ ထွက်ပေါ်လာရန် ရည်ရွယ်ပါကြောင်း၊ သို့မှသာ ဉာဏ်ရည်ထက်မြက်သော၊ ကျန်းမာသော မျိုးဆက်သစ်လူငယ်များထွက်ပေါ်လာမည်ဖြစ်ပါကြောင်း၊ လူငယ်ကာလအတွက် ကလေးဘဝအစ ရက်(၁၀၀၀) က စတင်နေချိန်မှာပင် မျက်မှောက်ခေတ်လူငယ်များအတွက် အခွင့်အရေးများကို အပြည့်အဝရရှိရန် ဖော်ဆောင်ပေးမည့် လူငယ်ရေးရာမူဝါဒ ပေါ်ပေါက်အောင် လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့တွင် လူငယ်များကိုယ်တိုင်ပါဝင်ရေးဆွဲပြီး ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရမည့် လူငယ်ရေးရာမူဝါဒဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀ - ၂၀၂၄) ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုပေးခဲ့ပြီးဖြစ်သည်ကို ဝမ်းမြောက်စွာ အသိပေးလိုပါကြောင်း၊ မဟာဗျူဟာပါလုပ်ငန်းစဉ်များသည် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်း၊ လူငယ်တစ်ဦးချင်းက အခွင့်အရေးများကို တရားမျှတခြင်း၊ လွတ်လပ်လုံခြုံခြင်း၊ သာတူညီမျှခြင်းတို့ဖြင့် ခံစားရရှိနိုင်ရေး၊ အနာဂတ်နိုင်ငံကို လက်ဆင့်ကမ်းအမွေရယူပြီး ငြိမ်းချမ်းသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် မလွဲမသွေ ပြည်ထောင်စုနိုင်ငံဖြစ်ရမည် ဖြစ်ကြောင်း၊ လူမျိုးပေါင်းစုံနေထိုင်သည့် ပြည်ထောင်စုနိုင်ငံတွင် လူမျိုးတိုင်း၏ မျိုးချစ်စိတ်များကို ညီညွတ်စွာဖြင့် တစ်စုတစ်စည်းဖြစ်သော ပြည်ထောင်စုစိတ်အဖြစ် ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အစိုးရ၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ စတုတ္ထအကြိမ် အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြုပြီး လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် “စည်းလုံးညီညွတ်သည့် တစ်ခုတည်းသော ပြည်ထောင်စု” ကို နိုင်ငံသားအားလုံး စုပေါင်းပုံဖော်ရန် သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ လူငယ်များသည် ၎င်းတာဝန်များကို ဆက်လက်လက်ဆင့်ကမ်းအမွေယူ၍ မိမိတို့ တာဝန်ယူရမည့် ကဏ္ဍအသီးသီးတွင် တာဝန်ကျေနိုင်ကြရန် စွမ်းဆောင်ရည်များကို မြှင့်တင်ထားနိုင်ရန် လိုပါကြောင်း၊ လူငယ်များ အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးတညီတညွတ်တည်း မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀ - ၂၀၂၄) ကို ဦးစားပေးကဏ္ဍများဖော်ထုတ်ပြီး ဒေသအလိုက် နည်းဗျူဟာလုပ်ငန်းစဉ်များ ဖော်ဆောင်ကာ သစ်လွင်ဆန်းသစ်သော စိတ်ကူးစိတ်သန်း၊ တွေးခေါ်ဖန်တီးမှုများ၊ အပြုသဘောဆောင်သော သုံးသပ်အကြံပြုခြင်း၊ အချင်းချင်း အတွေ့အကြုံ အသိအမြင်များ ဖလှယ်ခြင်းများဖြင့် အားလုံးလက်တွဲပူးပေါင်း အကောင်အထည်ဖော်ကြရန် တိုက်တွန်းပါကြောင်း၊ လတ်တလောအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေး အစိုးရ၏ လုပ်ငန်းစဉ်များတွင် လူငယ်များက မည်သည့်ဒေသတွင်နေထိုင်စေကာမူ တစ်ခုတည်းသော ပြည်ထောင်စုစိတ်ဖြင့် ပါဝင်ကူညီကြရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် စေတနာ့ဝန်ထမ်းလူငယ်များ အလှည့်ကျတစ်လခန့်ကြာ လုပ်အားပေး တာဝန်ထမ်းဆောင်ရန် စီစဉ်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မိမိတို့ဒေသအလိုက် ပါဝင်ခဲ့ကြသော စေတနာ့ဝန်ထမ်းလူငယ်များအနေဖြင့် မိမိတို့၏ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူးက လူငယ်ရေးရာမူဝါဒအရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ဦးစားပေးကဏ္ဍများ၊ ဒေသအလိုက်ရေးဆွဲထားသော လုပ်ငန်းစီမံချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသော လူငယ်ရေးရာကော်မတီဝင်များက မဟာဗျူဟာနှင့် ပတ်သက်၍ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ထပ်မံဆွေးနွေးနိုင်ရေး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် လူငယ်ကော်မတီများ ဆက်လက်ဖွဲ့စည်းနိုင်ရေး၊ အတည်ပြုပြီးသော မဟာဗျူဟာကို ဖြန့်ဝေပေးနိုင်ရေး၊ အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များအလိုက် ဘဏ္ဍာရန်ပုံငွေရရှိရေး၊ လူငယ်စင်တာမြေနေရာရရှိရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အတွက် အစိုးရက ဆောင်ရွက်မည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် မိမိတို့ဆန္ဒအရ ပါဝင်ကူညီပေးနိုင်မည့် လူငယ်စေတနာ့ဝန်ထမ်းများအား စုစည်းပါဝင်နိုင်ရေးတို့ကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးညှိနှိုင်းပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ထန်းတပင်မြို့နယ်အတွင်းရှိ မျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေများပေးအပ်

**ထန်းတပင် ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ ၂၀၁၉-၂၀၂၀ မိုးစပါးရာသီ မျိုးစေ့ထုတ်တောင်သူများအား ကိုဗစ်-၁၉ ကာလ စီးပွားရေး ကုစားမှုအစီအစဉ်အရ သွင်းအားစု မျိုးကောင်းမျိုးသန့်များ လိုအပ်သည့်အချိန်တွင် ရယူသုံးစွဲနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက်က ဇရပ်ကြီး စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုစခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေတို့က အမှာစကားများ ပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုစိုးက ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၈ ခုတွင် မိုးစပါး မျိုးစေ့ထုတ်တောင်သူ ၁၉၃ ဦးအား အထွက်ကောင်းမျိုးစေ့ထုတ် တစ်ဧကလျှင် ငွေကျပ် ၁၄၈၅၀၀ နှုန်းနှင့် အဆင့်မြင့်အရည်အသွေးကောင်း မျိုးစေ့တစ်ဧကလျှင် ငွေကျပ် ၁၅၀၅၀၀ နှုန်းဖြင့် စိုက်ဧက ၆၇၈ ဧကအတွက် ငွေကျပ်သိန်း ၁၀၀၆၈၉၀၀၀၀ ကို တာဝန်ရှိသူများက တက်ရောက်လာသော တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းလွင်(ဆွာ)



# အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့၏ တွေ့ဆုံပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၂၄

အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့၏ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ (ဓါတ်ပုံ)

တွေ့ဆုံပွဲတွင် အာဆီယံစီးပွားရေးအကြံပေး ကောင်စီအဖွဲ့ဝင်များက အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး၊ ASEAN Business Awards၊ Digital Stars Legacy Project၊ ASEAN Mentorship for Entre-preneurs Network၊ SGConnect၊ Digital Trade Connect နှင့် COVID-19 ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များ စသည့်ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဦးဇရက်ဆင်းက ဒေသတွင်းလူမှုစီးပွားသက်ရောက်မှုများကို လျှော့ချနိုင်ရေးအတွက် အာဆီယံ၏ ကြိုးပမ်းအားထုတ်မှုများကို ခိုင်မာအားကောင်းစေရန် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ ASEAN-BAC မှ တင်ပြသည့် အဆိုပြုလွှာ၏နယ်ပယ်ကို ကဏ္ဍစုံနှင့် မဏ္ဍိုင်စုံ ပူးပေါင်းဆောင်ရွက်မှုဖြစ်စေရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ အာဆီယံစီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းတာဝန်များထမ်းဆောင်ခြင်းအတွက် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ချီးမြှင့်နိုင်ရေးကိစ္စနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ယဉ်ကျေးမှုအမွေအနှစ် ဒေသများကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေး ကော်မတီများတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းအတွက် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ချီးမြှင့်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန အမျိုးသားပြတိုက် (ရန်ကုန်)၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဥပဒေပညာရှင်များ၊ ကမ္ဘာ့အမွေအနှစ်ဒေသများဖြစ်ကြသည့် ပုဂံ၊ ဟန်လင်း၊ ဗိဿနိုး၊သရေခေတ္တရာမြို့ဟောင်းများ တည်ရှိရာ တိုင်းဒေသကြီးများ ဖြစ်ကြသည့် မကွေး၊ စစ်ကိုင်း ၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး ကော်မတီတို့မှ ကော်မတီဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကို ၂၀၁၉ ခုနှစ် တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ အဆိုပါဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအဆင့် ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီကို ဆက်စပ်ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပြီး ယင်းကော်မတီဝင်များ အနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန် လုပ်ဆောင်ရမည့် အချက်များနှင့် လုပ်ပိုင်ခွင့်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစီမံဆောင်ရွက်နိုင်စေရန် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်အတွက် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးကျော်စိန်က ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် ပုဂံဒေသအတွက် ထုတ်ပြန်မည့် အမိန့်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်းနှင့် အဆိုပါဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ရီရီမြင့်**

◆ *ကျောဖုံးမှ*

ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် တွေ့ရှိခဲ့ရသော COVID-19 ရောဂါပိုးနှင့်မတူဘဲ တစ်ပတ်အတွင်းခန့်တွင် အလွန်လျင်မြန်စွာ ကူးစက်ပြန့်ပွားခဲ့ကြောင်း တွေ့ရှိရသဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ မြင့်မားမှုရှိမှသာ ထိရောက်စွာ ထိန်းချုပ်ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**(၁) ကယ်ဆယ်ရေးစခန်းအတွင်းရှိ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရန် အချက်များ -**

- သံသယလူနာများအား ရှာဖွေထောက်လှမ်းသည့်လုပ်ငန်း (Surveillance activities) များအား ပူးတွဲပါ Case Definitions for Surveillance အတိုင်း အခြေခံကျန်းမာရေးပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းမှ တာဝန်ရှိဝန်ထမ်းများ၊ ကယ်ဆယ်ရေးစခန်း တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ကယ်ဆယ်ရေးစခန်း၏ စီမံခန့်ခွဲမှုအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပေးပို့ထားရှိပြီးဖြစ်သော ကျန်းမာရေးပညာပေး အသိပေးနှိုးဆော်ချက်များအား မြန်မာဘာသာနှင့် ဘင်္ဂါလီဘာသာတို့ဖြင့် ကယ်ဆယ်ရေးစခန်းများတွင် လက်ကိုင်အသံချဲ့စက် (handheld speaker) များ အသုံးပြု၍ တစ်နေ့လျှင် (၅) ကြိမ် ဆောင်ရွက်ရန်၊
- ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများအား မိုးလုံလေလုံနေရာများတွင် တတ်နိုင်သမျှ တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ ထားရှိနေရာချထားပေးနိုင်ရန်၊
- ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများသုံးစွဲရန် ရေအဆက်မပြတ်ရရှိနိုင်ရေး စီစဉ်ပေးရန်နှင့် လက်ဆေးရန်နေရာ (Hand Washing Station - ဆပ်ပြာ၊ ရေ၊ ဘေစင်၊ လက်သန့်စင်ဆေးရည် စသည်) များအား လူဦးရေပေါ်မူတည်၍ လုံလောက်စွာ ထားရှိပေးရန်၊
- ကယ်ဆယ်ရေးစခန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းနှင့်အမှိုက်များအား စနစ်တကျ စွန့်ပစ်နိုင်စေရေး စီစဉ်ဆောင်ရွက်ပေးရန်၊
- ကယ်ဆယ်ရေးစခန်းများတွင် ပစ္စည်းဝေခြင်း၊ ရိက္ခာပေးခြင်းစသည့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် လူစုလူဝေးမဖြစ်ပွားစေရန် အလေးထား၍ စီစဉ်ဆောင်ရွက်ရန်၊
- ကယ်ဆယ်ရေးစခန်းများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ နောက်ဆုံးထွက်ရှိထားသော လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ရန်၊
- ကယ်ဆယ်ရေးစခန်းများအတွင်း သံသယလူနာများအတွက် သီးခြားထားရှိရန်နေရာများ (Isolation/ Quarantine place) ကြိုတင်စီစဉ်ထားရှိပေးရန်နှင့် သံသယလူနာတွေ့ရှိမှုအား သက်ဆိုင်ရာကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားရန်၊
- ကယ်ဆယ်ရေးစခန်းများ၏ လူဦးရေစာရင်း (တိုး/ လျော့) အား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဌာနသို့ နေ့စဉ်သတင်းပို့ရန်၊
- ကျန်းမာရေးဌာနနှင့်ညှိနှိုင်းတိုင်ပင်၍ မိမိတို့၏ ကယ်ဆယ်ရေးစခန်းများရှိ ရောဂါကူးစက်နိုင်ခြေများသော အုပ်စုများအား ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာ ရယူစစ်ဆေးရန်၊
- ကယ်ဆယ်ရေးစခန်းများအတွင်း နေထိုင်သူများအနေဖြင့် မည်သည့်ကျန်းမာရေးပြဿနာဖြစ်စေ ဖြစ်ပွားပါက ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်အကြောင်းကြားရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခမဲ့တာဝန်ယူ ကုသပေးမည်ကို သိရှိစေရန်၊
- ကယ်ဆယ်ရေးစခန်းများရှိ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအပါအဝင် အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရန်၊
- ကယ်ဆယ်ရေးစခန်းများအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးကိစ္စရပ်များနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကိစ္စရပ်များအား အထူးအလေးထားစီစဉ်ဆောင်ရွက်ပေးရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဆောင်ရန်၊ ရှောင်ရန်ညွှန်ကြားချက်များကို အမြဲတစေဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ကြရန်၊

**(၂) ကယ်ဆယ်ရေးစခန်းတွင် နေထိုင်သူများ လိုက်နာဆောင်ရွက်ရန် အချက်များ -**

- ကယ်ဆယ်ရေးစခန်းတွင်နေထိုင်သူတစ်ဦးစီတိုင်းသည် မိမိတို့ကိုယ်တိုင် ရောဂါကူးစက်ခံရမှု မရှိစေရေးနှင့် မိမိတို့မှတစ်ဆင့် ရောဂါဆက်လက်ပြန့်ပွားမှု မရှိစေရေးအတွက် အခြားသူများ နှင့် (၆)ပေအတွင်း ပြောဆိုဆက်ဆံရမည်ဆိုပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) များကို စနစ်တကျ တပ်ဆင်အသုံးပြုကြရန်၊
- ကယ်ဆယ်ရေးစခန်းများအတွင်း လူများစုဝေးခြင်းကိစ္စရပ်များနှင့် အခမ်းအနားများ မပြုလုပ်ကြရန်၊
- လူစုလူဝေးနေရာများအား တတ်နိုင်သမျှ ရှောင်ကြဉ်ရန်၊ တစ်ဦးနှင့်တစ်ဦးကြား (၆)ပေအကွာ ခပ်ခွာခွာနေထိုင်ရန်၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ရန်၊ အသုံးပြုပြီးသော တစ်ရှူးကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စွန့်ပစ်ရန်၊ ပြီးလျှင် လက်ကိုစနစ်တကျပြန်ဆေးရန်၊
- ဆပ်ပြာနှင့်ရေကိုအသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးကြောရန် (သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုရန်၊
- ကယ်ဆယ်ရေးစခန်းတွင် နေထိုင်သူများအနေဖြင့် ခွင့်ပြုချက်မရဘဲ မိမိသဘောဖြင့် ကယ်ဆယ်ရေးစခန်းပြင်ပသို့ ထွက်ခွာခြင်း (သို့မဟုတ်) တစ်ဖက်နိုင်ငံသို့သွားရောက်ခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေဖြင့် အရေးယူခြင်းခံရမည်ကို သိရှိစေရန်၊
- မိမိတွင် သံသယရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အမြန်ဆုံးသွားရောက်ပြသကြရန်၊

**(၃) ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်နေသူများ လိုက်နာရန်အချက်များ -**

- လုပ်ငန်းဆောင်ရွက်မည့် လူပုဂ္ဂိုလ်များ၏စာရင်းအား စနစ်တကျပြုစု၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ကြိုတင်ပေးပို့ထားရှိရန်၊
- အဆိုပါ လုပ်ငန်းဆောင်ရွက်မည့်သူများအနေဖြင့် အလုပ်ချိန်မှအပ ကျန်အချိန်များတွင် အဖွဲ့အစည်း၏ သီးသန့်နေအိမ်၌ အသွားအလာကန့်သတ်နေထိုင်ရန်၊
- တာဝန်ထမ်းဆောင်မည့်သူများ အားလုံးထံမှ ဓာတ်ခွဲနမူနာရယူ၍ COVID-19 ရောဂါ ကူးစက်ခံရမှုရှိ/မရှိ ဓာတ်ခွဲစစ်ဆေးပြီး ဓာတ်ခွဲနမူနာတွင် COVID-19 ရောဂါပိုး မတွေ့ရှိမှသာ တာဝန်ထမ်းဆောင်ရန်၊
- လုပ်ငန်းဆောင်ရွက်မည့်သူသည် နေမကောင်းဖြစ်ပါက ကယ်ဆယ်ရေးစခန်းများသို့ လုံးဝ (လုံးဝ) သွားရောက်ခြင်းမပြုရန်နှင့် ကျန်းမာရေးဌာနများသို့ ချက်ချင်းဆက်သွယ် အကြောင်းကြားရန်၊
- ကျန်အဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအား ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း စောင့်ဆိုင်းလိုက်နာဆောင်ရွက်ရန်၊
- ဖျားနာသူ (သို့မဟုတ်) COVID-19 ရောဂါ သံသယလက္ခဏာရှိသူများရှိပါက ဆေးရုံသို့ အမြန်ဆုံးလွှဲပြောင်းစမ်းသပ်ကုသမှုခံယူရန်၊

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**နောက်ဆက်တွဲ**

**ရောဂါအဓိပ္ပာယ်သတ်မှတ်ချက် (Case Definitions for Surveillance)**

**သံသယလူနာ (Suspected case)**

လူနာသည် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများရှိခြင်း (ဖျားခြင်းနှင့် ချောင်းဆိုးခြင်း (သို့မဟုတ်) အသက်ရှူကျပ်ခြင်း) နှင့် အဆိုပါလူနာသည် ရောဂါလက္ခဏာများ မပေါ်ပေါက်မီ (၁၄) ရက်အတွင်း လူထုအတွင်း ကူးစက်မှု (Community Transmission) ရှိသည့် နိုင်ငံ/ဒေသများသို့ ခရီးသွားရာဇဝင်ရှိခြင်း၊ (သို့မဟုတ်) နေထိုင်သော ရာဇဝင်ရှိခြင်းတို့ ရှိပါက သံသယလူနာအဖြစ် သတ်မှတ်သည်။

(သို့မဟုတ်)

လူနာသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများရှိခြင်း၊ ရောဂါလက္ခဏာများ မပေါ်ပေါက်မီ (၁၄) ရက်အတွင်း COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (သို့မဟုတ်) COVID-19 ဖြစ်နိုင်ခြေရှိသော လူနာနှင့် ထိတွေ့မှုရှိခြင်းများရှိပါက သံသယလူနာအဖြစ် သတ်မှတ်သည်။

(သို့မဟုတ်)

လူနာသည် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများရှိခြင်း (ဖျားခြင်းနှင့် ချောင်းဆိုးခြင်း (သို့မဟုတ်) အသက်ရှူကျပ်ခြင်း)၊ ရောဂါအခြေအနေအရ ဆေးရုံတက်ရောက်ကုသမှု ခံယူရန်လိုအပ်ခြင်း၊ ရောဂါဖြစ်ပွားစေသည့်အကြောင်းအရာ တိကျစွာ ဖော်ထုတ်နိုင်ခြင်း မရှိပါက သံသယလူနာအဖြစ် သတ်မှတ်သည်။

**ရောဂါဖြစ်ပွားနိုင်ခြေရှိသောလူနာ**

လူနာ၏ ဓာတ်ခွဲနမူနာများမှ Coronavirus (COVID-19) ရောဂါပိုးအား ဓာတ်ခွဲစစ်ဆေးရာတွင် ဓာတ်ခွဲအဖြေတွင် တိကျစွာဖော်ထုတ်နိုင်ခြင်းမရှိသူ (သို့မဟုတ်) အကြောင်းအမျိုးမျိုးကြောင့် ဓာတ်ခွဲစစ်ဆေးနိုင်ခြင်းမရှိသူ သံသယလူနာများအား ရောဂါဖြစ်ပွားနိုင်ခြေရှိသော လူနာအဖြစ် သတ်မှတ်သည်။

**အတည်ပြုလူနာ**

အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ Coronavirus (COVID-19) ရောဂါပိုးအား ဓာတ်ခွဲအတည်ပြုစစ်ဆေးရရှိသည့်လူနာအား အတည်ပြုလူနာအဖြစ် သတ်မှတ်သည်။

**Source : WHO. COVID-19 Case Definitions for Surveillance, 20 March 2020.**

# နျူကလီးယား သိုလှောင်ရာနေရာတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းသည် အဖျက်အမှောင့်လုပ်ရပ်ဖြစ်ကြောင်း အီရန်ပြော



ပေါက်ကွဲလောင်ကျွမ်းမှု ဖြစ်ပွားရာနေရာကို တွေ့ရစဉ်။

**တီဟီရန် ဩဂုတ် ၂၄**

အီရန်နိုင်ငံ အရပ်ဘက်ကာကွယ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘာရက်ဇ်ကာမာဗန်ဒီက စုံစမ်းစစ်ဆေးမှု ရလဒ်များအရ နျူကလီးယားထားရှိရာနေရာအနီး ပေါက်ကွဲမှုဖြစ်ပွားခြင်းသည် အဖျက်အမှောင့် လုပ်ရပ်ကြောင့်ဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားသို့ ဩဂုတ် ၂၃ ရက်က ပြောကြားလိုက်သည်။

ကာမာဗန်ဒီက လုံခြုံရေးအာဏာပိုင်များသည် ပေါက်ကွဲမှု မည်သို့မည်ပုံ ဖြစ်ပွားသည်နှင့် မည်သည့် ပေါက်ကွဲရေးပစ္စည်းများ အသုံးပြုထားကြောင်းကို ကြေညာသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အီရန်အရပ်ဘက်ကာကွယ်ရေးအဖွဲ့က နာတန်ဒေသတွင် ဇူလိုင် ၂ ရက်က ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သော မီးက အဆိုပါ နေရာကို ကြီးမားသော ပျက်စီးမှုများ ဖြစ်ပွားစေခဲ့ကြောင်း ပြောကြားလိုက်သည်။

ပျက်စီးမှုကြောင့် သုတေသနလုပ်ငန်းနှင့် နျူကလီးယား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာကြောင်း အဆိုပါအဖွဲ့က ဆက်လက်ပြောကြားလိုက်သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက အကယ်၍ အဆိုပါကိစ္စတွင် ပြည်ပနိုင်ငံများ၏ ပါဝင်မှုကို တွေ့ရှိခဲ့ပါက ပြတ်ပြတ်သားသား တုံ့ပြန်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အဆိုပါကိစ္စတွင် အီရန်၏ရန်သူ အစ္စရေး ပါဝင်ပတ်သက်ကောင်း ပတ်သက်မည်ဟူသော သံသယများ ပြည်တွင်းနှင့် ပြည်ပတွင် ကြီးထွားပျံ့နှံ့လျက်ရှိသည်။

အီရန်အစိုးရက အဆိုပါ အဖျက်အမှောင့်လုပ်ရပ်တွင် မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သူမည်ဝါ ပါဝင်သည်ဆိုပြီး အတိအကျစွပ်စွဲထားခြင်း မရှိသေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နှင့် လာအို နှစ်နိုင်ငံပြည်ဝင်ခွင့်ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် သဘောတူ


**တိုကျို ဩဂုတ် ၂၄**

ဂျပန်နိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကို တုံ့ပြန်ရန် ချမှတ်ထားသော နှစ်နိုင်ငံ ပြည်ဝင်ခွင့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် သဘောတူခဲ့ကြသည်။

နှစ်နိုင်ငံ နိုင်ငံသားများအား စက်တင်ဘာလထက် စောနိုင်သမျှ စောစွာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ခရီးသွားလာရန် ခွင့်ပြုလိုက်ကြောင်း သိရသည်။

ဂျပန် နိုင်ငံခြားရေးဝန်ကြီး မိုတဲဂိတိုရှိမိဆုနှင့် လာအိုနိုင်ငံခြားရေးဝန်ကြီး ဆလမ်စီကိုမာဆင့်တို့သည် လာအိုနိုင်ငံတွင် ဩဂုတ် ၂၃ ရက်က တွေ့ဆုံခဲ့ကြသည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် စီးပွားရေးသမားများ အပါအဝင် ကာလတို လာရောက်လည်ပတ်သည့် ခရီးသည်များအား မြန်နိုင်သမျှ မြန်စွာခွင့်ပြုပေးရန်လည်း ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ဂျပန်နှင့်လာအို နိုင်ငံခြားရေးဝန်ကြီးများ သဘောတူညီချက် လဲလှယ်နေစဉ်။

မိုတဲဂိက ဂျပန်နိုင်ငံအနေဖြင့် အစိုးရထောက်ပံ့ထားသော လာအိုကျောင်းသားများအား မကြာမီ ပြန်လည်ဝင်ရောက် ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အဆိုပါ အစီအစဉ်အတွက် ကျေးဇူးတင်ရှိကြောင်း လာအိုနိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။

ဆွေးနွေးပွဲပြီးနောက် နှစ်နိုင်ငံဝန်ကြီးများသည် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ သဘောတူညီချက်တွင် ဂျပန်နိုင်ငံက လာအိုနိုင်ငံသို့ ထောက်ပံ့ရေးအစီအစဉ်များအတွက် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၆ သန်း ကမ်းလှမ်းကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံက ကိုဗစ်- ၁၉ ကာကွယ်ဆေးကို မဲခေါင်ဒေသနိုင်ငံများအတွက် ဦးစားပေးထောက်ပံ့မည်

**ပေကျင်း ဩဂုတ် ၂၄**

တရုတ်နိုင်ငံက ကိုဗစ်- ၁၉ ကာကွယ်ဆေးထုတ်လုပ်ပြီး အသုံးပြုချိန်တွင် မဲခေါင်ဒေသနိုင်ငံများအတွက် ဦးစားပေးထောက်ပံ့မည်ဖြစ်ကြောင်း တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်က ဩဂုတ် ၂၄ ရက်တွင် ပြောကြားလိုက်သည်။

### ဆက်လက်ပံ့ပိုးပေးမည်

တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်က ဗီဒီယိုကွန်ဖရင့်ဖြင့် ပြုလုပ်သော တတိယအကြိမ်မြောက် လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်စဉ် ပြောကြားလိုက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ မူဘောင်အောက်တွင် ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ရန် အထူးရန်ပုံငွေများကို ထူထောင်မည်ဖြစ်ကြောင်းနှင့် မဲခေါင်နိုင်ငံများသို့ ကပ်ရောဂါ တိုက်ဖျက်ရေးပစ္စည်းများနှင့် နည်းပညာထောက်ပံ့မှုများကို ဆက်လက်ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားလိုက်သည်။

### ပူးပေါင်းဆောင်ရွက်သွားမည်

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ဆန့်ကျင်တိုက်ဖျက်ရေးအတွက် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံကို ဝန်ကြီးချုပ် လီခချန်က အလေးပေး ပြောကြားလိုက်သည်။

ထို့အပြင် တရုတ်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ လုပ်ငန်းစဉ်ကို ထောက်ပံ့ရန်၊ မဲခေါင်နိုင်ငံများနှင့်အတူ ပူးပေါင်း ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# ပီရူး၌ ကိုဗစ်- ၁၉ တားမြစ်ချက်ဖောက်ဖျက်သော နိုက်ကလပ်တစ်ခုကို ရဲများဝင်ရောက်စီးနင်းရာ ၁၃ ဦးသေဆုံး

**လီမာ ဩဂုတ် ၂၄**

အစိုးရ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဆိုင်ရာ ကန့်သတ်ချက်များ အောက်တွင် လူစုလူဝေးပြုလုပ်ခြင်းကိုလည်း တားမြစ်ထားရာ အစိုးရ၏ တားမြစ်ချက်များကို မလိုက်နာသော ပီရူးရှိ နိုက်ကလပ်တစ်ခုကို ရဲများ ဝင်ရောက်စီးနင်းရာ လူများအလုအယက် လူအုပ်လိုက် ပြုံတိုးကြသောကြောင့် ၁၃ ဦးထက် မနည်း သေဆုံးကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

လူများစုဝေးပြီး ပါတီပွဲကျင်းပနေသည်ဟု အိမ်နီးချင်းများက သတိပေးမှုများ ပြုလုပ်ပြီးနောက် ရဲများက မြို့တော် လီမာရှိ နိုက်ကလပ်တစ်ခုကို ဝင်ရောက်စီးနင်းကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်စီးနင်းလိုက်ရာတွင် ရဲများက ပါတီပွဲကျင်းပနေသူ ၁၂၀ ခန့်ကို တွေ့ရှိခဲ့သည်။ ပါတီပွဲကျင်းပနေသူများက သူ့ထက်ငါ အရင်ထွက်ပေါက်ရှိရာသို့ ပြုံတိုးကြသောကြောင့် တစ်ဦးနှင့် တစ်ဦး ဖိမိပြီး သေဆုံးခဲ့ကြသည်။

အဆိုပါဖြစ်စဉ်တွင် လူ ၁၃ ဦးသေဆုံးခဲ့ပြီး ရဲအရာရှိ သုံးဦးနှင့် အခြားသုံးဦးမှာ ဒဏ်ရာများ ရရှိခဲ့သည်။

စုံစမ်းစစ်ဆေးသူများက ပါတီပွဲပြုလုပ်သူ ၂၃ ဦးကို ဖမ်းဆီးထားပြီး ကလပ်ပိုင်ရှင်နှင့် စီစဉ်သူများအား စုံစမ်းဖော်ထုတ်လျက်ရှိသည်။ ဖမ်းဆီးထားသူများတွင် ၁၅ ဦးမှာ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း များပြားလှစွာသော မီဒီယာများက ဖော်ပြထားသည်။

အမေရိကန် ပြည်ထောင်စု ဂျွန်ဟော့ကင်းတက္ကသိုလ်က ပီရူးနိုင်ငံတွင် စုစုပေါင်း ကိုဗစ် -၁၉ အတည်ပြုလူနာ ၅၈၅၂၃၆ ဦးရှိကြောင်း၊ ကမ္ဘာတွင် ခြောက်နိုင်ငံမြောက် အဆိုးဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**




တာဝန်ရှိသူများက ဒဏ်ရာ၊ အနာတရဖြစ်သူများနှင့် သေဆုံးသူများအား သယ်ဆောင်ရန် လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

# ကာတာနိုင်ငံ၌ ကိုဗစ်- ၁၉ကြောင့် သောင်တင်နေသည့် ဆီးရီးယားလူမျိုးများကို ပြန်လည်ခေါ်ဆောင်

**ဒမတ်စကတ် ဩဂုတ် ၂၄**

ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုများကြောင့် ကာတာနိုင်ငံ၌ သောင်တင်နေသည့် ဆီးရီးယားလူမျိုး ၁၅၀ ခန့်ကို ဆီးရီးယားလေကြောင်းလိုင်းဖြင့် ဩဂုတ် ၂၄ ရက်က ပြန်လည်ခေါ်ဆောင်ခဲ့သည်ဟု နိုင်ငံပိုင်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

### တိုက်တွန်းထား

မြို့တော် ဒမတ်စကတ်သို့ ရောက်ရှိလာပြီးနောက် အပူချိန်တိုင်းတာမှုများ ပြုလုပ်ပြီးဆေးစစ်မှုပြုလုပ်ရန် နီးစပ်ရာဟိုတယ်သို့ ခေါ်ဆောင်သွားခဲ့ကြသည်။ နေရပ်သို့ ပြန်လိုကြသော ပြည်ပရောက် ဆီးရီးယားနိုင်ငံသားများအနေဖြင့် ဆီးရီးယားသံရုံးသို့ သွားရောက်ကာ အမည်စာရင်းပေးသွင်းမှုများ ပြုလုပ်ကြရန် ပြည်ထဲရေးဝန်ကြီးက တိုက်တွန်းထားသည်။

### ကူးစက်ခံရသူ ၇၄ ဦးတွေ့ရှိ

ဆီးရီးယား နိုင်ငံတွင် ဩဂုတ် ၂၃ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၇၄ ဦး တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ပြောသည်။

ထို့ကြောင့် အစိုးရက ထိန်းသိမ်းထားသည့် နေရာများတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၂၂၁၇ ဦး ရှိလာသည်။ စုစုပေါင်းပြန်လည် နေကောင်းသူအရေအတွက်မှာ ၅၀၅ ဦးရှိပြီး ၈၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံတွင် ဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် ၁၀ ဦး သေဆုံး

**မနီလာ ဩဂုတ် ၂၄**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းကျွန်းတွင် ဩဂုတ် ၂၄ ရက်က ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များနှင့် ရဲများ အပါအဝင် လူ ၁၀ ဦးထက်မနည်းသေဆုံးပြီး ဒဏ်ရာရရှိသူများပြားကြောင်း သိရသည်။

ဆူလူကျွန်းရှိ အစ္စလာမ်ဘာသာဝင်များ အဓိက နေထိုင်ရာ ဂျိုလိုတွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မော်တော်ဆိုင်ကယ်တွင် ပေါက်ကွဲစေသည့် ဗုံးတပ်ဆင်ကာ စူပါမားကတ် အပြင်ဘက်တွင် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ဒုတိယဗိုလ်ချုပ်ကြီး ကော်လက်တိုဗင်လူအန်က သတင်းထောက်များအား ပြောသည်။

ပေါက်ကွဲမှုကြောင့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။ အရပ်သား ၂၀ ခန့်မှာလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မြို့တော်ဝန်၏ ပြောကြားချက်ကို ကိုးကားကာ ကော်လက်တိုဗင်လူအန်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များနှင့် လူများစုဝေးနေသည့် ကုန်စုံဆိုင်အပြင်ဘက်တွင် မော်တော်ဆိုင်ကယ်ထားကာ ထွက်သွားသည့် လူတစ်ယောက်ကို ဖိလစ်ပိုင်တပ်ဖွဲ့ဝင်တစ်ဦးက တွေ့မြင်လိုက်ပြီးနောက် မကြာမီအချိန်အတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထို့နောက် မကြာမီမှာပင် တစ်နေရာတည်း၌ ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသမီးအသေခံ ဗုံးခွဲသမားက ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ အဘူဆေယက်အဖွဲ့သည် မကြာခဏ ဗုံးဖောက်ခွဲမှုများ ကျူးလွန်လေ့ရှိသည်။ ယခုလအစောပိုင်းကလည်း ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယအကြီးဆုံးကျွန်းဖြစ်သည့် တောင်ပိုင်းဒေသရှိ မင်ဒါနာအိုကျွန်းမှ အဘူဆေယက် အဖွဲ့ခေါင်းဆောင်ကို ဖမ်းဆီးမှုပြုလုပ်ခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယခုပေါက်ကွဲမှုကို ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏ ပြောရေးဆိုခွင့်ရှိသူ ဟာရီရိုကျူက ရှုတ်ချပြီး ဆုံးရှုံးသွားသည့် မိသားစုဝင်များအတွက်လည်း ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

**အေအေက်ဖ်ပီ**



ဒဏ်ရာရရှိသူများအား သယ်ဆောင်လာသည်ကို တွေ့ရစဉ်။

# သိပ္ပံပညာရှင်များ၏ အကြံပြုချက်အတိုင်း လိုက်နာမည်ဟု ဂျိုးဘိုင်ဒင် ပြောကြား

**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်တစ်နိုင်ငံလုံး အသွားအလာပိတ်ဆို့ကန့်သတ်ရန် သိပ္ပံပညာရှင်များ အကြံပြုလာပါက သမ္မတတစ်ဦး ဖြစ်လာလျှင် အဆိုပါ အကြံပြုချက်အတိုင်း လုပ်ဆောင်သွားမည်ဟု ဒီမိုကရက်တစ်သမ္မတလောင်းဖြစ်သူ ဂျိုးဘိုင်ဒင်က ပြောသည်။

**သတင်းစာရှင်းလင်းပွဲပြုလုပ်**

ဂျိုးဘိုင်ဒင်နှင့် ကမ်မလာဟာရစ်တို့သည် အေဘီစီသတင်းဌာနတွင် ပထမဆုံးအကြိမ် ပူးတွဲအင်တာဗျူး ပြုလုပ်ခဲ့စဉ် ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ဒီမိုကရက်တစ်ပါတီ၏သမ္မတလောင်းနှင့် ဒုတိယသမ္မတလောင်းတို့အဖြစ် အမည်စာရင်းတင်သွင်းခံရပြီးနောက် ပထမဆုံးအကြိမ် ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။

**ဝေဖန်ပြောကြား**

ဩဂုတ် ၂၃ ရက်က ထုတ်လွှင့်သည့် အင်တာဗျူးတွင် ဂျိုးဘိုင်ဒင်က လက်ရှိသမ္မတထရမ့်၏ ကိုဗစ် - ၁၉ နှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းမှုကို ဝေဖန်ပြောကြားခဲ့သည်။

**ဝေးကွာနေ**

သမ္မတထရမ့်သည် လက်တွေ့ဖြေရှင်းရမည့်ကိစ္စနှင့် ဝေးကွာနေသည့်အပြင် သိပ္ပံပညာရှင်များ၏ စကားကိုလည်းနားမထောင်ဟု ဝေဖန်ခဲ့သည်။ သမ္မတထရမ့်သည် လက်ရှိအာရုံစိုက်နေသည်မှာ စီးပွားရေးပြန်စရန်နှင့် လူမှုလှုပ်ရှားမှုများကို ပြန်စရန်ပင်ဖြစ်သည်ဟု ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ဂျိုးဘိုင်ဒင်။

## ကယ်လီဖိုးနီးယားတောမီးကြောင့် လူပေါင်း ၁၂၀၀၀၀ ကို ဘေးလွတ်ရာသို့ ကယ်တင်ခဲ့ရ

**ကယ်လီဖိုးနီးယား ဩဂုတ် ၂၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်မှုကြောင့် လူငါးဦးထက်မနည်းသေဆုံးခဲ့ပြီး လူပေါင်း ၁၂၀၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ ကယ်တင်ပေးခဲ့ရကြောင်း သိရသည်။

အဆိုပါတောမီးမှာ ဇူလိုင်လအစောပိုင်းက စတင်ခဲ့ခြင်းဖြစ်ပြီး မြေနေရာပေါင်း ၄၀၀၀ စတုရန်းကီလိုမီတာကို မီးလောင်ခဲ့ပြီး ဖြစ်သည်ဟု ဒေသတွင်းမီဒီယာများက ပြောသည်။ မိုးကြိုးပစ်မှုကြောင့်လည်း တောမီးလောင်မှုများ ပေါ်ပေါက်ရသည်။ နေရာရွှေ့ပြောင်းပေးခဲ့ရသည့် လူများကိုလည်း ဩဂုတ် ၂၃ ရက်က ပိုင်ဆိုင်မှုများသိမ်းဆည်းရန် နေအိမ်သို့ တစ်နာရီခန့် ပြန်ခွင့်ပေးခဲ့သည်။

တောမီးလောင်မှုမှာ ကြောက်မက်ဖွယ်ကောင်းသည့်အတွက် ပစ္စည်းများသိမ်းဆည်းရန်ပင် မစဉ်းစားနိုင်တော့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ မိုးကြိုး မုန်တိုင်းပစ်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်သေးသည်ဟု မိုးလေဝသအာဏာပိုင်များက ခန့်မှန်းထားရာ တောမီးလောင်မှု ဆက်လက်ပျံ့နှံ့လာမည်ကို စိုးရိမ်နေကြသည်။

တောမီးလောင်မှုကို နှိမ်နင်းရန် မီးသတ်တပ်ဖွဲ့ဝင် ၁၃၀၀၀ အပါအဝင် အခြားသူများက ကြိုးပမ်းနေကြသည်။ တောမီးလောင်မှုကို ငြိမ်းသတ်နိုင်ရေး ကနေဒါ၊ ဩစတြေးလျနှင့် အခြားသော အမေရိကန်နိုင်ငံအတွင်းရှိ ပြည်နယ်များကလည်း ကူညီပေးကြရန် ကယ်လီဖိုးနီးယားမှ မီးသတ်အာဏာပိုင်များက တောင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ**

## တူရကီနိုင်ငံ ပင်လယ်နက်ကမ်းရိုးတန်းဒေသတွင် ရေကြီးမှုကြောင့် လူခြောက်ဦးသေဆုံး

**အင်ကာရာ ဩဂုတ် ၂၄**

တူရကီနိုင်ငံမြောက်ပိုင်း ပင်လယ်နက်ကမ်းရိုးတန်းရှိ ဂီရီဆန်ပြည်နယ်တွင် ရေလွှမ်းမိုးမှုဖြစ်ပွားရာ ဩဂုတ် ၂၃ ရက်က လူခြောက်ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အနာဒိုလူသတင်းဌာနတွင် ဖော်ပြထားသည်။

ဒေသတွင်းရေကြီးမှုကြောင့် ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်ကလည်း ရေကြီးမှုကြောင့် လူ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အစောပိုင်းက သတင်းထုတ်ပြန်ခဲ့သည်။ ၁၁ ဦးမှာ ဆက်လက်ပျောက်ဆုံးနေဆဲဖြစ်ပြီး ကျေးရွာပေါင်း ၁၁၈ ရွာမှာလည်း ရေကြီးမှုဒဏ်ခံစားနေရသည်ဟု သိရသည်။

ရေကြီးမှုကြောင့် အဆောက်အအုံ ၁၇ လုံး ပျက်စီးခဲ့ပြီး လူပေါင်း ၃၆၁ ဦး အသေးစားဒဏ်ရာများ ရရှိခဲ့သည်ဟု သဘာဝပတ်ဝန်းကျင်နှင့် မြို့ပြရေးရာဝန်ကြီးမူရက်ကူရမ်က ပြောသည်။

**ဆင်ဟွာ**

# ကိုဗစ် - ၁၉ ကုသရာတွင် သွေးရည်ကြည်ဖြင့် ကုသခွင့်ကို FDA က ခွင့်ပြုပေး

**ဝါရှင်တန် ဩဂုတ် ၂၄**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA) သည် ပြန်လည်ကျန်းမာလာသည့် ကိုဗစ် - ၁၉ လူနာများထံမှ သွေးရည်ကြည်ဖြင့် အရေးပေါ် ကုသခွင့်ပြုကြောင်း ထုတ်ပြန်လိုက်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသည့်လူများ၏ သွေးရေကြည်ထဲတွင် ပဋိပစ္စည်းပါဝင်ပြီး လူနာအနေဖြင့် ဗိုင်းရပ်စ်ကို တွန်းလှန်ရာတွင် တိုးတက်မှုများရှိနေသည်။ ယင်းသို့ကုသမှုနှင့် ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် အခြားသော နိုင်ငံများတွင် စမ်းသပ်လျက်ရှိကာ လုံခြုံစိတ်ချရမှုရှိပြီး ထိရောက်မှုရှိသည်ဟု သက်သေပြရန် ကြိုးပမ်းလျက်ရှိသည်။

ယင်းသို့ကုသမှုဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်လိမ့်မည်ဟု သမ္မတထရမ့်က ဩဂုတ် ၂၄ ရက်တွင် သတင်းထောက်များအား ပြောကြားသည်။ လူပေါင်း ၇၀၀၀၀ ကျော်တွင် သွေးရည်ကြည်ဖြင့် ကုသမှုပြုလုပ်ခဲ့ပြီး အသက်ရှင်သည့်နှုန်းထားမှာ စိတ်ကျေနပ်စရာကောင်းသည်ဟု အချက်အလက်များက ပြသလျက်ရှိကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့မှ ကော်မရှင်နာ စတက်ဖင်ဟန်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်- ၁၉ ကုသရေးအတွက် ပြန်လည်ကျန်းမာလာသူများသည် သွေးရည်ကြည်လှူဒါန်းမှုများပြုလုပ်ကြပြီး လှူဒါန်းသူများထဲတွင် နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်များလည်း ပါဝင်သည်။

**အင်န်အိတ်ချ်ကေ**



သွေးနမူနာစစ်ဆေးနေသည့် နယူးယောက်မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

# ပေါက်ကွဲမှုအပြီး ဗိုင်းရပ်စ်ကို ဆက်လက်အန်တုရပြန်တဲ့ လက်ဘနွန်

*ချူးစန္ဒီနွေး*

ဘေရွတ်ဆိပ်ကမ်းမှာ ပေါက်ကွဲမှုကြီးဖြစ်ကတည်းက လက်ဘနွန်နိုင်ငံမှာ ကိုဗစ် -၁၉ နဲ့ ပတ်သက်တဲ့အချက်ပေးခေါင်းလောင်းတွေလည်း မြည်လာပါတယ်။အစကတည်းကမှ နိုင်ငံရေး၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတဲ့ လက်ဘနွန်နိုင်ငံမှာ ဆိပ်ကမ်းပေါက်ကွဲမှု သာမက ကိုဗစ် -၁၉ ကူးစက်မှု အန္တရာယ်ကပါ ဖိစီးနှိပ်စက်ပြန်ပါတယ်။



ပျက်စီးနေသည့် အဆောက်အအုံများရှေ့တွင် မျက်နှာအကာအကွယ်တပ်ဆင်ကာ သွားလာနေသူတစ်ဦးကို တွေ့ရစဉ်။

## တစ်ဖန် စိုးထိတ်ရပြန်

ဘေရွတ်ဆိပ်ကမ်းမှာ သိုလှောင်ထားတဲ့ အမိုနီယံနိုက်ထရိတ် တန် ၂၇၀၀ ပေါက်ကွဲမှု မဖြစ်ခင်ကတည်းက လက်ဘနွန်နိုင်ငံမှာကိုဗစ် -၁၉ ကူးစက်မှုနှုန်းဟာ နှစ်ဆတိုးနေပါတယ်။ အဲဒီအတွက်ကြောင့် အစိုးရဟာ တစ်စိတ်တစ်ပိုင်း အသွားအလာကန့်သတ်မှုတွေ ပြုလုပ်ခဲ့ရပါတယ်။ ပေါက်ကွဲမှုကြောင့် ကြောက်ရွံ့ထိတ်လန့်ခဲ့ရတဲ့ ပြည်သူတွေဟာ ကိုဗစ် -၁၉ ကူးစက်မှု မြင့်လာတဲ့အတွက်ကြောင့်လည်း တစ်ဖန် စိုးထိတ်ရပြန်ပါတယ်။ ရောဂါကူးစက်မှုတွေ တိုးလာရခြင်းဟာ ပေါက်ကွဲမှုရဲ့ နောက်ဆက်တွဲ ဖြစ်ရပ်တစ်ခုလို့ ပြောရင်မမှားပါဘူး။

## စည်းကမ်းတွေ လျစ်လျူရှုထား

ဘေရွတ်ဆိပ်ကမ်းမှာ ပေါက်ကွဲမှုဖြစ်ပွားတဲ့နောက် အနီးအနားပတ်ဝန်းကျင်တွေမှာ ပျက်စီးဆုံးရှုံးမှုတွေ အများကြီးဖြစ်ပေါ်ခဲ့ပါတယ်။ ပေါက်ကွဲမှုအရှိန်ကြောင့် ဒဏ်ရာရပြီး ကြောက်လန့်တကြားဖြစ်နေတဲ့ လူအုပ်ကြီးဟာ နှာခေါင်းစည်း တပ်ဆင်မထားဘဲ လမ်းမပေါ် စုပြုံတိုးဝှေ့ပြီး ထွက်လာကြတယ်။ လူအချင်းချင်း ခပ်ခွာခွာနေရမယ်ဆိုတဲ့ စည်းကမ်းတွေကိုလည်း အဲဒီအချိန်မှာ ဘယ်သူမှ သတိမရနိုင်ကြတော့ပါဘူး။ ပေါက်ကွဲ မှုအပြီး ရက်အတန်ကြာသည်အထိ ဘေရွတ်မှာ ကိုဗစ်- ၁၉ နဲ့ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေး စည်းမျဉ်း စည်းကမ်းတွေကို လျစ်လျူရှုထားရပါတယ်။

## လူတွေပြည့်ကျပ်နေ

ဒဏ်ရာရသူတွေကလည်း ဆေးရုံတွေပေါ်မှာ ပြည့်နှက်နေတယ်။ တစ်ဖန် မိသားစု ဆွေမျိုးအပေါင်းအသင်းတွေကို ရှာဖွေဖို့ ဆေးရုံလိုက်လာကြသူတွေနဲ့ ဆေးရုံတွေမှာလည်း လူတွေစုပြုံနေပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေနဲ့ အပျက်အစီးရှင်းလင်းရေးလုပ်ငန်းတွေလုပ်ဆောင်ဖို့ လာကြတဲ့သူတွေဟာလည်း နေရာကျဉ်းကျဉ်းလေးထဲမှာပဲ စုပြုံနေကြပါတယ်။ အဲဒီလို အချက်တွေကြောင့် ကိုဗစ် – ၁၉ ကူးစက်မှုနှုန်းဟာ တိုးလာလိမ့်မယ်လို့ ကြိုတင်ခန့်မှန်းထားခဲ့ကြပါတယ်။ ခန့်မှန်းခြေအားဖြင့် လူဦးရေပေါင်း ၃၀၀၀၀၀ ဟာ အိုးမဲ့အိမ်မဲ့ဖြစ်သွားတာကြောင့် မိသားစုဆွေမျိုးအသိုင်းအဝိုင်းတွေနဲ့အတူ ဒုက္ခသည်စခန်းတွေမှာ ခိုလှုံရပါတယ်။ ဒါကြောင့် ခိုလှုံရာနေရာတွေမှာလည်း လူတွေနဲ့ ပြည့်ကျပ်လာရတယ်။

**"အခုဆိုရင် အစိုးရဟာ စားသောက်ဆိုင်တွေ၊ ကော်ဖီ ဆိုင်တွေနဲ့ ဘားတွေကို ပိတ်ထားဖို့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ ညနေ ၆ နာရီကနေ နံနက် ၆နာရီအထိ အပြင်မထွက်ရ အမိန့်လည်း ထုတ်ထားတယ်။ စည်းကမ်းတွေ ထုတ်ထားပေမယ့်လည်း လျော့တိလျော့ရဲပါပဲ"**

## ဆေးရုံတွေပျက်စီး

ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းကို ကြည့်မယ်ဆိုရင် ပေါက်ကွဲမှုကြောင့် ဆေးရုံသုံးရုံ ပျက်စီးသွားရပြီး အဲဒီထဲက တစ်ခုကတော့ ကိုဗစ် -၁၉ လူနာတွေကို ကုသပေးနေတဲ့ ဆေးရုံလည်းပါသွားပါတယ်။ ဒါကြောင့် ကျန်းမာရေး စောင့်ရှောက် မှုအပိုင်းမှာ ထပ်တိုးလာတဲ့ လူနာတွေအတွက် ဝန်နှင့်အား မမျှအောင် ဖြစ်လာရပါတော့တယ်။

## နာမည်ကောင်းရဖူး

ဒါပေမယ့်လည်း လက်ဘနွန်နိုင်ငံဟာ ပေါက်ကွဲမှု မဖြစ်ခင်ကတည်းက ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အပိုင်းမှာ နာမည်ကောင်းတွေ ရခဲ့ဖူးပါတယ်လို့ ကျန်းမာရေး ကျွမ်းကျင်ပညာရှင်တွေက ပြောပါတယ်။ ကပ်ရောဂါ စတင်ဖြစ်ပွားစဉ် အစောပိုင်းကာလတွေမှာ ရောဂါထိန်းချုပ်မှုနဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတောင် ချီးကျူးစကားဆိုခဲ့ပါတယ်။ ဒါပေမယ့်လည်း ကူးစက်မှု အရေအတွက်ကတော့ ဆက်လက်တိုးနေဆဲပါပဲ။ အခု ပေါက်ကွဲမှုဖြစ်မှ ရောဂါကူးစက်ခံရသူတွေ တိုးလာတာ ဆိုပြီး ပြောရင်တော့ အပြည့်အဝ မမှန်နိုင်ပါဘူး။ ပေါက်ကွဲ မှုအပေါ် တစ်စိတ်တစ်ပိုင်း အပြစ်ပုံချလို့ရပေမယ့် အဲဒီမတိုင်ခင်ကတည်းက ရောဂါကူးစက်မှုတွေ တိုးနေတယ်ဆိုတာကို ရှင်းရှင်းလင်းလင်းသိထားဖို့ လိုအပ်တယ်လို့ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ဆောင်နေတဲ့ ရာဖစ်ဟာရီရီ တက္ကသိုလ်ဆေးရုံက စီမံခန့်ခွဲသူ ဖာရက် အဗ္ဗဒီက ပြောပါတယ်။

## သတိထားမှုတွေ လျော့ရဲလာ

ကိုဗစ် – ၁၉ လူနာတွေဟာ မကြာခင် တိုင်းပြည်ရဲ့ ဆေးရုံတွေမှာ ပြည့်နှက်ကုန်မယ်လို့ သူက အစောကြီးကတည်းက ခန့်မှန်းထားပါတယ်။ နှစ်လနီးပါးကြာ အသွားအလာ ပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ခဲ့တာကြောင့် အောင်မြင်မှုအနည်းငယ်ရခဲ့ပြီး ကန့်သတ်မှုတွေဖြေလျှော့ပေးနိုင်ခဲ့ပါတယ်။ အဲဒါကြောင့်လည်း လူတွေဟာ သတိထားမှုတွေ လျော့ရဲလာတယ်လို့ သူကဆက်ပြောပါတယ်။ ကမ်းခြေတွေ၊ အပန်းဖြေစခန်းတွေနဲ့ နိုက်ကလပ်တွေမှာ လူတွေစုပြုံနေတဲ့ပုံတွေလည်း လူမှုကွန်ရက်မီဒီယာတွေမှာ တွေ့လာရတယ်။ ပိုပြီး သိသာထင်ရှားစေတဲ့ အချက်တွေကတော့ ခရီးသွားတွေဟာလည်း စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာဖို့ ပျက်ကွက်ကြတယ်။ အစိုးရကလည်း ဒါကို မတင်းကျပ်နိုင်ဘူး။

## နမူနာယူဖို့လို

လေဆိပ်တွေမှာလည်း တင်းကျပ်တဲ့စည်းကမ်းတွေ သတ်မှတ်ဖို့လိုပြီး ပြည်ပက ဆိုက်ရောက်လာမယ့်လူတွေကိုလည်း ကိုဗစ် – ၁၉ ရှိ မရှိ ဆေးစစ်မှု မဖြစ်မနေ လုပ်ဆောင်ရမှာဖြစ်ပြီး ဆေးစစ်ချက် မရမီ ၄၈ နာရီအတွင်း ဘယ်ကိုမှသွားခွင့်မပြုဘဲ သီးခြားခွဲထားမှုတွေ လုပ်ဖို့ လိုအပ်ပါတယ်။ မင်္ဂလာဆောင်တွေ၊ အသုဘအခမ်းအနားတွေနဲ့ ကလပ်တွေတက်ကြရင်း ကိုဗစ်–၁၉ အစုလိုက်ကူးစက်မှုတွေ နိုင်ငံတကာမှာ ဖြစ်နေတာကို နမူနာယူရမယ်လို့ ဖာရက်အဗ္ဗဒီက ဆက်ပြောပါတယ်။ တခြားသော တိုင်းပြည်တွေနဲ့ယှဉ်ရင် လက်ဘနွန်နိုင်ငံဟာ ရောဂါထိန်းချုပ်ရေးအတွက် လုပ်ဆောင်ဖို့ လက်လှမ်းမီတဲ့ အနေအထားမှာ ရှိနေပါသေးတယ်။ လူဦးရေတစ်သန်းမှာ ၁၇၀၀ ပဲ ကူးစက်မှုရှိသေးပြီး အမေရိကန်ပြည်ထောင်စုမှာဆိုရင်တော့ တစ်သန်းမှာ ၁၇၀၀၀ ကူးစက်မှုရှိနေတယ်လို့ လက်ဘနွန်အစိုးရနဲ့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

## ကူးစက်မှုတွေ တိုးလာ

ဒါပေမယ့်လည်း မကြာသေးမီရက်ပိုင်းအတွင်း ကူးစက်မှုတွေ တိုးလာပြီး အရင်လတုန်းက နေ့စဉ်ကူးစက်မှုနှုန်းဟာ ၁၀၀ ဝန်းကျင်ရှိရာကနေ အခုဆိုရင် တစ်နေ့မှာ ၆၀၀ ကျော်အထိ ကူးစက်မှုမြင့်တက်လာပါတယ်။ ဒါကြောင့် ရောဂါကူးစက်မှုအခြေအနေဟာ ထိန်းချုပ်လို့မနိုင်တော့တဲ့အထိ ဖြစ်သွားနိုင်တယ်လို့ ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူတွေက သတိပေးထားပါတယ်။ ကူးစက်မှုနှုန်းဟာ ရုတ်တရက်ပဲ ခုန်တက်သွားတယ်လို့ ဘေရွတ်မြို့ အမေရိကန်တက္ကသိုလ် ကူးစက်ရောဂါဆိုင်ရာ တွဲဖက်ပါမောက္ခ ဂီနာမမ်တက်ဇ်က ပြောပါတယ်။ အခု အသစ်ထုတ်ပြန်ထားတဲ့ တစ်စိတ်တစ်ပိုင်း အသွားအလာကန့်သတ်မှုတွေဟာ ရောဂါထိန်းချုပ်ရေးအတွက် လက်တွေ့မှာ အသုံးဝင်ပါ့မလား ။

## အခြေအနေ မဆိုးရွားသေး

အခုဆိုရင် အစိုးရဟာ စားသောက်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေနဲ့ ဘားတွေကို ပိတ်ထားဖို့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ ညနေ ၆ နာရီကနေ နံနက် ၆နာရီအထိ အပြင်မထွက်ရအမိန့်လည်း ထုတ်ထားတယ်။ စည်းကမ်းတွေထုတ်ထားပေမယ့်လည်း လျော့တိလျော့ရဲပါပဲ။ လက်ဘနွန်နိုင်ငံရဲ့ ဆင်းရဲမှုနှုန်းဟာ မနှစ်က ၂၈ ရာခိုင်နှုန်း ရှိရာကနေ အခုနှစ်မှာတော့ ၅၅ ရာခိုင်နှုန်းအထိ ရှိလာတယ်လို့ ကုလသမဂ္ဂက ခန့်မှန်းထားပါတယ်။ စီးပွားရေးရော ဘဏ္ဍာရေးပါ ပြိုလဲနေပြီး ပေါက်ကွဲမှုရဲ့ အကျိုးဆက်ကိုပါ ခံစားနေရတဲ့ နိုင်ငံအနေနဲ့ ရောဂါကူးစက်မှုနှုန်းမှာ အခြားနိုင်ငံတွေနဲ့ယှဉ်ရင်တော့ အရေအတွက်အားဖြင့် အလွန်ကြီး မဆိုးရွားသေးဘူးလို့ ဘေရွတ်ဆေးရုံက ကူးစက်ရောဂါဌာနမှ အကြီးအကဲဖြစ်သူ ဆူဟာခန်းက ပြောပါတယ်။

## သက်သာရာရစေမယ့်အကြောင်း

လူတွေဟာ စီးပွားရေးအရရော ဘဏ္ဍာရေးအရပါ ထိခိုက်ခံစားနေရတာပါ။ ဒီလိုအခြေအနေမျိုးမှာဆိုင် ဒါမှမဟုတ် စီးပွားရေးလုပ်ငန်းကို နှစ်ပတ်လောက်ပိတ်ခိုင်းလိုက်ရင်ကိုပဲ သူတို့အတွက် ဒါဟာ သက်ရောက်မှု တော်တော်လေးကြီးနေပြီလို့ သူက ဆက်ပြောပါတယ်။ လတ်တလောမှာ ကူးစက်မှုနှုန်းတိုးနေပေမယ့် ပေါက်ကွဲမှုမတိုင်ခင်က အခြေအနေမျိုးအထိ ရောဂါ ကူးစက်မှုကို ပြန်လည်ထိန်းချုပ်နိုင်မယ်ဆိုရင်တော့ အဘက်ဘက်က ထိခိုက်နေတဲ့ ပြည်သူတွေအတွက် အနည်းငယ်သက်သာရာရစေမယ့် အကြောင်းတစ်ခု ဖြစ်လာမှာပါ။ ။

ကိုးကား – ဝါရှင်တန်ပို့စ်

## နိုင်ငံတကာသတင်းတိုတွာ

### ပေကျင်း၌ ကိုဗစ် - ၁၉ ထပ်မံကူးစက်ခံရသူ မတွေ့ရှိရ

ပေကျင်း ဩဂုတ် ၂၄

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဩဂုတ် ၂၃ ရက်က ဒေသတွင်း ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ မတွေ့ရှိရကြောင်း မြူနီစီပယ်ကျန်းမာရေးကော်မရှင်က ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

ရောဂါလက္ခဏာ မပြသည့် ကူးစက်ခံရသူများကိုလည်း မတွေ့ရှိရပေ။ ထို့ပြင် ပြည်ပမှလာသည့်သူများအား ဆေးစစ်ရာတွင်လည်း ကိုဗစ် – ၁၉ ကူးစက်ခံရသူ မပါဝင်ခဲ့ပေ။ ဇူလိုင် ၂၇ ရက်ကတည်းက တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းမြို့ဖြစ်သည့် ဒါလီယန်တွင် ကူးစက်ခံရသူ လေးဦးတွေ့ရှိခဲ့ရပြီး ၎င်းတို့ထဲမှ သုံးဦးမှာ ယခုအခါ ကုသမှုခံယူပြီးနောက် ရောဂါပျောက်ကင်းသွားပြီဖြစ်သည့်အတွက် ဆေးရုံမှ ဆင်းသွားကြပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

### အစ္စရေး၊ ဆူဒန်၊ ဘာရိန်းနှင့် ယူအေအီးနိုင်ငံများသို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး သွားရောက်မည်

ဝါရှင်တန် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးမိုက်ပွန်ပီအိုသည် လေးနိုင်ငံအလည်အပတ်ခရီးစဉ်ကို ဩဂုတ် ၂၃ ရက်က စတင်လိုက်ပြီဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဩဂုတ် ၂၃ ရက်မှ ၂၈ ရက်အထိ အစ္စရေး၊ ဆူဒန်၊ ဘာရိန်းနှင့် ယူအေအီးနိုင်ငံများသို့ မိုက်ပွန်ပီအိုသွားရောက်မည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မော်ဂန် အော့တာဂူက ပြောသည်။ ယခုလ အစောပိုင်းက အစ္စရေးနှင့် ယူအေအီးတို့ ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ပြီးနောက် မိုက်ပွန်ပီအို၏ ခရီးစဉ်ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကမူ ယူအေအီးနှင့် အစ္စရေးတို့ကြား ငြိမ်းချမ်းရေးစာချုပ်မှာ ပါလက်စတိုင်းကို နောက်ကျောမှဓားဖြင့်ထိုးသည့်လုပ်ရပ်ဟု ပြောဆိုခဲ့သည်။ မိုက်ပွန်ပီအိုသည် ဦးစွာ အစ္စရေးသို့ သွားရောက်ပြီး အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့်တွေ့ဆုံကာ ဒေသတွင်းလုံခြုံရေးကိစ္စများကို ဆွေးနွေးမည်ဖြစ်သည်။ ထို့နောက် ဆူဒန်နိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ဘာရိန်းနှင့် ယူအေအီးနိုင်ငံများသို့ ဆက်လက်သွားရောက်မည် ဖြစ်သည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၇၅ ရက်သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေး သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၄


ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးက ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲ၌ မဲပေးနိုင်ရေးအတွက် မဲစာရင်းများကြေညာချက်တွင် အမည်ပေါက် အသက် (၁၈) နှစ်ပြည့်ပြီး ကိုင်ဆောင်လက်မှတ်မရှိဟု ဖော်ပြထားသူများအား သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ယနေ့နံနက် ၁၀ နာရီက မရမ်းကုန်းမြို့နယ် အမှတ် (၇) ရပ်ကွက်ရှိ ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးနေမှုအား ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်က တာဝန်ရှိသူများနှင့် လာရောက်ကြည့်ရှုကာ လိုအပ်သည့် အချက်အလက်များ မြန်ဆန်မှန်ကန်မှုရှိစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

---

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဓ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။**




## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။



# အကောင်းဆုံးဖြစ်အောင်

လူတစ်ယောက်၏ဘဝတွင် အသက် ၁၈ နှစ်မှစပြီး မဲပေးမည်ဆိုလျှင် ရွေးကောက်ပွဲကို ၅ နှစ်တစ်ကြိမ် ကျင်းပသည့်အတွက် အသက် ၈၀ အထိ နေနိုင်မည်ဆိုပါက ၁၂ ကြိမ်သာ မဲပေးပိုင်ခွင့်ရှိပါကြောင်း၊ ထို့ကြောင့် အသက် ၈၀ အတွင်းတွင် မိမိနိုင်ငံ၏ အနာဂတ်အတွက်၊ မိမိနိုင်ငံ၏ တိုးတက်မှုအတွက် ရွေးကောက်ပွဲအရ လူတစ်ယောက်လုပ်ပိုင်ခွင့်သည် တစ်သက်တွင် ၁၂ ကြိမ်သာ ရှိပါကြောင်း၊ ယင်း ၁၂ ရက်ကို အကောင်းဆုံးဖြစ်အောင် အသုံးချစေလိုပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၅-၈-၂၀၂၀ ရက်နေ့တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၂၄ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၇၄ ဦးရှိသွားပြီ

နေပြည်တော် ဩဂုတ် ၂၄

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂၄ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၇၄ ဦး ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၂၄ ဦးမှာ စင်ကာပူနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ ၂၃ ဦးဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၄၇၄ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၄၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၃၅ ဦးနှင့် ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၄ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၁ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၄၆၀၃၇ | ၄၇၄ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၄၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၂၈၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၃၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၃၀၅ | ၅ |
| ၂ | ရခိုင် | ၉၆ | |
| ၃ | ချင်း | ၁၈ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၄၇၄ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၄-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

### ၂၄-၈- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၈၇၅၉၃၉ | ၃၁၆၇၂၆၀ | ၁၈၀၆၁၈ |
| ၂။ | ဘရာဇီး | ၃၆၀၅၇၈၃ | ၂၇၀၉၆၃၈ | ၁၁၄၇၇၂ |
| ၃။ | အိန္ဒိယ | ၃၁၂၆၀၇၈ | ၂၃၅၅၈၂၃ | ၅၇၈၉၁ |
| ၄။ | ရုရှား | ၉၆၁၄၉၃ | ၇၇၃၀၉၅ | ၁၆၄၄၈ |
| ၅။ | တောင်အာဖရိက | ၆၀၉၇၇၃ | ၅၀၆၄၇၀ | ၁၃၀၅၉ |
| ၆။ | ပီရူး | ၅၉၄၃၂၆ | ၃၉၉၃၅၇ | ၂၇၆၆၃ |
| ၇။ | မက္ကဆီကို | ၅၆၀၁၆၄ | ၃၈၃၈၇၂ | ၆၀၄၈၀ |
| ၈။ | ကိုလံဘီယာ | ၅၄၁၁၄၇ | ၃၇၄၀၃၀ | ၁၇၃၁၆ |
| ၉။ | စပိန် | ၄၀၇၈၇၉ | စိစစ်ဆဲ | ၂၈၈၃၈ |
| ၁၀။ | ချီလီ | ၃၉၇၆၆၅ | ၃၇၁၁၇၉ | ၁၀၈၅၂ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄– ၈ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၉၄၂၅၂ | ၁၃၂၀၄၂ | ၃၀၁၀ |
| အင်ဒိုနီးရှား | ၁၅၅၄၁၂ | ၁၁၁၀၆၀ | ၆၇၅၉ |
| စင်ကာပူ | ၅၆၄၀၄ | ၅၄၁၆၄ | ၂၇ |
| မလေးရှား | ၉၂၇၄ | ၈၉၆၅ | ၁၂၅ |
| ထိုင်း | ၃၃၉၇ | ၃၂၂၂ | ၅၈ |
| ဗီယက်နမ် | ၁၀၂၂ | ၅၈၇ | ၂၇ |
| မြန်မာ | ၄၇၄ | ၃၄၁ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၆၃ | ၀ |
| ဘရူနိုင်း | ၁၄၃ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၀ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၄-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၃-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၇) ခုတွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၃)ဦးတွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၂၃-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမ+ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၆၅၆) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၂၂၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၆၈)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး (စစ်တွေ)မှ ဓာတ်ခွဲနမူနာ (၄၁)ခု၊
- စုစုပေါင်း (၁,၀၉၂)ခုအား စစ်ဆေးရာတွင်-
- • COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိကြောင်းအား (၂၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ဖော်ပြပြီး ဖြစ်ပါသည်။)

၃။ (၂၄-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၄၆၃)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၃-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၃) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၃) ဦး | (၄၆၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၄၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ဇယား -၁

**COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား /မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 451 | ၃၂ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 397) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 452 | ၄၇ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 397) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 453 | ၄၆ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 397) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 454 | ၇၁ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 398) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 455 | ၆၇ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 398) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 456 | ၆၁ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 398) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 457 | ၅၆ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 398) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 458 | ၄၂ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 398) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 459 | ၂၁ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 430) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 460 | ၉၂ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 461 | ၅၂ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 462 | ၂၆ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 463 | ၁၁ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |

# အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆန်းစစ်အကဲဖြတ်မှုအခြေအနေ

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး လုံခြုံဘေးကင်းသည့် အခြေခံပညာ အထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒေသအာဏာပိုင်များ၊ အခြေခံပညာဦးစီးဌာန၊ မိဘ၊ ဆရာအသင်းများနှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်သော အဖွဲ့များ ဖွဲ့စည်း၍ ၁၇-၇-၂၀၂၀ ရက်နေ့မှစ၍ ၂၁-၈-၂၀၂၀ ရက်နေ့အထိ အခြေခံပညာ အထက်တန်းအဆင့်ကျောင်း စုစုပေါင်း (၇၁၇၃) ကျောင်းများအနက် (၇၁၂၉)ကျောင်းတို့အား ဆန်းစစ်အကဲဖြတ်မှု ဆောင်ရွက်ရာတွင် အဆင်သင့်ဖြစ်သော (A အဆင့်) ကျောင်း (၆၅၇၃)ကျောင်း၊ ပြန်လည်စိစစ်အတည်ပြုရန် လိုအပ်သည့်ကျောင်း (၅၃၀) ကျောင်းနှင့် အဆင်သင့်ဖြစ်ရန် လိုအပ်သည့်ကျောင်း (၂၆) ဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့ပါသည်။ သို့ဖြစ်ပါသဖြင့် ဆန်းစစ်အကဲဖြတ်မှုများကို ပြန်လည်စိစစ်တွေ့ရှိချက်များအရ အချက်အလက်ပြည့်စုံမှုရှိသည့် အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ၂၁-၇-၂၀၂၀ ရက်နေ့မှစ၍ ၂၁-၈-၂၀၂၀ ရက်နေ့အထိ အဆင်သင့်ဖြစ်သော (A အဆင့်) ရရှိသည့် ကျောင်းပေါင်း (၆၅၂၆) ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရန် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ဖြည့်ဆည်းရန် လိုအပ်ချက်ရှိသောကျောင်း အားလုံးတို့ကို အမြန်ဆုံးပြန်လည် ဖြည့်ဆည်းပြီး ဆန်းစစ်အကဲဖြတ်မှုများ ထပ်မံဆောင်ရွက်၍ အချက်အလက် ပြည့်စုံမှုရှိပါက ဆက်လက်ဖွင့်လှစ်ရန် ခွင့်ပြုနိုင်ရေး စီစဉ်သွားမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်း ဖွင့်လှစ်ခွင့် ပြုထားသည့် အခြေခံပညာ အထက်တန်းကျောင်းများအားလုံး ခေတ္တပိတ်ထား၍ ၎င်းပြည်နယ်အတွင်း ဖွင့်လှစ်ရန်ပြင်ဆင်လျက်ရှိသော ကျောင်းများအားလုံး ယာယီရပ်ဆိုင်းထားပြီး ရခိုင်ပြည်နယ်ဒေသတွင်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုအခြေအနေအရ ကျောင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# ခရမ်းမြို့နယ်အတွင်း ငါးမွေးတောင်သူများအား ထောက်ပံ့မည့် ငါးသားပေါက်များ စစ်ဆေး

**ခရမ်း ဩဂုတ် ၂၄**



ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း ငါးမွေးတောင်သူများအား ထောက်ပံ့ပေးနိုင်ရေးအတွက် ခရမ်းမြို့နယ် တင်ဒါအောင်မြင်ခဲ့သည့် ငါးသားဖောက် စခန်းများသို့ ယနေ့ နံနက် ၈ နာရီက ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူးနှင့် တာဝန်ရှိသူများက ငါးသားဖောက်ကန်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်နှင့် တာဝန်ရှိသူများက ခရမ်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာလ ငါးမွေးတောင်သူများအား အခမဲ့ဖြန့်ဖြူးပေးမည့် ငါးသားပေါက်များအတွက် တင်ဒါအောင်မြင်ခဲ့သည့် ကမာမက်ကျေးရွာ ငါးသားပေါက် စခန်းတွင် သားဖောက်အောင်မြင်ထားသည့် ငါးသားပေါက်များ၏ လက်ရှိအခြေအနေနှင့် ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး လိုအပ်ချက်များအား မှာကြားကြောင်း သိရသည်။

ခရမ်းမြို့နယ်အတွင်း ငါးမွေးမြူရေး လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုရသည့်သူများနှင့် စားသုံးကြသူပြည်သူများ ဈေးနှုန်းသင့်စွာဖြင့် သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သည့် ငါးအသား စားသုံးနိုင်စေရေးနှင့် မြို့နယ်အတွင်း ငါးမျိုးပြုန်းတီးမှုမရှိစေရေးအတွက် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ငါးမွေးမြူရေး လုပ်ငန်းရှင်များအား မျိုးကောင်းမျိုးသန့် ငါးသားပေါက်များကို မကြာမီအခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ သိရှိရသည်။

**ကိုမင်း (ခရမ်း)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၄-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၆၅)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၂၉၁)ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၉၀) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၇၆) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ(၄၆)ခု

စုစုပေါင်း (၁,၀၆၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။

၂။ (၂၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄၇၄) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၄၁)ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၃၅) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၃-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၄-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၁) ဦးရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂၄-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆၅) ခု |
| (၂၄-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉၁) ခု |
| (၂၄-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၀) ခု |
| (၂၄-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၆) ခု |
| (၂၄-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၁) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၁) ဦး | (၄၇၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၄၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

### (၂၄-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| *464 | ၂၃ နှစ် | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| *465 | ၂၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 466 | ၂၁ နှစ် | ကျား | ပေါင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (စင်္ကာပူနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| *467 | ၇၅ နှစ် | ကျား | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင် မြို့နယ်) |
| *468 | ၁၆ နှစ် | မ | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင် မြို့နယ်) |
| *469 | ၁၅ နှစ် | မ | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင် မြို့နယ်) |
| 470 | ၂၄ နှစ် | ကျား | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-413) | မရှိ | ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင် မြို့နယ်) |
| 471 | ၂၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-413) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 472 | ၁၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-432) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 473 | ၅၇ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 474 | ၂၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-447) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |

*စစ်တွေမြို့သို့ခရီးသွားရာဇဝင်ရှိ၍ အသွားအလာကန့်သတ်ထားရှိသူ

# ကမ္ဘောဇဘဏ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**စစ်တွေ ဩဂုတ် ၂၄**

ကမ္ဘောဇဘဏ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ဩဂုတ် ၂၄ ရက်က ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ်က ငွေကျပ်သိန်း ၉၀၀ ခန့်တန်ဖိုးရှိ ဆေးရုံသုံးနှာခေါင်းစည်း ၁၀၀၀၀၀၊ ဆေးရုံသုံးလက်အိတ် ၃၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ မျက်မှန် ၂၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀၊ အပူချိန်တိုင်းစက် သာမိုမီတာ ၁၀၀၊ မျက်နှာအကာ ၂၀၀၀ စသည့် ကာကွယ်၊ ကုသရေး အထောက်အကူပစ္စည်း ခုနစ်မျိုးနှင့် အလှူငွေကျပ်သိန်း ၃၀၀ ကို ကမ္ဘောဇဘဏ် ပြည်နယ်တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးစံမြက ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူသည်။**(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကမ္ဘောဇဘဏ်သည် ၂၀၁၅ ခုနှစ်အတွင်း ရေလွှမ်းမှုဖြစ်ပွားခဲ့ချိန်တွင် ကျပ်သိန်းပေါင်း ၁၅၀၀၀ ကျော်၊ ၂၀၁၆ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၁၀၀၀၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်းပေါင်း ၆၈၀၀၀ ကျော်လှူဒါန်းခဲ့ကြောင်း၊ ဧပြီလအတွင်းကလည်း ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ လှူဒါန်းခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်နေသည့် ဆေးရုံများ၊ တိုက်နယ်ဆေးရုံများသို့ အထောက်အကူပြုပစ္စည်းများ လှူဒါန်းခဲ့ကြောင်း၊ ဧပြီလကုန်ပိုင်းတွင် သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်မှုစောင့်ကြပ်ကြည့်ရှုနေရာ ဝင်သူများအတွက် ငွေကျပ်သိန်း ၃၀၀ နှင့် ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ယခုအကြိမ်တွင် ငွေကျပ်သိန်း ၉၀၀ တန်ဖိုးရှိ ကိုဗစ် -၁၉ ကာကွယ်ရေးပစ္စည်း ခုနစ်မျိုးနှင့် ငွေကျပ်သိန်း ၃၀၀ ကို ထပ်မံလှူဒါန်းပေးခဲ့ပြီး ရခိုင်ပြည်နယ်အတွက် စုစုပေါင်း ငွေကျပ် ၁၀ ဘီလီယံခန့် လှူဒါန်းခဲ့၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။




ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ရောဂါ မဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ယနေ့အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၀၃၄၂ သိန်း လှူဒါန်းထားပြီးဖြစ်သည်။

**စစ်တွေ(ပြန်/ဆက်)**





## ပညာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ




စာရေးဆရာ ဒေါက်တာမျိုးကြွယ် (AUAA) ၏ ပညာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

အဆိုပါစာအုပ်ကို ကမ္ဘာ့စိမ်းမြစာအုပ်တိုက်က ထုတ်ဝေပြီး ငွေကျပ် ၂၅၀၀ ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ စာအုပ်တွင် မြန်မာနိုင်ငံ၏ အနာဂတ်နှင့် အဆင့်မြင့်စိုက်ပျိုးမွေးမြူရေးပညာသင်ကြားရေး၊ ကိုဗစ်နှင့် ကိုဗစ်အလွန် အဆင့်မြင့်ပညာရေးကဏ္ဍအတွက် ဘာသာရပ်အသစ်များနှင့် နိုင်ငံတကာ စိုက်ပျိုးရေးတက္ကသိုလ်များနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အားလုံး၏ ရည်ရွယ်ချက်




၂၀၁၅ ခုနှစ် စာပေဗိမာန် သုတေသနနှင့်အသုံးချသိပ္ပံ ဒုတိယဆုရ စာရေးဆရာ ဒေါက်တာစန်းဝင်း (သစ်တောတက္ကသိုလ်) ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ရည်ရွယ်ချက်စာအုပ် ထွက်ရှိပြီဖြစ်သည်။

အဆိုပါ စာအုပ်ကို Quality Publishing House က ထုတ်ဝေပြီး ငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ အဆိုပါ စာအုပ်တွင် သယံဇာတအမျိုးအစားအလိုက် စီမံအုပ်ချုပ်မှုနှင့်ညစ်ညမ်းစေသော ပစ္စည်းများ စီမံအုပ်ချုပ်မှုတို့အတွက် အခြေခံနည်းလမ်းများ၊ အစိမ်းရောင်စီးပွားရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအကြောင်း လေ့လာဖတ်ရှုနိုင်မည် ဖြစ်သည်။

## ဥပဒေနှင့်ဆင်ခြင်တုံတရားပေါင်းစပ်ပါမှ အမှားကင်းပါမည်




စာရေးသူ စိန်လှိုင်ဗိုလ်(တရားလွှတ်တော်ရှေ့နေ) ရေးသားသည့် ဥပဒေနှင့် ဆင်ခြင်တုံတရားပေါင်းစပ်ပါမှ အမှားကင်းပါမည် စာအုပ်ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် ဥပဒေနှင့်ဆင်ခြင်တုံတရား၊ ပဋိညာဉ်ဥပဒေ အကြောင်း သိကောင်းစရာ၊ ကာကွယ်ခုခံပိုင်ခွင့်အကြောင်း သိကောင်းစရာ စသည်တို့အပြင် အခြားဥပဒေဆိုင်ရာ အသိပညာဗဟုသုတများကို လေ့လာနိုင်မည်ဖြစ်သည်။ ယင်းစာအုပ်ကို ဝန်ချတောင်စာပေ၊ တိုက်(၁၅)၊ အခန်း(၂၀၂) အင်းဝအိမ်ရာ၊ ၆၆ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဖုန်း ၀၉ - ၄၀၀၈၆၆၈၂ သို့ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။

## စစ်ရေး၊ နိုင်ငံရေး အဆိုအမိန့်များ




စာရေးသူ ဦးသိန်းအောင် (နိုင်ငံခြားငွေ) ရေးသားသည့် စစ်ရေး၊ နိုင်ငံရေး အဆိုအမိန့်များ စာအုပ်ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် အရစ္စတိုတယ်၊ စိန့်ဩဂုတ်စတင်း၊ ဆူဘတ်စ်ချန် ဒရာဘို့စ်၊ ဂျော့ချ်ဒဗလူဘွတ်ရှ်၊ ချန်ကေရှိတ်၊ မိုရှီဒါယန်၊ နပိုလီယံဘိုနာပတ်၊ မော်စီတုန်း စသည့် ကမ္ဘာကျော်ပုဂ္ဂိုလ် ၉၆ ဦးတို့၏ အတ္ထုပ္ပတ္တိနှင့် အဆိုအမိန့်များကို လေ့လာနိုင်မည်ဖြစ်သည်။ ယင်းစာအုပ်ကို သံလွင်ခက်စာပေက ထုတ်ဝေပြီး အမှတ်(၉) အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ဖုန်း ၀၉-၄၅၀၀၄၉၁၁၆ သို့ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၈ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၁၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၅/၅၉၀ | ကျပ် | ၅၇၅/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၅/၆၀၀ | ကျပ် | ၅၉၀/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၅/၅၃၅ | ကျပ် | ၅၅၅/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၅/၆၅၀ | ကျပ် | ၆၈၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၅၉ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၃ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၉၅ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၅ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၆၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၄၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၂၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀၀ | ၁၁၀၄ | ၁၀၉၆၁၁၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၁၅၉ | ၄၄၀၄၂၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၁၅ | ၃၂၇၅၀၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၄၄၀ | ၁၁၉၀၀၀၀ |
| EFR | ၃၀၅၀ | ၃၁၀၀ | ၁၁၀ | ၃၄၀၅၀၀ |

ခင်ရတနာ - စုစည်းသည်


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တော်ဝင်ကေတုမတီ ယဉ်ကျေးမှုပြတိုက်သို့

*မောင်သာ(ရှေးဟောင်းသုတေသန)*

**မြန်မာ့သမိုင်းတွင် စည်းလုံးညီညွတ်သော ဒုတိယမြန်မာနိုင်ငံတော်ကို အစပြုခဲ့သည့် တောင်ငူခေတ် ကေတုမတီမြို့တော်သည် ၂၀၂၀ ပြည့်နှစ်တွင် သက်တမ်းနှစ် ၅၁၀ ပြည့်မြောက်ပြီဖြစ်သည်။ တောင်ငူဘုရင်များသည် ခရစ်နှစ် ၁၂၇၈ ခုနှစ်မှစ၍ တောင်ငူဒေသတွင် တောင်ငူငယ်၊ တောင်ငူကြီး(ညောင်ဝတီ)၊ မြဝတီနှင့် ဒွါရာဝတီမြို့တို့ကို တည်ထောင်ခဲ့ပြီးနောက် ခရစ်နှစ် ၁၅၁၀ ပြည့်နှစ်တွင် တောင်ငူခေတ်၏ နောက်ဆုံးမြို့တော်ဖြစ်သည့် ကေတုမတီကို မင်းကြီးညိုက တည်ထောင်ခဲ့သည်။**

### ကေတုမတီ တောင်ငူ ငါးမြို့

တောင်ငူမြို့သည် ရန်ကုန်မြို့မှ မြောက်ဘက်သို့ ၂၇၇ ကီလိုမီတာနှင့် နေပြည်တော်မှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ ၁၃၉ ကီလိုမီတာကွာဝေး၍ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၅၆ မိနစ်နှင့် ၁၈ ဒီဂရီ ၅၇ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၅ မိနစ် နှင့် ၉၆ ဒီဂရီ ၂၇ မိနစ် အကြားတွင်တည်ရှိကာ ၆၆၃ ဒသမ ၁၅ စတုရန်းမိုင်ကျယ်ဝန်း၍ ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၂ ပေမြင့်သည်။

တောင်ငူမြို့နယ်၏ အရှေ့ဘက်တွင် ထန်းတပင်မြို့နယ်နှင့် သံတောင်မြို့နယ်၊ အနောက်ဘက်တွင် ပေါက်ခေါင်းမြို့နယ်၊ တောင်ဘက်တွင် အုတ်တွင်းမြို့နယ်နှင့် မြောက်ဘက်တွင် ရေတာရှည်မြို့နယ်တို့ တည်ရှိ၍ စစ်တောင်းမြစ်သည် တောင်ငူမြို့နယ်ကို ဖြတ်သန်းလျက် မြောက်မှ တောင်သို့ ၂၅ မိုင် စီးဆင်းနေသည်။ တောင်ငူမြို့သည် ခပေါင်းချောင်းဖျား၊ မင်းဝံတောင်၏ အငူနေရာ၌ တည်ထားသည့်မြို့ဖြစ်သောကြောင့် တောင်ငူဟု အမည်တွင်ခဲ့သည်။

တောင်ငူမင်းဆက်၏ ပထမဆုံးမြို့ဖြစ်သည့် တောင်ငူငယ်ကို သဝန်ကြီးနှင့် သဝန်ငယ်ညီနောင်က ၁၂၇၈ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၁၂၇၉ ခုနှစ်တွင် တောင်ငူကြီးကို ထပ်မံတည်ခဲ့ပြီး တောင်ငူကြီးတွင် သဝန်ကြီးက နန်းတက်ခဲ့သည်။ သဝန်ကြီးမှစ၍ တောင်ငူကြီးတွင် နန်းစိုက်ခဲ့သည့် မင်းများအနက် ၁၄၈၅ ခုနှစ်တွင် နန်းတက်ခဲ့သည့် ၂၉ ဆက်မြောက်မင်းဖြစ်သူ မင်းကြီးညိုသည် ၁၄၈၆ ခုနှစ်တွင် တောင်ငူကြီးမှ မြောက်ဘက် တာ ၅၀၀ အကွာ၌ မြဝတီမြို့ကို တည်ထောင်၍ ငါးနှစ်နန်းစံခဲ့သည်။ ထို့နောက် ၁၄၉၁ ခုနှစ်တွင် ဒွါရာဝတီမြို့ကို တည်ထောင်၍ မြဝတီမှ ပြောင်းရွှေ့ခဲ့သည်။ ဒွါရာဝတီမြို့၌ မင်းကြီးညို အုပ်စိုးချိန်သည် အင်းဝ၌ ဒုတိယမင်းခေါင်(၁၄၈၁–၁၅၀၂) နန်းစံနေချိန်ဖြစ်၍ ယင်းကာလတွင် အင်းဝ၌ မငြိမ်သက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် အင်းဝသားများသည် အင်းဝကို စွန့်ခွာ၍ မင်းကြီးညိုလက်အောက်သို့ ရောက်ရှိလာခဲ့ကြသဖြင့် မင်းကြီးညိုထံမှောက်၌ လူသူဆင်မြင်းအင်အားတိုးပွားလာခဲ့သည်။ ထိုအချိန်တွင် ဒွါရာဝတီသည် တိုးပွားလာသည့် အင်အားအတွက် နေရာအကျယ်အဝန်း မလုံလောက်တော့သဖြင့် မင်းကြီးညိုသည် ဒွါရာဝတီမြို့၏ အထက်ပိုင်း၊ ပေါင်းလောင်းမြစ်၏ အနောက်ဘက်ရှိ ညီညာပြန့်ပြူးသည့် မြေနေရာ၌ ကေတုမတီနေပြည်တော်သစ်ကို ၁၅၁၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သည်။ ကေတုမတီမြို့သစ်သည် အရှေ့အနောက် တာ ၇၀၀ နှင့် တောင်မြောက် တာ ၅၀၀ ရှည်လျား၍ မြို့ရိုးနှင့်အတူ တံခါးပေါက် ၂၀၊ သိမ် ၂၀ နှင့် မြို့ထောင့်စေတီလေးဆူ တည်ရှိခဲ့သည်။

လက်ရှိတောင်ငူမြို့နယ်ကို မြို့နှစ်ခု (တောင်ငူနှင့်ကေတုမတီ)၊ ရပ်ကွက် ၂၇ ခု၊ ကျေးရွာအုပ်စု ၃၇ ခု၊ ကျေးရွာ ၂၅၁ ရွာဖြင့် ဖွဲ့စည်းထားကာ မြို့နယ်အတွင်း၌ မြို့ရိုးနှင့် ကျုံးဟောင်းများအပါအဝင် သမိုင်းဝင်နေရာများနှင့် အဆောက်အအုံများကို ယနေ့တိုင် မြင်တွေ့နိုင်ကြသည်။ ယင်းတို့အနက် တောင်ငူမြို့ရိုးဟောင်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ထုတ်ပြန်သည့် တောင်ငူမြို့နယ်ဒေသဆိုင်ရာ အချက်အလက်များအရ တောင်ငူမြို့ နယ်တွင် စေတီ ၇၅ ဆူနှင့် ဘုန်းကြီးကျောင်း ၃၁၇ ကျောင်းတည်ရှိပြီး မြတ်စောညီနောင်၊ ရွှေဆံတော်၊ မြစည်းခုံ၊ စည်းခုံကြီးနှင့် မြတ်နိဗ္ဗာန်တို့သည် သမိုင်းဝင်စေတီတော်များအဖြစ် ထင်ရှားကြသည်။



တော်ဝင် ကေတုမတီ ယဉ်ကျေးမှုပြတိုက်

### ကေတုမတီပြတိုက်

သက်တမ်း နှစ် ၅၁၀ ရှိပြီဖြစ်သည့် ကေတုမတီတောင်ငူမြို့နယ်သည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ပြီး သမိုင်းဝင်အဆောက်အအုံများနှင့် သမိုင်းအထောက်အထား ရုပ်ဝတ္ထုပစ္စည်းများ ကျန်ရှိခဲ့သည်။ ယင်းတို့အနက် တောင်ငူမြို့နယ်သား တစ်ဦးဖြစ်သည့် ဦးခင်မောင်အေး(စီဘီဘဏ်ဥက္ကဋ္ဌ)သည် ဘိုးဘွားစဉ်ဆက် စုဆောင်းခဲ့သည့် ရှေးဟောင်းပစ္စည်းများကို သိမ်းဆည်းစောင့်ရှောက်ထားပြီး ဆက်လက်ရရှိလာသည့် သစ်သား၊ မြေထည်၊ ကြွေထည်၊ ယွန်းထည်နှင့် ဆင်းတုတော်များအပါအဝင် ရှေးဟောင်းပစ္စည်းများ များပြားလာချိန်တွင် စာရင်းပြုစုပြီး တော်ဝင်ကေတုမတီဟုတယ်၌ သစ်သားဗီရို ၁၂ လုံးဖြင့် ထိန်းသိမ်းခဲ့သည်။

ယင်းပစ္စည်းများကို အများပြည်သူများ အားပြသနိုင်ရန် ကောင်းမြန်မာကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လှလှက ဒေသဆိုင်ရာ ပြတိုက်တစ်ခု တည်ထောင်ခွင့်ကို ၂၀၁၅ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လျှောက်ထားခဲ့ပြီး တောင်ငူမြို့ အမှတ်(၁၁) ရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ကေတုမတီအနောက်ဘက်မြို့ရိုးနှင့် အနောက်ဘက်ကျုံးအကြားရှိ ဂေါက်လေ့ကျင့်ကွင်းငယ် အပန်းဖြေရိပ်သာကို နှစ်ထပ်အဆောက်အအုံအဖြစ် ပြင်ဆင်ဆောက်လုပ်ခဲ့သည်။

ပစ္စည်းများကို စနစ်တကျခင်းကျင်းထိန်းသိမ်းထားရှိနိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးခဲ့ပြီး ပြတိုက်အဖြစ်အသုံးပြုမည့် အဆောက်အအုံနှင့် ဆိုင်းဘုတ်ကို ၂၀၁၅ ခုနှစ်က ကျင်းပပြုလုပ်ခဲ့သည့် ကေတုမတီတောင်ငူမြို့တည် နန်းတည် ၅၀၅ နှစ်ပြည့်ပွဲတော်တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။

တောင်ငူတက္ကသိုလ် မြန်မာစာဌာနမှ အငြိမ်းစား ပါမောက္ခ ဌာနမှူး ဒေါက်တာမာမာဝေက ပြတိုက်တာဝန်ခံအဖြစ် တာဝန်ယူခဲ့ပြီးနောက် ပြတိုက်တည်ထောင်ခွင့်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ထပ်မံလျှောက်ထားခဲ့သည်။

ထိန်းသိမ်းထားရှိသည့် ပစ္စည်းများ၏ အမျိုးအမည်၊ အရေအတွက်နှင့် သက်တမ်းတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံးက ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် စိစစ်အတည်ပြုခဲ့ပြီးနောက် ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းထားရှိခွင့်ကိုရရှိခဲ့ပြီး ထပ်တိုးပစ္စည်း ၇၀၀ ကျော်ကို မှတ်ပုံတင်နိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၈ ခုနှစ်တွင် စိစစ်ခဲ့သည်။

ပြတိုက်တာဝန်ရှိသူများသည် တောင်ငူမြို့နှင့် အနီးဝန်းကျင်ရှိဒေသများသို့ ကွင်းဆင်းကာ ရှားပါးရှေးဟောင်းပစ္စည်းများကို စုဆောင်းခဲ့ကြသည်။ ပြတိုက်သို့လာရောက်ကြသူများ လေ့လာနိုင်ရန် စာအုပ်စာတမ်း ၆၀၀ ကျော်ကိုလည်း ထားရှိခဲ့သည်။

### ပြတိုက်ဟူသည်

ပြတိုက်ဟူသည့် ဝေါဟာရကို မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)တွင် " ပညာလိုက်စားသူအပေါင်း တို့အတွက် အဘက်ဘက်မှ အကျိုးအပွံ့ဖြစ်စေသောပစ္စည်း အမျိုးမျိုးတို့ကို သိုမှီးပြသထားရာ အဆောက်အအုံများကို ပြတိုက်ဟု ခေါ်ဆိုနိုင်ပေသည်"ဟု ရှင်းလင်းပြဆိုသည်။ ထို့အတူ မြန်မာအဘိဓာန်တွင် ပြတိုက်၏ အဓိပ္ပာယ်ကို အများကြည့်ရှု လေ့လာဖွယ်ရာများကို ခင်းကျင်းပြသထားသော အဆောက်အအုံဟု ဖွင့်ဆိုသည်။

ပြတိုက်သည် ရှေးဟောင်းပစ္စည်းများသို့မဟုတ် အမှတ်တရမှတ်တမ်းတင်ထားရှိရမည့်ပစ္စည်းများကို တစ်နေရာတည်း၌ စုစည်းထားပြီး အများပြည်သူများ စူးစမ်းလေ့လာရန်၊ သုတေသနပြုလုပ်ရန် လေ့လာကြည့်ရှုစေခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေသည့် ပညာဖြန့်ဖြူးရာဌာနကြီးဖြစ်ကြောင်း အခြေခံပြတိုက်ပညာစာအုပ်တွင် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေတွင် ပြတိုက်သည် အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လေ့လာ သုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်၍ အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိက ကဖြစ်စေ ဖွင့်လှစ်ထားသော အဆောက်အအုံဖြစ်ကြောင်း ဖော်ပြထားသည်။ ယခုအခါတွင် ပြတိုက်ဥပဒေမူကြမ်းကို ရေးဆွဲပြီးဖြစ်ကာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် ဥပဒေအာဏာတည်မည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ ပြတိုက်ပေါင်း ၅၅၀၀၀ ကျော်အနက် သက်ဆိုင်ရာ နိုင်ငံအစိုးရများနှင့် ပုဂ္ဂလိများက ဖွင့်လှစ်ထားသည့် ပြတိုက်များတွင် ပြတိုက်အမျိုးအစားအလိုက် လေ့လာနိုင်ကြသည်။

### ခင်းကျင်းပြသထားသည့် ပစ္စည်းများ

တော်ဝင်ကေတုမတီ ယဉ်ကျေးမှုပြတိုက်အဆောက်အအုံတွင် အထပ်နှစ်ထပ်ပါရှိ၍ အထပ်တစ်ထပ်စီ၌ ရှေးဟောင်းပစ္စည်းများကို မှန်ပုံးများဖြင့် စနစ်တကျထိန်းသိမ်းပြသထားရာ မြေညီထပ်သို့ဝင်လိုက်သည်နှင့် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်တစ်ခုဖြစ်သည့် ဘုရင့်နောင်မင်းတရားကြီး ခေါင်းလောင်းစာများရေးထိုးထားသည့် ခေါင်းလောင်းနှင့် ပုံစံတူ အရွယ်တူပြုလုပ်ထားသည့် ယွန်းနှင့် စက္ကူပေါင်းကို ပေါင်းစပ်ပြုလုပ်ထားသော ခေါင်းလောင်းတော်ကို မြင်တွေ့ကြရသည်။ မူလ ခေါင်းလောင်းတော်သည် ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်၊ အရှေ့ဘက်စောင်းတန်းထိပ်တွင် မြင်တွေ့နိုင်ကြသည်။

ဘုရင့်နောင် မင်းတရားကြီးသည် ခေါင်းလောင်းတော်ကမ္ပည်းစာများကို ပါဠိ၊ မွန်၊ မြန်မာသုံးဘာသာဖြင့် ရေးထိုးခဲ့ပြီး ယင်းခေါင်းလောင်းစာတွင် တိကျသော ရက်စွဲ များနှင့် ဖြစ်ရပ်များကို မှတ်တမ်းတင်ထားသဖြင့် ရာဇဝင်ကျမ်းများတွင် ရေးသားထားသည့် ကွဲလွဲချက်များကို ပြင်ဆင်နိုင်ရန် အထောက်အကူများစွာ ဖြစ်ခဲ့ပေသည်။

*စာမျက်နှာ ၂၄ သို့*



တောင်ငူခေတ် ကြေးအလေးများ



တောင်ငူကန်တော်ကြီးမှရရှိခဲ့သည့်သံအမြောက်

# ထန်းတပင်မြို့နယ်တွင် ကျန်းမာရေးဆိုင်ရာအချက်အလက်များကို မိုဘိုင်းဖုန်းမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ရေး ပဏာမစမ်းသပ်စစ်ဆေး

**ထန်းတပင် ဩဂုတ် ၂၄**

သွေးလွန်တုပ်ကွေး ရောဂါနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို အများပြည်သူများအား မိုဘိုင်းဖုန်းမှတစ်ဆင့် ဖြန့်ဝေဆောင်ရွက်နိုင်ရေးတို့အတွက် ယမန်နေ့က ထန်းတပင်မြို့နယ်အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပဏာမစမ်းသပ်စစ်ဆေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ အေးမွန်မွန်ကျော် ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လိုက်လံ၍ သွေးလွန်တုပ်ကွေးခြင်ပေါက်ပွားနိုင်သည့် ရေသိုလှောင်ပစ္စည်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ အဘိတ်ဆေးခပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့အတူ ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်များကို မိုဘိုင်းဖုန်းမှတစ်ဆင့် ဖြန့်ဝေပေးပို့နိုင်ရေးတို့အတွက် ဆက်သွယ်ဆောင်ရွက်ရမည့်အချက်အလက်များ ကောက်ယူဆောင်ရွက်ကြသည်။

ဆက်လက်၍ သွေးလွန်တုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေး ဆောင်ရွက်ကြကာ နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးကြသည်။

ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရန် မိုဘိုင်းဖုန်းဖြင့် ဖြန့်ဝေပေးပို့နိုင်ရေးအတွက် ရပ်ကွက်တစ်ခုလျှင် အိမ်ခြေ ၁၀၀ နှုန်းစတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်နှုန်း ဖြန့်ဝေပေးပို့ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



ထန်းတပင်မြို့နယ်အတွင်း ပူးပေါင်းအဖွဲ့များစစ်တမ်းကောက်ယူစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖျားနာသီးသန့်ဆေးခန်းများတွင် တီဘီရောဂါ သံသယလူနာများကို ရှာဖွေကုသပေးလျက်ရှိ

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၀ ၌ ကိုဗစ်ကာလအတွင်း ဖွင့်လှစ်ထားသော အခမဲ့ ဖျားနာသီးသန့်ဆေးခန်း(Fever Clinics) များတွင် ဖျားနာလူနာများအပြင် တီဘီရောဂါသံသယလူနာများအား ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများတွင် ကုသမှုခံယူနိုင်ရန် စီစဉ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနေကြောင်း လူထုအခြေပြု ဖျားနာလူနာကုသဆေးခန်းများ ကွန်ရက်(ရန်ကုန်)မှ သိရသည်။

**အခမဲ့ဆောင်ရွက်ပေး**

" ကျွန်တော်တို့က အခုမြို့နယ် ၂၀ မှာ ဖျားနာသီးသန့်ဆေးခန်းတွေ ဖွင့်ထားပါတယ်။ တချို့မြို့နယ်တွေမှာ ဆိုလည်း နီးစပ်ရာဆေးရုံတွေနဲ့ပူးပေါင်းပြီး ဖွင့်ထားတာရှိတယ်။ ဒီဆေးခန်းတွေမှာ ကိုဗစ်ကာလအတွင်း ဖျားနာ လူနာ စစ်ဆေးပေးတာတွေအပြင် တီဘီရောဂါတိုက်ဖျက်ရေးအတွက် တီဘီရောဂါ စစ်ဆေးတာတွေကိုလည်း အခမဲ့ဆောင်ရွက်ပေးပါတယ်။ ဩဂုတ် ၁ ရက်ကနေ အခု လလယ်ပိုင်းအထိဆိုရင် ဒီဆေးခန်းတွေမှာ တီဘီရောဂါသံသယလူနာ ပေါင်း ၄၀၀ ကျော်လောက် လာပြကြတယ်။ ဒါကို ရောဂါရှာဖွေစစ်ဆေးလိုက်တဲ့အခါမှာ တီဘီရောဂါလက္ခဏာတွေ့ရှိသူ လူနာ ၅၀ ကျော်လောက်ရှိနေတယ်။ ဒါကို ကျန်းမာရေးကုသမှုခံယူဖို့ နီးစပ်ရာ ကျန်းမာရေးဦးစီးဌာနတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်စေပါတယ်။ အခုနောက်ပိုင်းတဖြည်းဖြည်းနဲ့ လူနာနည်းလာတဲ့ မြို့နယ်တွေကိုလည်း တစ်မြို့နယ် ဆေးခန်းတစ်ခု မလုပ်တော့ဘဲ လေးမြို့နယ်ကို သင့်တင့်တဲ့နေရာမှာ ဆေးခန်းတစ်ခုဖွင့်သွားဖို့ လုပ်ဆောင်နေပါတယ်'' ဟု လူထုအခြေပြု ဖျားနာလူနာ ကုသဆေးခန်းများ ကွန်ရက်(ရန်ကုန်) တာဝန်ခံ ဒေါက်တာ ကျော်မင်းထွန်းက ပြောသည်။



ကျန်းမာရေးဝန်ထမ်းက လူနာအား စမ်းသပ်ကုသပေးစဉ်။

ဖျားနာသီးသန့်ဆေးခန်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လှိုင်သာယာ၊ အင်းစိန်၊ မရမ်းကုန်း၊ ရွှေပြည်သာ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ဒေါပုံအပါအဝင် မြို့နယ် ၂၀ တွင် ဖွင့်လှစ်ထား၍ ရွေ့လျားတီဘီရောဂါရှာဖွေရေးစက်ဖြင့် စမ်းသပ်စစ်ဆေးပေးပြီး ရောဂါသံသယရှိပါက သလိပ်များပါ စစ်ဆေးပေးကြောင်း သိရသည်။

**တီဘီရောဂါတွေ့ရှိသူ ၅၀ ခန့်ရှိ**

ဩဂုတ် ၁ ရက်မှ စတင်ကာ ဩဂုတ် ၂၀ ရက်အထိ တီဘီရောဂါ လူနာ ၄၀၀ ခန့် လာရောက်ပြသကြပြီး ယခုလလယ်ပိုင်းအထိ တီဘီရောဂါ တွေ့ရှိသူ ၅၀ ခန့်ရှိကြောင်း သိရသည်။ တီဘီရောဂါ စမ်းသပ်တွေ့ရှိသူများအား နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်ကာ တီဘီရောဂါတိုက်ဖျက်ရေးအတွက် ဆက်လက်ကုသနိုင်ရန် စီစဉ်ပေးကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်ကာလအတွင်း ရာသီအကူးအပြောင်းကာလတွင် အဖြစ်များသော ကိုယ်ပူချိန်တက်ခြင်း၊ လည်ချောင်းနာ၊ ချောင်းဆိုး၊ နှာစေးဖြစ်နေသည့် လူနာများ၊ အနံ့ အရသာ ရတ်တရက်ပျောက်သောလူနာများ၊ ကိုဗစ်-၁၉ ရောဂါပိုးရှိသော လူနာများနှင့် ထိတွေ့ဖူးခဲ့သူများ၊ ခရီးသွားရာဇဝင်ရှိသူများကို ရောဂါစစ်ဆေးခြင်း၊ လက်ခံကုသပေးခြင်းနှင့် ကိုဗစ်-၁၉ သံသယလူနာများကို စစ်ဆေးကာ လိုအပ်လျှင် ဆေးရုံသို့ပို့ဆောင်ခြင်းကိုလည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**စေတနာ့ဝန်ထမ်းအဖြစ် လာရောက်**

ထိုဖျားနာ သီးသန့်ဆေးခန်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အထွေထွေရောဂါကုဆေးရုံကြီးများရှိ ဖျားနာကုဌာနများမှ ဆရာဝန်ကြီးများ၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးမှ ဆရာဝန်များက စေတနာ့ဝန်ထမ်းအဖြစ်လာရောက်၍ ရက်သတ္တပတ်တစ်ပတ်လျှင် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင် မြို့နယ်အလိုက် နံနက် ၉ နာရီမှ ၁၂ နာရီ အထိ အခမဲ့ကျန်းမာရေးဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# ပဲစင်းငုံနှင့် နံ့စားပြောင်းသီးနှံတို့၏ အာဟာရတန်ဖိုးမြှင့်တင်ရေး အထောက်အကူပြု ကွင်းဆက်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် Syngenta Foundation တို့ပူးပေါင်း၍ ပဲစင်းငုံသီးနှံနှင့် နံ့စားပြောင်းသီးနှံတို့၏ အာဟာရတန်ဖိုးမြှင့်တင်ရေး အထောက်အကူပြု ကွင်းဆက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်က မြင်းခြံစိုက်ပျိုးရေး သုတေသနခြံ၌ ကျင်းပသည်။

ဆွေးနွေးပွဲ၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦးက ပဲစင်းငုံသီးနှံနှင့် နံ့စားပြောင်းသီးနှံတို့သည် မိုးနည်းရေရှားဒေသများအတွက် အရေးပါသည့်သီးနှံများဖြစ်ကြောင်း၊ ရေလိုအပ်ချက်နည်းပြီး ရေငတ်ဒဏ်ခံနိုင်သောကြောင့် အပူပိုင်းဒေသအတွက် အကျိုးရှိသည့်သီးနှံမျိုးများဖြစ်ခြင်းကြောင့် စိုက်ပျိုးစေလိုကြောင်း၊ စနစ်တကျစိုက်ပျိုးပြီး စနစ်တကျရိတ်သိမ်းပါက သီးနှံစိုက်ပျိုး ထုတ်လုပ်မှုသက်တမ်းတစ်လျှောက်ဆုံးရှုံးမှုလျော့နည်းစေပြီးလူနှင့်တိရစ္ဆာန်အတွက် အသုံးဝင်စေသည့် သီးနှံမျိုးများဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲကို တက်ရောက်လာသည့် တောင်သူများက မိမိတို့စိုက်ပျိုးသည့်သီးနှံများ ကွင်းဆက်တစ်လျှောက် လေလွင့်ဆုံးရှုံးမှုနည်းပြီး ဝင်ငွေများပိုမိုရရှိနိုင်ကြောင်း ပြောသည်။

ထို့နောက် နံ့စားပြောင်း၊ ဆတ်နှင့် ပဲစင်းငုံသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းအကြောင်း၊ ပဲစင်းငုံသီးနှံနှင့် နံ့စားပြောင်းသီးနှံတို့၏ တန်ဖိုးမြှင့်ထုတ်ကုန်များပြုလုပ်ခြင်း အကြောင်း၊ မျိုးသစ်၊ မျိုးဆန်း၊ မျိုးမှန်၊ မျိုးသန့်များကို သုံးစွဲနိုင်ရေးနှင့် ဒေသမျိုးများ ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးနှင့်ဆက်စပ်လျက်ရှိသောအထောက်အကူပြုဥပဒေ၊ လုပ်ထုံးလုပ်နည်းများအကြောင်းကို တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ဒေသခံတောင်သူများက သိလိုသည်များကို မေးမြန်းရာ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မေမိုးသဲ**

# ကိုဗစ်ကာလပြည်သူများ အဆင်ပြေစေရေးလေဘာကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

**သန်လျင် ဩဂုတ် ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ယနေ့နံနက်က မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဝန်ထမ်းများက ကိုဗစ်ကာလပြည်သူများ အဆင်ပြေစေရေးအတွက် ခရမ်းနှင့် သုံးခွမြို့နယ်ရုံးများမှ ပြည်သူများအား အလုပ်သမား မှတ်ပုံတင်ကတ်(လေဘာ)များကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြို့နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနရုံးတွင် သန်လျင်နှင့် ကျောက်တန်းမြို့နယ်တို့မှ ပြည်သူများအား အလုပ်သမားမှတ်ပုံတင် (လေဘာကတ်)များ ဆောင်ရွက်ပေးလျက်ရှိသည်။

ကိုဗစ်ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြည်သူများ အဆင်ပြေစေရေးအတွက် လေဘာကတ်များကို နေရာများခွဲ၍ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**သန်းဝင်း(သန်လျင်)**

# ပြည်တော်သစ်အငှားအိမ်ရာစီမံကိန်းမှ အိမ်ရာများစတင်အပ်နှံ

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ပြည်တော်သစ်အငှားအိမ်ရာစီမံကိန်းမှ အိမ်ရာများကို ဩဂုတ် ၂၂ ရက်မှ ၂၉ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း တစ်ရက်လျှင်တစ်လွှာနှုန်းဖြင့် မူလအငှားပြည်သူများ ထံအပ်နှံမည်ဖြစ်သည်။

“လွန်ခဲ့တဲ့ နှစ် ၆၀ လောက်က ပြည်တော်သာအိမ်ရာ တည်ဆောက်ပြီး ပြည်သူတွေဝန်ထမ်းတွေကို နေရာချထားပေးခဲ့တာပါ။ အချိန်ကြာလာတာနဲ့အမျှ တိုက်သက်တမ်းက အလွန်ကြာမြင့်လာပြီဆိုတော့ ပျက်စီးယိုယွင်းတာတွေလည်း ရှိလာပြီလေ။ ပြန်လည်ပြုပြင်ဖို့ကအခက်အခဲရှိလာတော့ စီမံကိန်းတစ်ခုအနေနဲ့ အရင်တိုက်အဟောင်းတွေကို ဖြိုချပြီး အသစ်ပြန်လည်တည်ဆောက်ခဲ့တာပါ” ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက ပြောသည်။

ပြည်တော်သစ်အိမ်ရာသည် ၅ ဒသမ ၄ ဧက ကျယ်ဝန်းသော မြေနေရာပေါ်မှ တိုက် ခြောက်လုံးကိုဖြိုချ၍ ပြန်လည်တည်ဆောက်ထားခြင်းဖြစ်ကာ အခန်းပေါင်း ၁၇၀ ကျော်ပါဝင်သည့် ၁၃ ထပ်မြင့် အဆောက်အအုံဖြစ်ပြီး လူနေအိမ်ခန်းများ၊ ဈေးဆိုင်ခန်းများ၊ ရုံးခန်းများနှင့် ကားပါကင်များလည်း ပါဝင်သည်။

အိမ်ရာငှားရမ်းခများကို ၁ စတုရန်းပေလျှင် ၂၅ ကျပ်နှုန်းသတ်မှတ်၍ မူလနေထိုင်သူများကိုသာ ဆက်လက်နေထိုင်ခွင့်ပြုမည်ဖြစ်ပြီး အခြားသူများသို့ တစ်ဆင့် ပြန်လည်လွှဲပြောင်းရောင်းချပေါင်နှံခွင့်မပြုကြောင်း၊ ယခင်က သာမန်တိုက်ခန်းအဖြစ်သာ နေထိုင်ခဲ့ရပြီး ယခုအခါ ဓာတ်လှေကားပါဝင်သည့် အဆင့်မြင့်အိမ်ရာတစ်ခုဖြစ်သည့်အတွက် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း မူလနေထိုင်သူများထံမှ သိရသည်။

အဆိုပါပြည်တော်သစ်အိမ်ရာအသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ထားသော Yangon Metropolitan Development ကုမ္ပဏီ၏ပထမဆုံးစီမံကိန်းဖြစ်ကာ MKT ဆောက်လုပ်ရေးက တာဝန်ယူဆောက်လုပ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

**အေမင်းရည်စော**

# စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၃ ဦးအား စင်ကာပူနိုင်ငံ ချန်ဂီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(ယာပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေး လေယာဉ် (၁၅) ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# မြဝတီမြို့ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၈၀ ဝင်ရောက်



**မြဝတီ ဩဂုတ် ၂၄**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်း လုပ်သား ၄၈၀ သည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။ **(ဝဲပုံ)**

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၂၄ ရက်အထိ ၁၃၀၂၃ ဦး စုစုပေါင်း ၆၈၆၃၈ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၂၇၉ ဦး၊ အမျိုးသမီး ၂၀၁ ဦး စုစုပေါင်း ၄၈၀ ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရေဆင်းရေလှောင်တမံအတွင်း ရေအလေအလွင့်မရှိ သုံးစွဲနိုင်ရေး ရေအသုံးချသူများအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၄**

ရေဆင်းရေလှောင်တမံအတွင်း ယခုနှစ်ရေဝင်ရောက်မှုအခြေအနေနှင့် ရေအလေအလွင့်မရှိ စနစ်တကျ သုံးစွဲနိုင်ရေး ရေအသုံးချသူများအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ဆည်မြောင်းရှေ့တန်းစခန်း (ပြွန်သုံးလုံး) ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးခင်ဇော်က ရေဆင်းဆည်ရေသောက်စနစ်အတွင်း မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေများ၊ ဇေယျာသီရိမြို့နယ်အတွင်း ယခင်နှစ်များထက် မိုးရွာသွန်းမှုလျော့နည်းလာပြီး ရေဆင်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှု လျော့နည်းလျက်ရှိသည့်အခြေအနေများ၊ ဇေယျာသီရိမြို့နယ်အတွင်း မြို့ပြအိမ်ရာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ရေဆင်းရေလှောင်တမံမှ စိုက်ပျိုးရေအပြင် မြို့ပြသုံးရေပေးဝေနေရမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် တောင်သူများက ရေအလေအလွင့်မရှိ စနစ်တကျသုံးစွဲနိုင်ရေး၊ ရနိုင်သမျှသော ရေအရင်းအမြစ်သယံဇာတများ ဖော်ထုတ်၍ ရေဆင်းဆည်ရေသောက်စနစ်အတွင်း ရေကူဖြည့်တင်းနိုင်မည့် အခြေအနေများ ပြန်လည်ညှိနှိုင်းဆွေးနွေးသည်။

ရေဆင်းတမံအတွင်း ရေဝင်ရောက်မှု လျော့နည်းလျက်ရှိသော်လည်း ယခုနှစ် စိုက်ပျိုးထားရှိပြီးဖြစ်သည့် မိုးစပါးစိုက်ဧကများ အောင်မြင်စွာ ရိတ်သိမ်းသည်အထိ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် မိုးစပါးစိုက်တောင်သူများအနေဖြင့် ဌာနနှင့်ပူးပေါင်းကာ ရေကို လိုအပ်သလောက်သာ ခြိုးခြံချွေတာသုံးစွဲမည့် အစီအစဉ်များလည်း ညှိနှိုင်းဆွေးနွေးကြောင်း သိရသည်။

**မောင်မွေး**

# တပ်ကုန်းမြို့၌ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ်စီမံကိန်းအစီအစဉ်ဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**တပ်ကုန်း ဩဂုတ် ၂၄**

ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေး စနစ်စီမံကိန်း အစီအစဉ်ဖြင့် ဆောင်ရွက်သော ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဩဂုတ် ၂၄ ရက်က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)၊ မြေအသုံးချရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်၊ ဥတ္တရခရိုင်ဦးစီးမှူး ဦးထိန်လင်းဟန်၊ တပ်ကုန်းမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်သည်။ **(ယာပုံ)**




ဖွင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)၊ မြေအသုံးချရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးက ဒေသအလိုက် ရာသီဥတုပြောင်းလဲမှုနှင့်ကိုက်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနည်းစနစ်များ ဖော်ဆောင်ရာတွင် မြေဆီလွှာစစ်ဆေးချက်ရလဒ်များပေါ် မူတည်၍ သီးနှံအလိုက်မြေသြဇာထောက်ခံနှုန်းထားများ တောင်သူများထံသို့ ရောက်ရှိစေရန်အတွက် တိုးချဲ့ပညာပေးဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ အရည်အသွေးမီ မြေသြဇာအမျိုးအစားများကို အချိန်ကိုက်အချိုးကျ ပမာဏမှန်ကန်စွာ ထည့်သွင်းအသုံးပြု နိုင်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကိုပါ သင်တန်းတွင် ပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **မောင်ကျော်ကြီး**

# ချင်းတွင်းနှင့်သံလွင်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

မော်လိုက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ကလေးဝမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

မင်းကင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

မုံရွာမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် လက်ရှိရေမှတ်မှ နောက် နှစ်ရက်အတွင်း သုံးပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ခွဲမှူးရုံး၊ ကွပ်ကဲရေးမှူး ယာယီရဲမှူးချုပ် ဝင်းမင်းသိန်း၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၂၄ ရက်က အမှတ်(၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး မျိုးအောင်မြင့် ဦးစီးမှုဖြင့် အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင် ၇၈ ဦး၊ တပ်ဖွဲ့ဝင်မိသားစု သုံးဦးတို့က ရန်ကုန်အမျိုးသားသွေးဌာန၌ (၆၂) ကြိမ်မြောက် သွေးလှူဒါန်းကြရာ အမှတ်(၅) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူးရုံး၊ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး စိုးထွန်းနောင်က လာရောက်ကြည့်ရှုအားပေးစဉ်။

ကိုကြီးတင်

# ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးစခန်းများ ဖွင့်လှစ်ထားမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပန်းတောင်း ဩဂုတ် ၂၄**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်မှ ဥသျှစ်ပင်နှင့် ညောင်ကျိုးကျေးရွာများတွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ ဩဂုတ် ၂၃ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီးနှင့် ထိစပ်လျက်ရှိသည့် ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ တစ်ကျော့ပြန် ဖြစ်ပွားနေသဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ကူးစက်ပြန့်ပွားလာမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်နိုင်ရန် ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးစခန်းများ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်အား ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက နယ်မြေဒေသအခြေအနေနှင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်က ကျန်းမာရေးဌာန၏ ဆောင်ရွက်မှုများကိုလည်းကောင်း၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မိုးက လုံခြုံရေးဆောင်ရွက်ပေးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်က လိုအပ်သည်များကို ဖြည့်စွက်တင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ညောင်ကျိုးကျေးရွာ ကာကွယ်ထိန်းချုပ်ရေးစခန်းတွင် တာဝန်ထမ်းဆောင်နေသူများအတွက် PPE ဝတ်စုံများ၊ လက်သန့်ဆေးရည်ဘူးများနှင့် နှာခေါင်းစည်းများ ပေးအပ်ခဲ့ပြီး စစ်ဆေးရေးစခန်းတွင် ပိတ်မိနေသည့် ယာဉ်မောင်းနှင့် ပြည်သူများအား တွေ့ဆုံ၍ လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်(နဝဒေး)-တောင်ကုတ်လမ်းပေါ် ဥသျှစ်ပင်လမ်းဆုံအနီးတွင် ကိုဗစ်-၁၉ စစ်ဆေးရေးစခန်းဖွင့်လှစ်ရန် အဆောက်အအုံ တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစမ်းသပ်စစ်ဆေးစက် တပ်ဆင်ရန် ဆောင်ရွက်နေမှု အခြေအနေ၊ စောင့်ကြည့်လူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အသည်းအသန်လူနာများ ရောက်ရှိပါက ကုသပေးနိုင်ရေး စီစဉ်ထားရှိမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုကာ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်ထားနုစ်၊ ဆေးရုံအုပ်ကြီး ဒေါက်တာရဲအောင်ထွန်းနှင့် ဆရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

**တင်စိုး(ပဲခူး)**



ကိုဗစ်-၁၉ ကာကွယ်ရေးစစ်ဆေးရေးဂိတ်တစ်ခုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှုစစ်ဆေးစဉ်။

# ဘားအံမြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်များသို့ ရေဝင်လာမှုကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဘားအံ ဩဂုတ် ၂၄**
ကရင်ပြည်နယ် ဘားအံမြို့တွင် ဩဂုတ် ၂၄ ရက် နံနက် ၇ နာရီခွဲအချိန် တိုင်းတာချက်များအရ သံလွင်မြစ်ရေသည် မြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာကိုကျော်လွန်၍ ၈၃၄ စင်တီမီတာအထိ ရောက်ရှိနေပြီး ဘားအံမြို့ မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေများ ဝင်ရောက်လျက်ရှိသဖြင့် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်ဝန်ကြီးများက ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် လူနေအိမ်များသို့ ရေဝင်ရောက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဘားအံမြို့ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် ဆယ်အိမ်စုကျေးရွာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆယ်အိမ်စုကျေးရွာရှိ အိမ်ထောင်စုများအား ဆန်နှင့် စားရိက္ခာများ ထောက်ပံ့ပေးခဲ့ကာ ပြောင်းရွှေ့ရန် လိုအပ်သည့် အိမ်ထောင်စုများကို အမှတ်(၅)ရပ်ကွက်ရှိ ဘေးဒဏ်ခံ အဆောက်အအုံနှင့် စိုက်ပျိုးရေးဂိုဒေါင်တို့သို့ ရွှေ့ပြောင်းပေးနိုင်ရေးနှင့် ပြည်သူများအား ယာယီ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ထားရှိစဉ် ကိုဗစ်-၁၉ ကာကွယ်ရေး ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ထားရှိနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# နောင်တရားမြို့၌ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ကြရန် အသိပညာပေးလှုပ်ရှား

**နောင်တရား ဩဂုတ် ၂၄**
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပြည်သူတိုင်း အပြင်ထွက်လျှင် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန် အသိပညာပေးသည့် လှုပ်ရှားမှုကို ဩဂုတ် ၂၄ ရက်က ပြုလုပ်သည်။

"ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်း မဖြစ်ပေါ်စေရေးအတွက် ပြည်သူတွေက ပူးပေါင်းပါဝင်မှ အောင်မြင်နိုင်မှာပါ။ ပြည်သူတွေအနေနဲ့ အပြင်သွားရင် နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုဖို့ လိုအပ်ပါတယ်။ အခုက နှာခေါင်းစည်း တပ်ဆင်မှု အားနည်းနေတဲ့ ပြည်သူတွေကို အသိပညာပေးနေပါတယ်။ လိုက်နာမှု အားနည်းရင်တော့ အရေးယူဆောင်ရွက်သွားပါမယ်"ဟု နောင်တရားမြို့ အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြွေဝင်းက ပြောသည်။

အသိပညာပေးရာတွင် နှာခေါင်းစည်းတပ်ဆင်ရန် အားနည်းနေသည့် ပြည်သူများအား နောင်တရားမြို့ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ အသိပညာပေးပြီး နှာ ခေါင်းစည်း အခု ၅၀၀ ကို ဝေငှပေးခဲ့ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

# နမ္မတူမြို့နယ်ရှိ IDP စခန်းနှစ်ခုသို့ ထောက်ပံ့ငွေပေးအပ်

**နမ္မတူ ဩဂုတ် ၂၄**
နမ္မတူမြို့နယ်ရှိ ကြူဆော့(IDP)စခန်းနှင့် ကချင်(IDP)စခန်းတို့အတွက် စိမ်းလန်းဘဝလူမှုဖွံ့ဖြိုးမှုအဖွဲ့(GLAD)မှ ဖွံ့ဖြိုးရေးအထောက်အကူပြု ထောက်ပံ့ငွေများကို ဩဂုတ် ၂၃ ရက်က ပေးအပ်ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် စိမ်းလန်းဘဝလူမှုဖွံ့ဖြိုးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်း၊ စီမံကိန်းမန်နေဂျာ ဦးအင်းနော်ဆင့်နှင့် နမ္မတူမြို့နယ် တိုက်ပွဲရှောင် စီမံခန့်ခွဲမှုကော်မတီမှ အတွင်းရေးမှူး ဦးအောင်ဆန်းမြင့်တို့က ကချင်(IDP)စခန်းရှိ တိုက်ပွဲရှောင်ပြည်သူများ တင်ပြတောင်းခံသည့် လိုအပ်သော အိမ်အသုံးအဆောင်ပစ္စည်းများဝယ်ယူရန် ထောက်ပံ့ငွေ ကျပ် ၁၄ သိန်းနှင့် ကြူဆော့(IDP)စခန်းရှိ တိုက်ပွဲရှောင်ပြည်သူများ တင်ပြတောင်းခံသည့် စခန်းသို့ အဝင်လမ်းတွင် ကွန်ကရစ်ခင်းရန် ထောက်ပံ့ငွေ ကျပ် ၁၄ သိန်းတို့ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

**လူမော်(ပြန်/ဆက်)**

# သံလွင်မြစ်ရေမြင့်တက်လာ၍ လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ၌ ကားလမ်းမပေါ် ရေကျော်လျက်ရှိ

**လှိုင်းဘွဲ့ ဩဂုတ် ၂၄**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သံလွင်မြစ်ရေသည် စိုးရိမ်ရေအမှတ် ၉၅၀ စင်တီမီတာကို ကျော်လွန်၍ ၁၁၁၀ စင်တီမီတာအထိ မြင့်တက်လာကာ ဂျို့ချောင်း-ရွှေဂွန်း-မြိုင်ကြီးငူ ကားလမ်းမ၏ အနိမ့်ပိုင်းနေရာများနှင့် ရွှေဂွန်းကျေးရွာ မြေနိမ့်ပိုင်းရပ်ကွက်များ အတွင်းသို့ ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂျို့ချောင်း-ရွှေဂွန်းကြား လမ်းမပေါ်၌ ရေအနက် နှစ်ပေခန့်အထိ ကျော်လွန်ရောက်ရှိနေသဖြင့် ယာဉ်ကြီးများသာ ဖြတ်သန်းသွားလာနိုင်ပြီး ယာဉ်ငယ်များ သွားလာနိုင်ခြင်း မရှိကြောင်း သိရသည်။

ထို့အတူ ရွှေဂွန်းကျေးရွာမှ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော ရွှေပြည်တော်ရပ်ကွက်၊ ၇၅၀ ရပ်ကွက်၊ ရွာသစ်(၂) ရပ်ကွက်များရှိ နေအိမ်များအောက်တွင် ရေဝင်ရောက်လျက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြည်သူများအား လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကာ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားခြင်း မရှိသေးကြောင်း သိရသည်။



ဂျို့ချောင်း-ရွှေဂွန်းလမ်းပေါ်မှ ရေကျော်နေသည့် လမ်းပိုင်းတစ်နေရာ။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းရွာသစ်မြို့၌ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး အခမဲ့ ထိုးနှံပေးသွားမည်

**ရှမ်းရွာသစ် ဩဂုတ် ၂၄**
မြန်မာနိုင်ငံရှိ အမျိုးသမီးများတွင် ဒုတိယဖြစ်ပွားမှုအများဆုံးရောဂါဖြစ်သည့် သားအိမ်ခေါင်းကင်ဆာရောဂါကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်နိုင်ငံလုံး စီမံချက်ဖြင့် HPV ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင်လည်း အခမဲ့ ဆေးထိုးပေးသွားမည်ဖြစ်ကြောင်း ရှမ်းရွာသစ်မြို့ ကျေးလက်ကျန်းမာရေးဌာနမှ သိရသည်။

ရှမ်းရွာသစ်မြို့တွင် HPV(Human Papilloma Virus)ကာကွယ်ဆေးထိုးနှံပေးခြင်းကို ပထမအကြိမ်အဖြစ် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ဆေးထိုးရန် သတ်မှတ်ချက်များတွင် အကျုံးဝင်သည့် အသက် ၉ နှစ်မှ ၁၀ နှစ်ကြား မိန်းကလေးများအား ထိုးပေးသွားမည်ဖြစ်ကြောင်း၊ ဆေးထိုးပေးနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာများရှိ ကျန်းမာရေးဆရာမများက စာရင်းများ လိုက်လံကောက်ယူလျက်ရှိပြီး စက်တင်ဘာလအတွင်း ထိုးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ စာရင်းကောက်ယူမှုအရ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် စုစုပေါင်း ၂၇၁ ဦးရှိကြောင်း ကျေးလက်ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နော်အေးအေးချိုထံမှ သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

# တီးတိန်မြို့နယ်မှ ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တီးတိန် ဩဂုတ် ၂၄**
ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အလုပ်ပေးငွေပေး (Cash For Work) နှင့် ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက ဩဂုတ် ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် စီမံကိန်းလုပ်ငန်းများဖြစ်သည့် ဆိုင်းဇန်ကျေးရွာ၌ ရွာတွင်းလမ်းသစ်ဖောက်လုပ်ခြင်း၊ ရွာတွင်းလမ်းပြုပြင်ခြင်းနှင့် ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်း၊ ဖိုင်လင်ကျေးရွာ၌ စာသင်ကျောင်းဆောက်လုပ်ရန် မြေညှိခြင်းလုပ်ငန်း၊ ဒိမ်လိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ဆောင်ရွက်သည့် မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးနောက် ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာပြီးစီးသည်အထိ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရန် အားပေးစကားပြောကြားခဲ့သည်။

**ချင်းတွင်းသား**

## တံတားသစ်တည်ဆောက်ပြီးစီး၍ ယာဉ်ကြီးယာဉ်ငယ်များ စတင်ဖြတ်သန်းသွားလာ

မြင်းမူ ဩဂုတ် ၂၄

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့တွင် မိုးရေတိုက်စားခြင်းကြောင့် ပျက်စီးခဲ့သည့် မြင်းမူမြို့နယ် ဘိုးမင်းကြီး ကင်းကျေးရွာအနီးရှိ မြောင်မြို့နယ်နှင့် ဆက်သွယ်ထားသော ကားလမ်းတံတားမှာ အသစ်ပြန်လည် တည်ဆောက်ပြီးစီးပြီဖြစ်၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

ပျက်စီးသည့် တံတားနေရာတွင် တံတားအသစ်တစ်စင်း ပြန်လည်တည်ဆောက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၇၅ သန်းဖြင့် လမ်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း ခရိုင်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်စိန် (မြင်းမူ) ထံမှ



တည်ဆောက်ပြီးစီးသော တံတားသစ်ပေါ်၌ ယာဉ်များဖြတ်သန်းသွားလာနေစဉ်။

သိရသည်။ ယခုအသစ်ပြန်လည် တည်ဆောက်ပြီးစီးသော ယင်းတံတားမှာ မန္တလေး-မုံရွာလမ်းမကြီးဘေးရှိ မြောင်မြို့နှင့်ဆက်သွယ်ထားသော မြို့နယ်ချင်းဆက်လမ်းတံတားဖြစ်သည့်အတွက် အလွန်အရေးပါကြောင်း၊ ယခုအခါ ယာဉ်ကြီးယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီးဖြစ်၍ ကုန်စည်စီးဆင်းရေးအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

ယခုအသစ် တည်ဆောက်ပြီးစီးခဲ့သော တံတားမှာအရှည် ၂၅ ပေနှင့် လမ်းအကျယ် ၂၈ ပေရှိသော သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး မြင်းမူမြို့နယ်အတွင်း တည်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## ရေစကြိုမြို့နယ်၌ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် တာပေါင်ကျိုးပေါက်မှု အချိန်မီပြုပြင်

ရေစကြို ဩဂုတ် ၂၄

ရေစကြိုမြို့နယ်အတွင်းရှိ ပရိမ်သာကျေးရွာနှင့် မအူအောက်ဆိပ်ကျေးရွာကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် တာပေါင်သည် ယမန်နေ့က ချင်းတွင်းမြစ်ရေတိုက်စားခြင်းကြောင့် တာပေါင်ကျိုးခဲ့သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် ကျေးရွာသူကျေးရွာသားများက သဲအိတ်၊ ထရံချပ်နှင့် မျောတိုင်တို့ကို အသုံးပြုကာ ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

"တာပေါင်ကျိုးတာက မအူအောက်ဆိပ်နဲ့ ကျေးရွာချင်းဆက်တဲ့ တာပေါင်လမ်း ဖြစ်ပါတယ်။ ပရိမ်သာကျေးရွာနဲ့ နီးပြီး ပရိမ်သာနဲ့ ပေ ၄၀၀



တာပေါင်ကျိုးပေါက်မှုကို စုပေါင်းပြုပြင်ကြစဉ်။

ခန့် အကွာလောက်က ပေ ၂၀ လောက်ကျိုးသွားတာပါ။ ရေစိမ့်ပြီး ကျိုးသွားတာပါ။ အခုဟာက ထိန်းနိုင်သလောက်ထိန်းပေးပြီး ဆိုင်ကယ်နဲ့ သွားလို့ရအောင် လုပ်ဆောင်နေပါတယ်။ ရေစီးကိုတော့ ထိန်းနိုင်သွားပြီး ရေကတော့ မထွက်တော့ပါဘူး" ဟု မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးညီညီအောင်က ပြောသည် ။

တာပေါင်ကျိုးပေါက်မှုကို အချိန်မီ ပြုပြင်နိုင်ခဲ့သောကြောင့် တာပေါင်အောက်ဘက်ရှိ လယ်ယာများ၊ စပါးပျိုးခင်းများနှင့် တာပေါင်အနီးရှိ လူနေအိမ် ၄၀ကျော်အတွင်း ရေဝင်ရောက်မှုမရှိအောင် အချိန်မီထိန်းနိုင်ကြောင်း သိရသည် ။

ထိုသို့ တာပေါင်ပြုပြင်ခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ ရဲတပ်ဖွဲ့ ခြောက်ဦး၊ ကျေးရွာသူကျေးရွာသား ၆၀ ခန့်တို့က ပူးပေါင်းဆောင်ရွက်ကြသည်။

**အိမ္ဘွန်ဆွေ(ရေစကြို)**

## ဟသ်ာတခရိုင်အတွင်းရှိ မြို့နယ်ငါးခုတွင် Cash for Work စီမံကိန်းဆောင်ရွက်လျက်ရှိ

ဟသ်ာတ ဩဂုတ် ၂၄

နိုင်ငံတော်က ချမှတ်ထားသော ကိုဗစ် – ၁၉ ကာလအတွင်း စီးပွားရေး ကုစားမှု အစီအစဉ်အရ ကိုဗစ် – ၁၉ ကူးစက်ရောဂါ အကျိုးဆက်သက်ရောက်ခြင်းခံရသော ကျေးလက်ဒေသရှိ ပြည်သူများအား လုပ်အားခ ငွေပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟသ်ာတခရိုင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းကို ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မြို့နယ်ငါးမြို့နယ်၊ ကျေးရွာပေါင်း ၅၇ ရွာတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၁၇ ခုအတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၀ သန်းထောက်ပံ့ပေးပြီး စီမံကိန်းလုပ်ငန်းများကို စက်တင်ဘာ ၁၅ ရက်အပြီး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(ပြန်/ဆက်)**

## ကလေးဝမြို့နယ်အတွင်းရှိ အထက်တန်းကျောင်းလေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား စက်ဘီးအစီး ၁၇၀ ထောက်ပံ့ပေး

ကလေးဝ ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်းရှိ အထက်တန်းကျောင်းလေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား စက်ဘီးအစီး ၁၇၀ ပေးအပ်ပွဲကို ယမန်နေ့က မစိန်ကျေးရွာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။

ထိုသို့ပေးအပ်ရာတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးစိုးလွင်တို့က အမှာစကား ပြောကြားပြီး အလှူရှင် Less Walk Organization နှင့် ဇမ္ဗူရာဇ် ကျောက်မျက်ရတနာ ကုမ္ပဏီတို့ ကိုယ်စား ဦးသန်းဌေးက ကျောင်းသား ကျောင်းသူများအား စက်ဘီးအစီး ၁၇၀ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချို၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိများ၊ သက်ဆိုင်ရာအထက်တန်း ကျောင်းအုပ်ဆရာကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ပြီး နေ့စဉ်ခြေကျင်ခရီး သွားရောက်၍ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မစိန်အထကအတွက် ၄၃ စီး၊ ဂဇက်အထကအတွက် ၄၅ စီး၊ တောင်အောက် အထက အတွက် ၄၂ စီး၊ ဆည်ကြီးအထက (ခွဲ) အတွက် ၄၁ စီး အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်ဟန်(ကလေးဝ)**

*စာမျက်နှာ ၂၀ မှ*

ဘုရင့်နောင်ခေါင်းလောင်းသည် အမြင့်သုံးပေရှစ်လက်မ၊ လုံးပတ်သုံးပေခြောက်လက်မ၊ အောက်ခြေလုံးပတ် ၁၀ ပေ သုံးလက်မ၊ အထူခြောက်လက်မ၊ အချင်း တစ်ပေခုနစ်လက်မ၊ ပေါင်းကိုင်းအမြင့်တစ်ပေ ခုနစ်လက်မ၊ ပေါင်းကိုင်းလုံးပတ် တစ်ပေလေးလက်မရှိသည်။ ခေါင်းလောင်းပေါ်တွင် မြန်မာဘာသာနှင့် မွန်စာများရေးထိုးထားပြီး ခေါင်းလောင်း၏ လည်ပင်းအထက်၊ ပေါင်းကိုင်းအောက် ဖောင်းရစ်မျက်နှာပြင်တွင် ပါဠိစာငါးကြောင်းပါရှိသည်။

ဘုရင့်နောင်ခေါင်းလောင်းစာအရ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဘွဲ့ခံ ဘုရင့်နောင်မင်းတရားကြီးသည် ခေါင်းလောင်းတော်ကြီး တစ်လုံးသွန်းလုပ်ကာ ပုဂံဘုရင်အနော်ရထာနှင့် ကျန်စစ်သားတို့၏ ကောင်းမှုတော်ဖြစ်သည့် ရွှေစည်းခုံစေတီတော်သို့ သက္ကရာဇ် ၉၁၉ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (ခရစ်နှစ် ၁၅၅၇ ခုနှစ် မေလ ၂၃ ရက်) တနင်္ဂနွေနေ့၌ လှူဒါန်းချိတ်ဆွဲခဲ့သည်။

ဘုရင့်နောင် ခေါင်းလောင်းစာသည် ခိုင်လုံသော ခေတ်ပြိုင်မှတ်တမ်းဖြစ်ခြင်း၊ နေ့ရက်များ တိကျမှန်ကန်ခြင်း၊ ဘုရင့်နောင်မင်းတရားနှင့် မိဖုရားအမည်တို့ကိုအတိအကျသိရခြင်း၊ မြန်မာရာဇဝင်ကျမ်းများ၌ ဖော်ပြထားသည့်အချက်များကို ပြည့်စုံတိကျစေရန် ဖြည့်စွက်နိုင်ခြင်း စသည်တို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စ်ကို)က မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) အဖြစ် ၂၀၁၇ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။

ပြတိုက်၏ မြေညီထပ်တွင် ပုံစံတူဘုရင့်နောင်ခေါင်းလောင်းအပါအဝင် ရှေးဟောင်းပစ္စည်းများထည့်သွင်းပြသထားသည့် မှန်ပုံး ၂၂ ခု ကို မြင်တွေ့ရသည်။ ယင်းတို့တွင် ကျောက်ခေတ်သုံး ပစ္စည်းများဖြစ်သည့် ကျောက်ပုဆိန်၊ ကျောက်ကွင်းနှင့် ကျောက်ပဲခွပ်တစ်ခုစီ၊ ကြေးခေတ်သုံးပစ္စည်းများဖြစ်သည့် ကြေးလှံတစ်ခု၊ ကြေးတူးရွင်းပြားတစ်ခုနှင့် ကြေးလှံသွားခြောက်ခုပါဝင်သည်။ ထို့အတူ သံဓား၊ သံပဲခွပ်၊ သံလှံနှင့် ငွေဓားတစ်ချောင်းစီကိုလည်း ပြသထားသည်။

ဆေးမင်ကြောင်ထိုးရာတွင် အသုံးပြုသည့် ကြေးစုတ်တံ သုံးချောင်း၊ စဥ့်ထည်ကွဲများ၊ စဥ့် သုတ်မြေပန်းကန်၊ ကြေးဇွန်းများနှင့် စစ်ထိုးသည့်ပုံကို ရိုက်နှိပ်ထားသည့် မြေပန်းကန်ပြား တစ်ချပ်ကိုလည်း တွေ့မြင်ရသည်။ ထူးခြားသော ပစ္စည်းတစ်ခုအဖြစ် အဆင့်ငါးဆင့်ပါပြီး ဖြုတ်နိုင်သည့် သစ်သားစာတိုက်ဗီရိုနှင့် ငွေခြည်ထိုးတောင်ရှည်ပုဆိုးကို လေ့လာနိုင်ကြသည်။

ထို့အတူ တောင်ငူခေတ် ကြေးအလေးများ၊ ငွေနှင့် ခဲဒင်္ဂါးများ၊ အင်ကြင်းကျောက်ဖြင့် ပြုလုပ်ထားသည့် ပုတီးကုံးနှင့် ပုတီးစေ့များ၊ ပျူခေတ်လက်ရာ ဆင်ရုပ်၊ ကျားရုပ် ပုတီးများ၊ နားတောင်းများ၊ မြေအရိုးအိုးများ၊ သင်္ကေတအမှတ်လက္ခဏာများ ပါရှိသည့် အုတ်ချပ်များ၊ မြေနှင့်စဥ့်ရုပ်ကြွများနှင့် နာရီမောင်းတစ်ခုကို ကြည့်ရှုနိုင်ကြသည်။

> **"ဘုရင့်နောင် မင်းတရားကြီးသည် ခေါင်းလောင်းတော်ကမ္ပည်းစာများကို ပါဠိ၊ မွန်၊ မြန်မာ သုံးဘာသာဖြင့် ရေးထိုးခဲ့ပြီး ယင်းခေါင်းလောင်းစာတွင် တိကျသော ရက်စွဲများနှင့် ဖြစ်ရပ်များကို မှတ်တမ်းတင်ထားသဖြင့် ရာဇဝင်ကျမ်းများတွင် ရေးသားထားသည့် ကွဲလွဲချက်များကို ပြင်ဆင်နိုင်ရန် အထောက်အကူများစွာ ဖြစ်ခဲ့"**

ပြတိုက်၏ ပထမထပ်တွင် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို မှန်ပုံး ၂၀ ၌ ထည့်သွင်းပြသထားရာ ဘုရားရှင်ဖွားတော်မူခန်း၊ တောထွက်တော်မူခန်း၊ ဆံတော်ပယ်ခန်း၊ ဘုရားအဖြစ်သို့ ရောက်တော်မူခန်း၊ ဓမ္မစကြာတရားဦး ဟောတော်မူခန်းနှင့် ပရိနိဗ္ဗာန်စံဝင်တော်မူခန်းတို့ကို လက်ရာမြောက်စွာ ထုလုပ်ထားသည့် ကြေးရုပ်ငယ်ခြောက်ခုကို မြင်တွေ့ကြရသည်။

ယင်းအထပ်မှာပင် နှစ်ကျိပ်ရှစ်ဆူဘုရားများ ထွင်းထုထားသော ဆင်စွယ်တစ်ခုအပါအဝင် မြေနှင့်ကျောက်ဗုဒ္ဓဆင်းတုတော်များ၊ ပုရပိုက်၊ ရွှေပိန်းချကမ္ဗဝါ၊ ရွှေချထားသည့်ပေစာ၊ ဆေးတံများ၊ ဒီဇိုင်းပါအိုးခြမ်းကွဲများနှင့် ကြေးခေါင်းလောင်းသုံးလုံးကိုပြသထားသည်။ လူမှုအသုံးအဆောင်များဖြစ်သည့် နာရီဗီရို၊ ကရင်တိုင်းရင်းသားများဝတ်ဆင်သည့် လက်ကောက်နှင့် ဆွဲကြိုး၊ ကယားတိုင်းရင်းသားများ၏ ခေါင်းပတ်၊ ဆွမ်းအုပ်၊ ကွမ်းတောင်ဟသ်ာကလပ်၊ ဖန်လုံးပါကလပ်၊ အိုးများ၊ အိုးလက်ခုများနှင့် သံအမြောက်တစ်လက်ကို ခင်းကျင်းထားသည်။ ယင်းအမြောက်ကို တောင်ငူကန်တော်ကြီး ရေပြင်အောက်မှ ရရှိခဲ့သည်။

ပြခန်း၏အလယ်၌ ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် မြစေတီရင်ပြင်တွင် တည်ရှိသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် မြစေတီကျောက်စာပုံစံတူနှင့် ပုဂံရွှေဂူကြီးဘုရား၊ အာရုံခံအနောက်ဘက်နံရံတွင်တည်ရှိသော မြန်မာဘာသာဖြင့် ရေးထိုးထားသည့် ဘုရင့်နောင်မင်းတရား၏ သက္ကရာဇ် ၉၁၃ ခုနှစ်ထိုး အခွန်ကောက်ခံမှုကျောက်စာပုံစံတူကို ပြသထားရာ ကျောက်စာနှစ်ချပ်တွင်ပါရှိသည့် စာသားများကို မူရင်းအတိုင်းလေ့လာနိုင်ကြပေသည်။

ပြတိုက်အတွင်း၌ ခင်းကျင်းထားသည့် ပစ္စည်းများအားလုံးတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက သတ်မှတ်သည့် သက်တမ်း၊ လက် ရာ၊ ခေတ်ကာလနှင့် ရရှိခဲ့သည့်နေရာများကို ရေးသားဖော်ပြထားသည်။

တော်ဝင်ကေတုမတီ ယဉ်ကျေးမှုပြတိုက်၏ အပြင်ဘက်မျက်နှာစာ အနောက်ဘက်အခြမ်းတွင် ဆွာချောင်းမှရရှိခဲ့သည့် ညောင်ရမ်းခေတ်သုံး သစ်လုံးထွင်းလှေနှစ်စင်းနှင့် ချောင်းမငယ်မှရရှိခဲ့သည့် ကုန်ဘောင်ခေတ်သုံး သစ်လုံးထွင်းလှေတစ်စင်းတို့ကို အမိုးအကာအောက်၌ ထိန်းသိမ်းထားရှိထားသည်။ ထို့အတူ အဆောက်အအုံအပြင်ဘက် မျက်နှာစာလက်ဝဲဘက်ခြမ်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက တူးဖော်သုတေသနပြုထားသည့် ကေတုမတီမြို့ဟောင်း အနောက်ဘက်မြို့ရိုးအစိတ်အပိုင်းကို တွေ့ရှိခဲ့ရသည်။

မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အဆက်ဖြစ်ထွန်းခဲ့သည့် သမိုင်းနှင့်ယဉ်ကျေးမှုအမွေအနှစ်များသည် မြန်မာနိုင်ငံတစ်ဝန်း၌ များစွာကျန်ရှိလျက်ရှိရာ ယင်းတို့ကို ကောင်းမွန်စွာ စောင့်ရှောက်ထိန်းသိမ်းထားခြင်းဖြင့် မြန်မာတို့၏ယဉ်ကျေးမှုတန်ဖိုးကို သက်သေပြနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အစိုးရပြတိုက်များအပြင် ပုဂ္ဂလိက ပြတိုက်များ တည်ထောင် ဖွင့်လှစ်ခြင်းသည် လေ့လာသူများအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း ယူဆမိပါသည်။ ။

**ကိုးကား**

**တောင်ငူရာဇဝင်အကျဉ်းချုပ်(ဦးချမ်းမြ)**

**တောင်ငူရာဇဝင်နှင့် တောင်ငူသမိုင်းဟောင်း (ဒေါက်တာမာမာဝေ)**

**အခြေခံပြတိုက်နှင့် ပြတိုက်လုပ်ငန်းဆိုင်ရာနည်းပညာ(ဘတင့်)**

## တင်ဒါခေါ်ယူခြင်း

**Myanmar ICT Development Corporation**

**Public Company Limited.**

MICT ဝင်းအတွင်း Fiber Optic Cable သွယ်တန်းတပ်ဆင်ခြင်း လုပ်ငန်းများအတွက် တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် အောက်ဖော်ပြပါ email Address များသို့ Letter of Interest, Company Profile, Company Registration Certificate များပေးပို့၍ (၃၁-၈-၂၀၂၀) ရက်နေ့ နောက်ဆုံး ထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ် များသို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - 01-8652272-73-74, 01-8652278-79

**Email** - admin@mictdc.com.mm, seinwin68@gmail.com

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့် အကြောင်းကြားစာ (တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅) ကရင်ပြည်နယ်တရားလွှတ်တော်၌ ၂၀၂၀ပြည့်နှစ်၊တရားမပြင်ဆင်မှုအမှတ် -၂၆

ဒေါ်ညိုညိုစန်း **လျှောက်ထားသူ** နှင့် ဦးစောအေးကို **လျှောက်ထားခံရသူ**

၂၀၂၀ပြည့်နှစ် မေလ၂၅ရက်စွဲပါ ဘားအံခရိုင်တရားရုံးတော်မှ အမိန့်နှင့်ထုံးပုံကျ အပြီးသတ်အမိန့်ကို ပြင်ဆင်မှု လျှောက်ထားမှု။

ပြင်ဆင်မှုလျှောက်ထားခံရသူ ဦးစောအေးကို၊ နထိလားရွာ၊ သာမညကျေးရွာအုပ်စု၊ ဘားအံမြို့နယ်(ယခုနေရပ်လိပ်စာမသိသူ)သိစေရ မည်။

ယခုအမှုတွင် ဘားအံခရိုင်တရားရုံးတော်က ချပေးသည့် အမိန့်နှင့်ထုံးပုံကျ အပြီးသတ်အမိန့်ကို ပြင်ဆင်မှုလျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၁၅ရက် (၁၃၈၂ခုနှစ် ဝါခေါင် လပြည့်ကျော် ၁၃ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ပြည့်နှစ် ဩဂုတ်၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နိုင်ဝင်းစိုး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကရင်ပြည်နယ်တရားလွှတ်တော်**

## မတည်ငွေရင်းလျှော့ချခြင်း

ကျွန်ုပ်တို့၏ Myanmar TeleApex Group Co.,Ltd မှ မတည်ငွေရင်း ကျပ်သန်း -၅၀၀မှ ကျပ်သန်း-၂၀သို့ လျှော့ချမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**Myanmar TeleApex Group Co.,Ltd**

## All in One လက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အေးအောင်လွင် (C.D.C 24962)လက်မှတ်ကိုင်ဆောင်ထားသူ၏ All in One Certificate ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပါရန်။

**အေးအောင်လွင်**
**C.D.C-24962**
**ဖုန်း-၀၉-၄၃၀၂၃၈၃၁**

## SID Card ပျောက်ဆုံးခြင်း

ကျွန်တော် မောင်အေး အောင်လွင် (C.D.C 24962) လက်မှတ်ကိုင်ဆောင်ထားသူ၏ SID Card ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပါရန်။

**အေးအောင်လွင်**
**C.D.C-24962**
**ဖုန်း-၀၉-၄၃၀၂၃၈၃၁**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ စကုမြို့(အထက) Grade-10(သင်ရိုးသစ်)မှ မခင်သဇင်၏ ဖခင်အမည်မှန်မှာ ဦးဘိုသန်းနှင့် ဦးဘိုသံ ၈/ပဖန(နိုင်)၀၈၄၇၅၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဘိုသန်း**

## ဦးဗညားလွင် ၁၂/မရက(နိုင်) ၁၂၅၈၀၃တိုးတက်ထွန်းဆောက်လုပ်ရေးနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၁-ရပ်ကွက်၊ သမိုင်းမြို့သစ်(၂)လမ်း၊ အမှတ် ခ/၃၂နေ ဦးကျော်ဇော်ဦး ၁၂/ မရက(နိုင်)၁၁၇၈၁၆နှင့်ဦးခင်အောင်မိုး ၁၂/မရက(နိုင်) ၀၈၈၆၀၈တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေတို့သည် အထက်ဆိုခဲ့ပါ လိပ်စာရှိ နှစ်(၆၀)ဂရန်မြေကွက်၏ မြေရှင်များဖြစ်ကြသောကြောင့် လူကြီးမင်းဦးဗညားလွင်နှင့် (၂၇-၁-၂၀၁၅)ရက်၌ အခန်းပေး၊ အခန်းယူ ကန်ထရိုက်စနစ်ဖြင့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက် ဆောက်လုပ်ခြင်းစာချုပ်ကို ချုပ်ဆိုပြုလုပ်ခဲ့သည်ကို လူကြီးမင်းအသိပင်ဖြစ်ပါသည်။

အဆိုပါ စာချုပ်အရ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းကာလကို ဆောက်လုပ်ခွင့်ရရှိသည့်ရက်မှစ၍ တစ်လအတွင်း မြေစတင်တူးပြီး ထိုအချိန်မှ (၁၈-လ)အချိန်ကာလသတ်မှတ်၍ (၁၈-လ)အတွင်း ပြီးစီးခြင်းမရှိခဲ့ပါက ထပ်တိုးကာလကို နေထိုင်စရိတ်ပေးလျော်၍ နောက်ထပ်(၄-လ)သတ်မှတ်ပြီး စုစုပေါင်းဆောက်လုပ်ခြင်းကာလအား(၂၂-လ)သတ်မှတ်ခဲ့ကြသည်ကိုလည်း လူကြီးမင်းသိရှိပြီး ဖြစ် ပါသည်။

ထိုသို့နှစ်ဦးသဘောတူဆောက်လုပ်ခြင်းကာလများသတ်မှတ်ခဲ့ကြသော်လည်းလူကြီးမင်းအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ် သက်သည့် မည်သည့်ကိစ္စကိုမျှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းမရှိပျက်ကွက်နေခဲ့သည်မှာ ယနေ့အချိန်အထိ(၅)နှစ်ကျော်ကြာမြင့်ခဲ့သည်ကိုလည်း လူကြီးမင်းအသိပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၇-၁-၂၀၁၅)ရက်တွင် လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့အကြားချုပ်ဆိုခဲ့ကြသည့် အခန်းပေး၊ အခန်းယူ ကန်ထရိုက်စနစ်ဖြင့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက် ဆောက်လုပ်ခြင်းစာချုပ်အား ဤကြော်ငြာပါရှိသည့်ရက်မှစ၍ အပြီးအပိုင်ဖျက်သိမ်းလိုက်ကြောင်းနှင့် ဆောက်လုပ်ရေးကိစ္စအရပ်ရပ်တို့သည်လူကြီးမင်းနှင့် မည်သို့မျှ ပတ်သက်သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဦးဇော်အောင်စိုး**
**LL.B,C.B.L.,D.B.L.,D.I.L**
**(စဉ်-၁၁၂၈၅) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၆-က)၊ ပထမထပ်(ခြေရင်းခန်း)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၀၃၁၈၃၊ ၀၉-၉၆၉၅၄၀၃၁၈၃**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ အထက(ခွဲ)(စကု) Grade- 11(B)မှ မဆုပြည့်ပြည့်ဇော်၏ဖခင်အမည်မှန်မှာ ဦးဇော်ထွန်း ၈/မဘန(နိုင်)၀၇၇၆၂၉ ဖြစ်ပါကြောင်း။

**ဦးဇော်ထွန်း**

## အမည်ပြောင်း

ဦးနေလင်း ၁၂/လကန(နိုင်)၁၆၆၂၀၂-ဒေါ်စုစုသင်း ၁၄/ဝခမ(နိုင်) ၁၂၆၂၅၇ တို့၏သား လှည်းကူးမြို့နယ် အထက (လှည်းကူး) Grade-1 မှ မောင်ခန့်ထူးကျော်အား မောင်ခန့်ညီသွေးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်ညီသွေး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်သစ္စာရပ်ကွက်နေ မဝင်းစုလှိုင် ၅/ကလထ(နိုင်)၂၄၉၄၃၄ ၏ ဖခင်အမည်မှန်မှာ ဦးဆယ်သောင် ဖြစ်ပါကြောင်း။

**ဦးဆယ်သောင်**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အထက(ခွဲ) ဘုရားကျွန်း တက္ကသိုလ်ဝင်တန်းမှ ဦးမင်းမင်း၏ သမီးမကေသွယ်ဖြိုးအား မအေးဇူလိုင်မိုးဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်

ဦးအောင်ကျော်ဦး၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နေ မအိန်ကြယ်စင်၏ အမည်မှန်မှာ မအိမ့်ကြယ်စင် ဖြစ်ပါကြောင်း။

**မအိမ့်ကြယ်စင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဖနံကျေးရွာ အထက(ကဒါ) တက္ကသိုလ်ဝင်တန်းမှ နန်းအေးနဒီသန်း၏ ဖခင်အမည်မှန်မှာ ဦးရဲကိုကို ၉/ပမန(နိုင်) ၂၅၇၉၇၉ဖြစ်ပါသည်။

**ဦးရဲကိုကို**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်၊ ဖနံကျေးရွာ အထက(ကဒါ) တက္ကသိုလ်ဝင်တန်းမှ နန်းကေသီလွင်၏မိခင်အမည်မှန်မှာ ဒေါ်လားအုံး ၁၀/ကမရ(နိုင်)၀၃၁၁၇၉ဖြစ်ပါကြောင်း။

**ဒေါ်လားအုံး**

## မိခင်အမည်မှန်

ကော့ကရိတ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ စောမိန်လားဆူး၏ မိခင်အမည်မှန်မှာ နော်မူးကော်သနောက် ၃/ ကကရ(နိုင်)၂၂၅၃၀၀ ဖြစ်ပါကြောင်း။

**နော်မူးကော်သနောက်**

## ဖခင်အမည်မှန်

ကော့ကရိတ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ နန်းမြသန်းလင်းနှင့် နန်းမြသန်းဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးစောလာယွန့်ဖောင် ၃/ကကရ(နိုင်)၁၉၂၉၇၁ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်CC/6049 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဒက္ခိဏသီရိ အရှေ့ရပ်၊ မြေရေိယာ ၀ဒသမ ၂၂၈ ဧက၊ မြေကွက်အမှတ်(ဒ-၂၀၇၀) ဦးမြင့်ဆွေ (ဘ)ဦးဘတင် ၁၂/ခရန(နိုင်)၀၀၄၇၆၅ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်မီချိုဝင်း(ဘ)ဦးချိုဝင်း ၁၄/ပသန(နိုင်)၁၉၃၇၁၄မှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ် ၁၃၈၄/၂၀၂၀ (၁၄-၈-၂၀၂၀) တင်ပြ၍ ဦးချိုဝင်း ၁၄/ပသန(နိုင်)၁၃၆၀၃၈နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်မှ မြေရေိယာ (၀ဒသမ၁၁၀)ဧကရှိ မြေကွက်အမှတ် (ပ-၂၀၆၀၀)၊ ဦးမင်းအောင် ၉/ပသက(နိုင်)၀၀၉၈၄၇(ဘ)ဦးတက်စိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးစန်းလွင် ၁၃/ကလန(နိုင်)၀၅၁၀၆၇(ဘ)ဦးမောင်းမှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၀၅/၂၀၁၂)တင်ပြ၍ ဒေါ်တင်အေးကြိုင် ၁၂/ကလန(နိုင်) ၀၅၀၂၆၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါ က ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၀)ရပ်ကွက်၊ မြေကွက်အမှတ်(၁၅၁၁)၊ ဧရိယာ ပေ(၄၀ x ၆၀)နှင့် မြေကွက်အမှတ်(၁၅၁၂)၊ ဧရိယာပေ (၄၀ x ၆၀)စုစုပေါင်း မြေနှစ်ကွက်အား ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသက်နိုင်ထွန်း ၇/လပတ(နိုင်)၁၂၁၉၇၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထိုက်ထိုက်လွင် ၁၂/ဥကတ(နိုင်)၁၄၀၈၁၇က အပြီး အပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့် ပက်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၊ ၀၉-၅၀၅၉၈၃၁**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့နယ်၊(၉)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂-ထီးလှိုင်)၊ ဦးပိုင်(၁/၈)၊ ဧရိယာ ဝဒသမ ၁၀၂ ဧကရှိ မြေအား ဒေါ်ခင်ဌေးဝင်း အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဒေါ်ခင်ဌေးဝင်းအား မြေငှားဂရန် ထုတ်ပေးလိမ့်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့နယ်၊ (၉)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂-ထီးလှိုင်)၊ ဦးပိုင်(၁/၈၂) ဧရိယာ ဝဒသမ ၁၀၆ ဧကရှိ မြေအား ဦးပေသီး အမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးပေသီး အား မြေငှားဂရန်ထုတ်ပေးလိမ့်မည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထာခြင်း

ယာဉ်အမှတ် 7A/4277 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက် ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၈-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၀) တွင် ပါရှိသော ဒေါ်အေးအေးသော်၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ် ဦးတင်ဝင်း အမည်ပေါက်အစား **ဒေါ်တင်ဝင်း** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မတည်ငွေရင်းလျှော့ချခြင်း

ကျွန်ုပ်တို့၏ Telecom Infrastructure Assets Holdings Ltd မှ မတည်ငွေရင်း ကျပ်သန်း- ၃၀၀ မှ ကျပ်သန်း- ၁၀၀ သို့ လျှော့ချမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**Telecom Infrastructure Assets Holdings Ltd**

## အများပြည်သူသိရှိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေအဖွဲ့အစည်းဖြစ်သော Pact Global Microfinance Fun (PGMF) မှာ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တရားဝင်လုပ်ကိုင်နေသော အဖွဲ့အစည်းဖြစ်ပါသည်။

ယင်းအဖွဲ့အစည်း(PGMF)၏ အဓိကရည်ရွယ်ချက်မှာ အခြေခံလူတန်းစားများ၏ လူမှု စီးပွားရေးဘဝတိုးတက်မြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် ချေးငွေထုတ်ပေးနေသော အဖွဲ့အစည်းဖြစ်ပါသည်။ (PGMF) သည် မြန်မာနိုင်ငံအတွင်း တရားဝင်လုပ်ကိုင်ခွင့်ရှိသည့် မြို့နယ်ပေါင်း ၈၉ခုတွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ (PGMF)အနေဖြင့် ချေးငွေလျှောက်ထားလိုသည့် အသင်းသားများထံမှ ချေးငွေမရယူမီ မည်သည့်ငွေကြေးကောက်ခံခြင်းမျိုးမရှိသည့်အပြင် အခြားသော ကြားခံကိုယ်စားလှယ်များမှ တစ်ဆင့်လည်း ငွေကြေးကောက်ခံခြင်းမရှိပါ။

သို့ပါသော်လည်း ယခုအခါ လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook, Internet များတွင် ကျွန်ုပ်၏မိတ်ဆွေအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်သည့် ဓာတ်ပုံ၊ သတင်းအချက်အလက်များ၊ အဖွဲ့အစည်း၏ အမှတ်တံဆိပ်များကို တိုက်ရိုက်ကူး ယူသုံးစွဲ၍ အများပြည်သူများကို Online မှငွေကြေးလိမ်လည်ရယူနေကြောင်း တွေ့မြင်သိရှိရပါသည်။

ထို့အတွက်ကြောင့် ကျွန်ုပ်၏ မိတ်ဆွေအဖွဲ့အစည်းအနေဖြင့် Pact Myanmar Microfinance အမည်ဖြင့်လည်းကောင်း၊ PGMF အမည်ဖြင့်လည်းကောင်း၊ Pact Global Microfinance Fund အမည်ဖြင့်လည်းကောင်း၊ Pact အမည်ဖြင့်လည်းကောင်း၊ အခြားသောဆင်တူယိုးမှား အမည်များဖြင့် Online ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဖြင့်ချေးငွေထုတ်ပေးခြင်းများ လုံးဝမရှိပါကြောင်းနှင့် Pact Global Microfinance Fund (PGMF)၏ အမည်၊ အမှတ်တံဆိပ်နှင့် သတင်းအချက်အလက်များကို အသုံးပြု၍ မသမာသောရည်ရွယ်ချက်ဖြင့် ငွေကြေးလိမ်လည်ရယူနေသူများကိုသော်လည်းကောင်း၊ အဖွဲ့အစည်းကိုသော်လည်းကောင်း တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့သက်ထား(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၇၀)**
**PGMF Consultant Lawyer**
**အမှတ်၈၉၇၊ ဗိုလ်လင်းယုန်လမ်း၊ (၁၂)ရပ်ကွက်**
**ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၁၁၆၃၈၅**
**PGMF ရုံးချုပ်လိပ်စာ-HAGL မြန်မာစင်တာ တာဝါ၊ အမှတ် ၁၉၂၊ အထပ်(၂၀)၊ တာဝါအမှတ်(၂)၊**
**ကမ္ဘာအေးဘုရားလမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ Hotline- 09-797045123, 09- 797045124**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၈-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ (၃၁) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် Sale Deep ၇၈၇/၁၉၆၈ (၂၄-၁၀-၁၉၆၈)အစား **Sale Deed ၇၈၇/၁၉၆၈ (၂၄-၁၀-၁၉၆၈)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/7643 Toyota Hilux P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းယဉ်ဝင်း ၁၂/ဥကတ(နိုင်) ၀၄၁၉၆၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/လမ်းမတော်ရပ်၊ မြေရေိယာ ဝဒသမ ၀၉၄ ဧကရှိ ဦးပိုင်အမှတ် (၃၅-ခ)၊(၄၀-ခ)၊ ဦးရွှေကို၊ ဒေါ်မြင့်ကြည် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးနေဝင်း (ဘ)ဦးလှမောင် ၁၂/ဒပန(နိုင်) ၀၄၀၇၂၇ မှ လယ်ဝေးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃/၂၀၂၀(၂၉-၇-၂၀၂၀) တင်ပြ၍ ဒေါ်ဆွေဆွေမြင့် ၉/လဝန(နိုင်) ၀၄၉၅၁၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၇၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ဝဏ္ဏပ်ဟွပ်နဲ့အပိုပ်မဂရှုအောင်ဆိုးနေတဲ့ချောင်း ကွမ်းရှက်ပုံ ဆေးကောင်း
မြန်မာတိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အုံ့ ဩ လောက် အောင်အထူးပင် ဆေး စွမ်းထက်မြက်လှပါသည်။

များနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် ငန်းနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လုပစေပါသည်။




# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## နိုင်ငံခြားဖြစ်အရက်အမျိုးမျိုးတို့နှင့်စပ်လျဉ်း၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် အသိပေးကြေညာချက်

၁။ နိုင်ငံခြားဖြစ် အရက်အမျိုးမျိုးကို ပြည်တွင်းသို့ တရားဝင်တင်သွင်းရောင်းချနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၅-၅-၂၀၂၀ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀)ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်တွင်းသို့ နိုင်ငံခြားဖြစ်အရက်အမျိုးမျိုး တရားဝင်တင်သွင်းခွင့် ရရှိလာမည့် လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အတွင်း နိုင်ငံခြားဖြစ်အရက်များ တရားမဝင် တင်သွင်းရောင်းချနေသော လုပ်ငန်းရှင်များနှင့်ယှဉ်ပြိုင်ရောင်းချရာတွင် နစ်နာမှုမရှိစေရန် ပြည်တွင်းသို့ တရားမဝင် နည်းလမ်းအမျိုးမျိုးဖြင့် ရောက်ရှိနေသော နိုင်ငံခြားဖြစ်အရက်အမျိုးမျိုးတို့ကို ကျသင့်အခွန်အကောက်များ ပေးဆောင်စေပြီး A1 အမှတ်အသား(ခြသေ့်) အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ပေးမည်ဖြစ်ပါသည်။ အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ လုပ်ငန်းစီမံချက်အား One Stop Service (OSS) စနစ်ဖြင့် ၁-၉-၂၀၂၀ ရက်မှ ၃၀-၉-၂၀၂၀ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ဤစီမံချက်သည် မိမိလက်ဝယ်တွင်ရှိနေသော တရားမဝင်အရက်အမျိုးမျိုးကို တရားဝင်ဖြစ်စေရန် ဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် ကြေညာလွှာတင်သွင်းရမည့်ကာလကို ၂၁-၈-၂၀၂၀ ရက်မှ ၂၈-၈-၂၀၂၀ ရက်အတွင်း သတ်မှတ်ပါသည်။ အဆိုပါ ကာလအတွင်း လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ အချိန်မီကြေညာလွှာတင်သွင်းရမည်ဖြစ်ပါသည်။

၄။ စီမံချက်ကာလအတွင်း ထပ်မံရောက်ရှိလာနိုင်သည့် တရားမဝင်အရက်အမျိုးမျိုးကို ကာကွယ်တားဆီးနိုင်ရန် ကြေညာလွှာနောက်ဆုံးတင်သွင်းရမည့် ၂၈-၈-၂၀၂၀ ရက်နောက်ပိုင်း တင်ပြလာသည့် ကြေညာလွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်သည့်အပြင် ကြေညာလွှာတင်သွင်းခြင်းမပြုဘဲ စီမံချက်ကာလအတွင်းတရားမဝင်အရက်များ ရောင်းချနေကြောင်း တွေ့ရှိပါကလည်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါသည်။

၅။ စီမံချက်ကာလကုန်ဆုံးပြီးနောက် ၁-၁၀-၂၀၂၀ ရက်မှစ၍ တရားဝင် အခွန်အမှတ် တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော နိုင်ငံခြားအရက်အမျိုးမျိုးကို လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လက်လီလက်ကား ရောင်းချခြင်းများအပေါ် အထူးကုန်စည်ခွန်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ကေတုမတီစက်မှုဥယျာဉ်မြို့တော်စီမံကိန်းနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားဖိတ်ကြားခြင်း

၁။ Kaytumati Development Public Co.,Ltd. ၏ ကေတုမတီစက်မှုဥယျာဉ်မြို့တော်စီမံကိန်းကို ပဲခူးတိုင်း ဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ နေပူကုန်းကျေးရွာအုပ်စုနှင့် မြောက်ရေကြည်ကျေးရွာအုပ်စု အနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်း၏ စီမံကိန်းဆိုင်ရာအချက်အလက်များ ၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ငန်းစဉ်၊ စီမံကိန်းသက်ရောက်မည့် ဧရိယာ တစ်ခုလုံးကို စစ်တမ်းကောက်ယူခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ Covid-19 ကာလ (EIA) စီမံကိန်းလုပ်ငန်းများလိုက်နာဆောင်ရွက်ရမည့်တွေ့ဆုံဆွေးနွေးပွဲအစီအစဉ်များအတိုင်း ကျင်းပသွားမည် ဖြစ်ပါကြောင်းလေးစားစွာ အသိပေးအပ်ပါသည်-

(၁) နေ့ရက် - ၄ . ၉ . ၂၀၂၀ (သောကြာနေ့)

(၂) အချိန် - နံနက် (၀၉ : ၀၀) နာရီမှ နေ့လည် (၁၂ : ၀၀) နာရီ

(၃) နေရာ - ကြက်မင်းညီနောင်ခန်းမ၊ တောင်ငူမြို့၊ တောင်ငူခရိုင်၊ ပဲခူးတိုင်းဒေသကြီး။

**Kaytumati Development Public Co., Ltd.**

**ဖောင်းကြွပျောက် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်4F/5028၏ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွှာသာကြီး)




**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၄၇ယ/၉၃၈၆၈ Honda Waver 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုးဦး ၁၄/ဟသတ(နိုင်)၃၀၃၅၁၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2P/7572 MITSUBISHI FUSO L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဒူလ်ပါရာဆပ် ၁၃/နခတ(နိုင်)၀၅၀၈၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ပွဲတော်အုပ်
ဆန်ဆိုင်
အရောက်ပို့
☎:01512443, 0973017656, 095055574

### တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ တကောကနုတ်ကျေးရွာအုပ်စု၊ တကောကနုတ် (အထက)၊ တက္ကသိုလ်ဝင်တန်းမှ မအိမြတ်မွန်၏ဖခင်ဦးမောင်အေးနှင့် ဦးအေးလှမင်း ၇/ကဝန(နိုင်)၁၅၉၈၅၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/1178 Toyota Corolla CE107 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြိုင် ၅/ဆလက(နိုင်)၀၄၁၆၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြကိုင်းကျေးရွာနေ ဦးတင်ဆန်း ၁၂/ကတန(နိုင်)၀၄၀၂၉၉- ဒေါ်ချိုချိုဆန်း ၁၂/ကတန(နိုင်)၀၃၅၈၀၆ တို့၏သားဖြစ်သူ မောင်ကောင်းမြတ်သူ(ခ)ဖိုးကောင်း ၁၂/ကတန(နိုင်)၁၄၂၀၀၉သည် မိမိသဘောဆန္ဒအရ အိမ်ထောင်ပြုသွားသည့်အပြင် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လက်ခံဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် ဦးတင်ဆန်း- မိခင် ဒေါ်ချိုချိုဆန်း

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၃ယ/၄၉၄၀၂ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးသော်စိုး ၁၄/ဇလန(နိုင်)၁၁၆၅၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)

အောင်ကမ္ဘာ
ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၄ယ/၃၃၂၂၈ Honda wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးဗိုလ်ဗိုလ်ဟန် ၁၄/ဟသတ(နိုင်) ၁၉၉၇၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်(၅၇၄)၊ မြေဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၂၈-၅/၁၉၉၁-၉၂(စီ)အရ ဗိုလ်မှူးဒီပတ်အမည်ပေါက်ပြီး ၎င်းမှ (၄-၅-၁၉၉၃)ရက်တွင် ဦးထွန်းတင်သို့ စာချုပ် ချုပ်ဆိုရောင်းချထားပြီး ဦးထွန်းတင်ထံမှ (၁၅-၃-၂၀၀၅)ရက်တွင် အရောင်းအဝယ်စာချုပ်အမှတ် (၂၀၁၊/၂၀၀၅)ဖြင့် ဦးတုံဝမ်တာ ၁၃/လရန(နိုင်) ၀၈၄၉၃၀က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊အကွက်အမှတ်(စက်မှုလယ်ယာအရှေ့)၊ ဦးပိုင်(၂၄၄)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ကေရှိ ဂရန်အမှုတွဲအမှတ် ၁၃၃-၅/၂၀၁၁-၁၂(စီ)အရ ဦးထွန်းထွန်းဝင်း အမည်ပေါက်ပြီး ၎င်း၏ အထူး ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးစိုင်းမိန်းခမ်းထံမှ ၅-၂-၂၀၂၀ရက်တွင် အရောင်းအဝယ်စာချုပ် အမှတ်(၃၇၊/၂၀၂၀)ဖြင့် ဒေါ်စိုးစိုးဌေး ၁၃/လရန(နိုင်)၀၈၂၉၆၉ က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ မြေငှားဂရန်အမည်ပြောင်း ထပ်မံမသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း (၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၅ယ/၈၅၄၁၉ Canda 125 ယာဉ်လက်ဝယ်ရှိသူ ဦးဂျေထက်မြက် ၁၄/ကပန(နိုင်) ၁၅၄၅၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၆ယ/၃၅၃၃၆ Honda wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆွေဦး ၁၄/ဇလန(နိုင်) ၁၅၉၀၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)

### အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နေ ဦးမိုးမိုးထွန်း ၉/အမရ(နိုင်)၀၆၀၀၆၂ ကိုင်ဆောင်သူသည် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်နေ ဒေါ်မြင့်မြင့်ဇော်ပိုင်ဆိုင်သော 7G-9883 NISSAN WINGROADကားကို အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း ရောင်းချသူ ဒေါ်မြင့်မြင့်ဇော်မှ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ဇော် ၅/ရဘန(နိုင်)၀၃၅၀၇၇

### တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့ အထက(ခွဲ) အလက(၆) တက္ကသိုလ်ဝင်တန်းမှ မဝေမာဦး၏ဖခင် ဦးစိန်သန်း ၁၀/မလမ(နိုင်)၂၉၂၁၉၂နှင့် ဦးမောင်စိန်သန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မော်လမြိုင်မြို့ အထက(၁၂) တက္ကသိုလ်ဝင်တန်းမှ မရွှေကံပွင့်၏ဖခင်အမည်မှန်မှာ ဦးသိန်းထိုက်ဖြစ်ပါကြောင်း။

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

## သံလွင်မြစ်ကူးတံတား(တာဆန်း)ကြိုးတံတားတည်ဆောက်ခြင်းစီမံကိန်းအတွက် ဩစတြီးယားနိုင်ငံ UniCredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရို ၈ ဒသမ ၄ သန်း ရယူရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

နေပြည်တော် ဩဂုတ် ၂၄

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၂၀ - ၂၀၂၁ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော် နာယကဦးတီခွန်မြတ်က သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၏ သဘောထားမေးမြန်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

## ကယ်ဆယ်ရေးစခန်းများတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးအတွက် လိုက်နာရမည့် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း

(၂၄-၈-၂၀၂၀)ရက်နေ့

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေထိုင်ရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ပုံမှန်လုပ်ဆောင်ပေးလျက်ရှိပါသည်။ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရသူများတွင် လူဦးရေသိပ်သည်းစွာနေထိုင်ရသော ပြဿနာသည် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အကြီးမားဆုံး စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။

ကယ်ဆယ်ရေးစခန်းများရှိ နေထိုင်သူများတွင် COVID-19 ရောဂါဖြစ်ပွားပါက ပုံမှန်အခြေအနေထက် ထိန်းချုပ်နိုင်ရန်ခက်ခဲသောကြောင့် ရောဂါပြန့်ပွားမှုကို ထိရောက်စွာထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာကယ်ဆယ်ရေးစခန်း၏ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးအဖွဲ့များ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးပါသည်။ ရခိုင်ပြည်နယ်အတွင်း(၂၄-၈-၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းအထိ COVID- 19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၈၈)ဦးတွေ့ရှိခဲ့ရပြီး (၁၆-၈-၂၀၂၀)ရက်နေ့မှ (၂၄-၈-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းအထိ ဓာတ်ခွဲအတည်ပြုလူနာ (၇၂)ဦး တွေ့ရှိခဲ့ရသဖြင့် ကယ်ဆယ်ရေးစခန်းများတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွား ပျံ့နှံ့မှုမရှိစေရေးသည် လွန်စွာအရေးကြီးပါသည်။

ယခုတွေ့ရှိရသော COVID-19 ရောဂါ၊ ယခင် ရန်ကုန်တိုင်းဒေသကြီးအတွင်းနှင့်

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံ ဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ-၈

## ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၂၄

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

## ချန်ပီယံလိဂ်ဗိုလ်လုပွဲ ဘိုင်ယန်မြူးနစ်တို့ ပီအက်စ်ဂျီကို အနိုင်ယူပြီး ခြောက်ကြိမ်မြောက် ဖလားဆွတ်ခူး



ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၂၀၁၉-၂၀၂၀ ခုနှစ် ဗိုလ်လုပွဲကို ဩဂုတ် ၂၄ ရက် နံနက်က ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ ဘင်ဖီကာကွင်းကြီး၌ ပြင်သစ်ကလပ် ပီအက်စ်ဂျီနှင့် ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဖလားကို ခြောက်ကြိမ်မြောက် ဆွတ်ခူးခဲ့သည်။

ယနေ့ပွဲတွင် ကွင်းလယ်ဒိုင်အဖြစ် အီတလီနိုင်ငံသား ဒန်နီလီအော်ဆာတိုက တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပီအက်စ်ဂျီအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်အတွဲတွင် ဒီမာရီယာ၊ နေမာနှင့် အမ်ဘက်ပီတို့ ပွဲထွက်ခဲ့ကြသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် လီဝမ်ဒေါစကီးကို အထောင်ထားပြီး ပွဲထွက်ခဲ့သည်။ ဗိုလ်လုပွဲနှင့်အညီ ပွဲစစချင်းပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပြီး အပြန်အလှန် ဖိအားပေးမှုများပြုလုပ်ခဲ့ရာ

ချန်ပီယံလိဂ်ဗိုလ်စွဲသည့် ဘိုင်ယန်မြူးနစ်အသင်း အောင်ပွဲခံနေစဉ်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးရလဒ်များမပေါ်ခဲ့ပေ။ ဒုတိယပိုင်း ၅၉ မိနစ်တွင် ကင်မစ်ချ် ဖြတ်တင်ဘောကို တောင်ပံကစားသမား ကိုးမန်းက ခေါင်းတိုက်သွင်းယူခဲ့ရာ ဘိုင်ယန်မြူးနစ်တို့ တစ်လုံးတည်းသော အဖိုးတန်ဂိုးရရှိခဲ့သည်။

ယင်းပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ် အတွေ့အကြုံရင့်သည့်အသင်းဖြစ်ကာ ဘောလုံးပိုင်ဆိုင်မှုကို အရယူပြီး ပွဲကို ထိန်းကစားနိုင်ခဲ့ရာ ဂိုးကန်သွင်းခွင့် ၁၂ ကြိမ် အထိရရှိခဲ့ပြီး နှစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် ဂိုးကန်သွင်းခွင့် ၁၀ ကြိမ် ရရှိခဲ့ပြီး သုံးကြိမ် ဂိုးပေါက်ခြိမ်းခြောက်

*စာမျက်နှာ ၂၅ ကော်လံ ၅* ●